# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့။ Sunday, 21 May 2017 (၈၉၃၁)


ငွေကြေးအရင်းအနှီးလိုအပ်သူ စီးပွားရေးလုပ်ကိုင်သူများ မြန်မာ့စီးပွားရေးဘဏ်တွင် ချေးငွေများရယူနိုင်

စာမျက်နှာ » ၂

မန္တလေး အလုပ်အကိုင်ပြပွဲ ကျင်းပမည်

စာမျက်နှာ » ၅

(၅)ကြိမ်မြောက်ဖွင့်လှစ်မည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များတွင် ဖွင့်လှစ်မည့်အကြိမ်ရေနှင့် ရက်စွဲမပါရှိသောအရန်ထီများ ရောင်းချခြင်းမပြုတော့

စာမျက်နှာ » ၁၁

# စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တရားမဝင်ကုန်သွယ်မှုကို ထိန်းချုပ်လျက်ရှိသကဲ့သို့ ဖမ်းဆီးအရေးယူဆောင်ရွက်နေ

**တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမိသော ငွေအပေါ် ပြည်ထောင်စုရန်ပုံငွေအဖြစ် ၅၀ ရာခိုင်နှုန်း၊ သတင်းပေးသူအား ၂၀ ရာခိုင်နှုန်းနှင့် စုံစမ်းဖမ်းဆီးသည့် အဖွဲ့အစည်းများအား ၃၀ ရာခိုင်နှုန်းအဖြစ် ဆုကြေးသတ်မှတ်...**



ဒုတိယသမ္မတ ဦးမြင့်ဆွေ
(ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ)

**နေပြည်တော် မေ ၂၀**

လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရန်နှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝန်ကြီးဌာနအသီးသီးမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆဋ္ဌမအကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်တွေ့ဆုံဆွေးနွေးခဲ့ရာ ယခုဆိုလျှင် (၆)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲ၌ ဆုံးဖြတ်ချက် (၂၇)ချက်၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးပွဲ၌ ဆုံးဖြတ်ချက် (၁၁)ချက်၊ ဖေဖော်ဝါရီလတွင် တတိယအကြိမ်တွေ့ဆုံဆွေးနွေးပွဲ၌ ဆုံးဖြတ်ချက်(၁၆)ချက်၊ မတ်လတွင် စတုတ္ထအကြိမ်တွေ့ဆုံဆွေးနွေးပွဲ၌ ဆုံးဖြတ်ချက် (၁၁) ချက်နှင့် ဧပြီလတွင် ပဉ္စမအကြိမ် တွေ့ဆုံဆွေးနွေးပွဲ၌ ဆုံးဖြတ်ချက် (၁၈)ချက် စုစုပေါင်း (၈၃)ချက်ကို ချမှတ်ခဲ့ကြောင်း။

အဆိုပါတင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် လုပ်ငန်းကော်မတီများက ဆက်လက်ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ၇၅ ချက် ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ဆောင်ရွက်ရန် ကျန်ရှိချက်မှာလည်း အချိန်ယူဆောင်ရွက်ရမည့် အချက်များနှင့် ဥပဒေနှင့်သက်ဆိုင်သည့်အချက်များဖြစ်ပြီး အမြန်ပြီးစီးရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

# အရှေ့တောင်အာရှရေနံပိုက်လိုင်းမှ ရေနံစိမ်းများ စတင်ပို့လွှတ်

## ရေနံစိမ်းဖြတ်သန်းခြင်းအတွက် တစ်နှစ်လျှင် ကန်ဒေါ်လာ ခြောက်သန်းကျော်ရရှိမည်

**နေပြည်တော် မေ ၂၀**

အရှေ့တောင်အာရှ ရေနံပိုက်လိုင်းစီမံကိန်းသည် မေ ၂ ရက်မှစတင်၍ အရှည် ၇၇၁ ကီလိုမီတာနှင့် အချင်း ၃၂ လက်မရှိ ပိုက်လိုင်းဖြင့် မဒဲကျွန်းရေနံဆိပ်ကမ်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မောင်းနှင်ပို့လွှတ်ခဲ့ရာ မေ ၁၉ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နယ်စပ်ရှိ နမ့်ခမ်းတိုင်းတာရေးစခန်းသို့ ရေနံစိမ်းများ ဖြတ်သန်းရောက်ရှိကြောင်း သိရသည်။

ယင်းစီမံကိန်းသည် နှစ်စဉ် ရေနံစိမ်းတန်ချိန် ၂၂ သန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပို့လွှတ်နိုင်မည်ဖြစ်သည်။ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပိုက်လိုင်းအတွင်း ရေနံစိမ်းဖြတ်သန်းခြင်းအတွက် မက်ထရစ်တန်တစ်တန်လျှင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖




မဒဲကျွန်းရေနက်ဆိပ်ကမ်းနှင့် ရေနံစိမ်းသိုလှောင်ကန်များကို Google Map မှ တွေ့ရစဉ်။




ကြေးမုံ

# အနာဂတ်လူ့ဘောင်အတွက် လူငယ်များ

လူငယ်များကို အနာဂတ်၏ခေါင်းဆောင်များ၊ အနာဂတ်၏ သားကောင်းများအဖြစ် ဂုဏ်တင်ပြောဆိုလေ့ရှိကြပါသည်။

အမှန်တကယ်လည်း လူငယ်များဆိုသည်မှာ အနာဂတ်ကို ပိုင်စိုးသူများ၊ နိုင်ငံ၏အနာဂတ်ကို ဖန်တီးတည်ဆောက်ကြမည့် သူများ ဖြစ်ကြပါသည်။ ထို့ကြောင့် နောင်ဝယ်လူကြီးဖြစ်လာမည့် ယနေ့လူငယ်များကို တန်ဖိုးထားကြဖို့လိုပါသည်။

လူငယ်များမှာ အခြေခံအားဖြင့် အမှန်တရားကို မြတ်နိုးတတ်သည့် စိတ်ဓာတ်၊ ကိုယ်ကျိုးကို ပဓာနမထားဘဲ အများအတွက် စွမ်းဆောင်ချင်သည့် စိတ်ဓာတ်၊ မဟုတ်မတရားတာကို မလုပ်လိုသည့်စိတ်ဓာတ်၊ မတရားမှုကို ခေါင်းငုံ့မခံချင်သည့်စိတ်ဓာတ် စသည်တို့က အပြည့်ဖြစ်ပါ၏။

ဒီလို လေးစားအပ်သည့် စိတ်ဓာတ်များကို ထိန်းသိမ်းကာ ရပ်တည်ဆောင်ရွက်တတ်သော လူငယ်များ၏ ရှေ့ဆောင်လှုပ်ရှားမှုများကို မြန်မာ့သမိုင်းတစ်လျှောက် အကြိမ်ကြိမ်တွေ့ခဲ့ကြဖူးပြီး ဖြစ်ပါသည်။ နယ်ချဲ့ဆန့်ကျင်ရေးခေတ်ဦးကစ၍ အရေးအပါဆုံးသော အပြောင်းအလဲများအားလုံးတွင် လူငယ်များ ရှေ့တန်းက ဦးဆောင်ပါဝင်ခဲ့သည်ကို အလေးဂရုပြုဖို့ လိုပါလိမ့်မည်။

ဗြိတိသျှနယ်ချဲ့တို့ လှုပ်ရှားထိတ်လန့်သွားခဲ့ရသော ၁၉၂၀ ပထမကျောင်းသားသပိတ်၊ ၁၉၃၆ ဒုတိယကျောင်းသားသပိတ် စသည်တို့နှင့်အတူ အမျိုးသားလွတ်မြောက်ရေး စိတ်ဓာတ်များနှင့် အတူ လူငယ်ခေါင်းဆောင်များ ပေါ်ထွန်းလာခဲ့ပြီး မြန်မာ့လွတ်လပ်ရေးပန်းတိုင်ဆီသို့ ထိုလူငယ်တို့ကပဲ ဦးဆောင်မောင်းနှင်သွားခဲ့ကြတာ ဖြစ်ပါသည်။

နယ်ချဲ့လက်အောက်၊ ဖက်ဆစ်လက်အောက် စသည့် ဖိနှိပ်မှုအမျိုးမျိုးတို့အောက်မှာ နိုင်ငံရေး ထုသားပေသားကျပြီး ရင့်ကျက်ခဲ့သော မြန်မာပြည်သူလူထုကြီးကလည်း မိမိတို့၏ ရင်သွေးများဖြစ်သော ကျောင်းသားလူငယ်များ၏ ခေါင်းဆောင်မှုနောက်ကို တက်တက်ကြွကြွလိုက်ပါကာ လွတ်လပ်ရေးရသည်အထိ တိုက်ပွဲဝင်ခဲ့ကြခြင်းဖြင့် လွတ်လပ်ရေးပန်းတိုင်သို့ ရောက်ခဲ့ကြပါသည်။

လူငယ်တို့၏ ရဲရင့်မှု၊ စွန့်စားမှု၊ အများသူငါအတွက် အနစ်နာခံလိုမှု စသည့်စွမ်းရည်တို့မှာ ငြိမ်းချမ်းသာယာ တိုးတက်သော အနာဂတ်မြန်မာနိုင်ငံကို တည်ထောင်ရာ၌ အားထားရမည့် အင်အားများ ဖြစ်ပေသည်။

မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ အာဏာရှင်အမျိုးမျိုးတို့၏ ဖိနှိပ်မှု၊ မတရားပြုလုပ်ခဲ့မှုများကြောင့် လူသားအရင်းအမြစ်များ များစွာ ပြုန်းတီးပွန်းပဲ့ခဲ့ကြရသည်။ အဘက်ဘက်မှာ ချွတ်ခြုံကျခဲ့သော နိုင်ငံဖြစ်သည့်အတွက် အခြေခံပညာရေးစနစ် အားနည်းခဲ့၊ အခြေခံပြည်သူ့ကျန်းမာရေးစနစ် ယိုယွင်းခဲ့၊ အခြေခံလူမှုပြုပြင်ပြောင်းလဲရေးတို့ ချည့်နဲ့ခဲ့ရာ တိုင်းပြည်က အားကိုးရမည့် ဒေါင်ဒေါင်မြည် နိုင်ငံသားတို့ များစွာပြုစုပျိုးထောင်ကြရန် လိုအပ်မည်ဟု ထင်မြင်ပါသည်။

အနာဂတ်အတွက် အားကိုးအားထားပြုရမည့် လူသားအရင်းအမြစ်များအဖြစ် ကျွန်ုပ်တို့၏ လူငယ်များကို ရုပ်ပိုင်း၊ စိတ်ပိုင်း၊ စာရိတ္တပိုင်း ဘက်စုံတို့တွင် စွမ်းရည်တိုးတက်မြင့်မားနေအောင် ပြုစုပျိုးထောင်ရန် အထူးတလည်လိုအပ်သည်ဟု ယူဆပါသည်။

ကျန်းမာသန်စွမ်းသော၊ ပညာထက်မြက်ထူးချွန်သော၊ စာရိတ္တခိုင်မာမှန်ကန်သော၊ အတွေးအခေါ် ရင့်ကျက်စူးရှသော၊ ကြင်နာတတ်၊ မေတ္တာထားတတ်၊ နားလည်စာနာတတ်သော မြန်မာလူငယ်တို့ အင်နှင့်အားနှင့် ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင် မွေးမြူလေ့ကျင့်ပေးရန်မှာ ယနေ့ လူကြီးတို့၏ ပခုံးပေါ်သို့ ကျရောက်နေသည့် တာဝန်ကြီးတစ်ခုဖြစ်သည်ဟု နှိုးဆော်လိုပါကြောင်း။ ။




# သီလဝါဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဂျပန်သံရုံးမှ Deputy Chief of Missio, Mr. Ichiro Maruyama၊ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ Chief Representative, Mr. Masayuki Karasawa နှင့်အဖွဲ့အား ယမန်နေ့နံနက် ၁၀ နာရီတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်တွေ့ခန်း၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဂျပန်နိုင်ငံ တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Loan)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်(၁)ကို ၂၀၂၀ ခုနှစ်နှင့် စီမံကိန်း အဆင့်(၂)ကို ၂၀၂၃ ခုနှစ် မတိုင်မီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ Diesel Electric Multiple Unit (DEMU) တွဲဆိုင်းဝယ်ယူရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ရန်ကုန်မြို့ပတ်ရထားစီမံကိန်း၊ မန္တလေးဆိပ်ကမ်းတည်ဆောက်ရေး၊ သီလဝါဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငွေကြေးအရင်းအနှီးလိုအပ်သူ စီးပွားရေးလုပ်ကိုင်သူများ မြန်မာ့စီးပွားရေးဘဏ်တွင် ချေးငွေများရယူနိုင်

**နေပြည်တော် မေ ၂၀**

မြန်မာ့စီးပွားရေးဘဏ်သည် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းနှင့် ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိသော နိုင်ငံပိုင်ဘဏ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် အသေးစားစီးပွားရေးလုပ်ငန်းများ၊ သွင်းကုန်အစားထိုးကုန်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပို့ကုန်တိုးမြှင့်ထုတ်လုပ်ရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ဆောက်လုပ်ရေးနှင့် အခြားလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများတွင် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းလုပ်ကိုင်သူများသည် မြန်မာ့စီးပွားရေးဘဏ်တွင် ရွှေ့ပြောင်းနိုင်သောပစ္စည်း (စက်ကိရိယာယန္တရား)၊ မရွှေ့ပြောင်းနိုင်သောပစ္စည်း(မြေနှင့် အဆောက်အအုံ)တို့ကို အာမခံထား၍ မိမိတို့လုပ်ငန်းများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ရယူနိုင်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများအတွက် လှည့်ပတ်ရင်းနှီးငွေ (Working Capital)အဖြစ် နှစ်ချင်းဆပ်ချေးငွေကိုလည်းကောင်း၊ ပုံသေရင်းနှီးငွေ(Fixed Capital)အဖြစ် နှစ်လတ်၊ နှစ်ရှည်ချေးငွေများကိုလည်းကောင်း ရယူနိုင်ကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

**(သတင်းစဉ်)**

# ဒိုက်ဦးမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် ဆုပေးပွဲ ကျင်းပ

**ဒိုက်ဦး မေ ၂၀**

မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို မေ ၁၆ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးရုံး၌ ကျင်းပရာ ဒိုက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်နှင့် ပဲခူးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သိန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း စံပြကျေးရွာရွေးချယ်မှု စည်းမျဉ်း စည်းကမ်းများအား ရှင်းလင်းပြောကြားပြီး စံပြကျေးရွာဆုရရှိသော ကမာဖရုံကျေးရွာအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကလည်းကောင်း၊ စာရင်းဇယားကောင်းမွန်ဆုရရှိသော လက်ပံသုံးခွကျေးရွာအား တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်က လည်းကောင်း၊ စည်းလုံးညီညွတ်မှုရရှိမှုဆုရရှိသော သရက်တောကျေးရွာအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-ဦးစီးမှူး ဦးအေးဟန်တို့က ဆုများပေးအပ်ပြီး ကျေးရွာ ၂၀ အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်**(IPRD)

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မူလတန်းသင်ရိုးသစ် ဆင့်ပွားသင်တန်းဖွင့်ပွဲ ထီးချိုင့်မြို့နယ်၌ ကျင်းပ

**ထီးချိုင့် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ပညာရေးဌာန၏ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ် မူလတန်းသင်ရိုးသစ် (ပထမတန်း) ဆင့်ပွားသင်တန်းဖွင့်ပွဲကို မေလ ဒုတိယပတ်က ထီးချိုင့်မြို့ အခြေခံပညာအထက်တန်းကျောင်း သခင်မြမောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ယခုသင်တန်းမှာ အချိန်ကာလတိုသော်လည်း မိမိကျောင်းပြန်ရောက်သည့်အခါတွင် ကလေးများကို သင်ကြားသည့်နေရာ၌ အခက်အခဲမရှိစေရေး ဂရုတစိုက်လေ့လာပြီး အောင်မြင်အောင် သင်ကြားပေးကြရန်လိုကြောင်း ပြောကြားပြီး သင်တန်းမှူး ဒုတိယမြို့နယ်ပညာရေးမှူး ဦးမိုးဟိန်းက သင်တန်းစည်းကမ်းများနှင့် သင်ကြားပို့ချမည့် ဘာသာရပ်အလိုက် ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းသို့ အုပ်ချုပ်/ကြီးကြပ်သူ ခြောက်ဦး၊ သင်တန်းနည်းပြ ၂၀၊ သင်တန်းသား သင်တန်းသူ ၃၈၄ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ၁၄ ရက် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း
ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်
ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း
ဦးအဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်
ဦးသက်ဆွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊
ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့
themirror.npt@gmail.com
www.facebook.com/themirrordaily

# ပြည်သူနှင့်အတူ

**❂ ရွှေဖုံးမှ**

နိုင်ငံတော်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ အဓိကအချက်ဖြစ်သည့် တရားမဝင်ကုန်သွယ်မှုကို ထိန်းချုပ်ရန် ထိထိရောက်ရောက် ဆောင်ရွက်နေကြောင်း၊ နယ်စပ်ကုန်သွယ်ရေးဂိတ်များတွင် တရားမဝင်ကုန်သွယ်မှုများကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တရားမဝင်ပစ္စည်းများကို ဖမ်းဆီးရမိလျှင် ယခင်က ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး ထုခွဲရောင်းချ၍ ရရှိသောငွေအပေါ် ပြည်ထောင်စုရန်ပုံငွေအဖြစ် ၈၀ ရာခိုင်နှုန်း၊ သတင်းပေးသူအား ၁၀ ရာခိုင်နှုန်းနှင့် စုံစမ်းဖမ်းဆီးသည့်အဖွဲ့အစည်းများကို ၁၀ ရာခိုင်နှုန်း ဆုငွေအဖြစ် ချီးမြှင့်ခဲ့သော်လည်း ယခုအချိန်တွင် ရရှိသောငွေအပေါ် ပြည်ထောင်စုရန်ပုံငွေအဖြစ် ၅၀ ရာခိုင်နှုန်း၊ သတင်းပေးသူအား ၂၀ ရာခိုင်နှုန်းနှင့် စုံစမ်းဖမ်းဆီးသည့်အဖွဲ့အစည်းများအား ၃၀ ရာခိုင်နှုန်းအဖြစ် ဆုကြေးငွေအားပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တရားမဝင်ပစ္စည်းများကို ဖမ်းဆီးရမိလျှင် ယခင်ကပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး ထုခွဲရောင်းချ၍ ရရှိသောငွေအပေါ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ၅၀ ရာခိုင်နှုန်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ၃၀ ရာခိုင်နှုန်း၊ သတင်းပေးသူအား ဆုချီးမြှင့်ငွေ ၁၀ ရာခိုင်နှုန်းနှင့် စုံစမ်းရှာဖွေဖမ်းဆီးသည့်အဖွဲ့အား ဆုငွေ ၁၀ ရာခိုင်နှုန်း သတ်မှတ်ခဲ့သော်လည်း ယခုအချိန်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ၃၀ ရာခိုင်နှုန်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ၂၀ ရာခိုင်နှုန်း၊ သတင်းပေးသူအား ဆုချီးမြှင့်ငွေ ၂၀ ရာခိုင်နှုန်းနှင့် စုံစမ်းရှာဖွေဖမ်းဆီးသည့်အဖွဲ့အား ဆုငွေ ၃၀ ရာခိုင်နှုန်း ပြောင်းလဲသတ်မှတ်ပေးခဲ့ပါကြောင်း။

ချီးမြှင့်ငွေများတိုးမြှင့် သတ်မှတ်ပေးထားခြင်းကြောင့် ဖမ်းဆီးဆောင်ရွက်နေသူများအနေဖြင့် ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိရောက်မှုရှိစေရန် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) စစ်ဆေးမှုများကို ယခင်ကထက်လျင်မြန်တိကျစွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ၏ ကဏ္ဍအလိုက်တင်ပြချက်များနှင့် အကြံပြုချက်များကိုလည်း သက်ဆိုင်ရာက အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်များ၏ အခက်အခဲများကို ထိထိရောက်ရောက် ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဖွဲ့စည်းပြီး ယင်းအောက်တွင် အထောက်အကူပြု လုပ်ငန်းကော်မတီငါးရပ်ကို ဖွဲ့စည်းထားရှိကာ ထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ (၁၂) ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သော Data ID Card System Digital Government Strategy နှင့် E-Government System များ ထူထောင်ရန်အကောင်အထည်ဖော်မှုကိုလည်း အားပေးမြှင့်တင်နေပါကြောင်း၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များ၊ ကွန်ပျူတာလုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ သို့မှသာနိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

လုပ်ငန်းကော်မတီများ၏ ကြိုးပမ်းမှုကြောင့် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း ( Year on Year Inflation)မှာ ပြီးခဲ့သည့် မတ်လက ငွေကြေးဖောင်းပွမှုနှုန်း ၇ ရာခိုင်နှုန်းရှိရာမှ ဧပြီလ၌ ၄ ဒသမ ၇၄ ရာခိုင်နှုန်းသို့ လျော့ကျခဲ့ကြောင်း၊ ယခုထက်ငွေကြေးဖောင်းပွမှုကျဆင်းရေးကို ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းတို့က ဝန်ကြီးဌာနအလိုက်လုပ်ငန်းဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးက ကူညီပံ့ပိုးပေးနေမှုနှင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (SME၊ စာရေးကိရိယာ)၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း(တတိယပိုင်း) စီမံကိန်းမိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် မေ ၂၀**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း (တတိယပိုင်း)သည် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ပြင်ဆင်ခြင်း၊ နိုင်ငံတကာစံညွှန်းနှင့်အညီ ရှေးဟောင်းသုတေသနနေရာဒေသနှင့် အဆောက်အအုံပိုင်းထိန်းသိမ်းစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်မြှင့်တင်မှုတည်ဆောက်ခြင်းတို့အတွက် ဆက်လက်ပံ့ပိုးပေးနိုင်မည်ဟု ယုံကြည်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောသည်။

ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ကျင်းပသည့် အီတလီနိုင်ငံအစိုးရ၏ ငွေကြေးအထောက်အပံ့ဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ယူနက်စကိုတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း (တတိယပိုင်း)စီမံကိန်း မိတ်ဆက်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲထိန်းသိမ်းရေးတို့နှင့်ပတ်သက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ လိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်ပေးမည့်စီမံကိန်းဖြစ်ကြောင်း၊ အမျိုးသားအဆင့် အစီအစဉ်များနှင့်အညီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ချမှတ်ထားသည့် လုပ်ငန်းစဉ်များ အောင်မြင်မှုရရှိအောင် အကူအညီပေးမည်ဖြစ်ကြောင်း၊ ပုဂံဒေသသည် ကမ္ဘာတွင်ထင်ရှားသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုဖြစ်ပြီး နိုင်ငံတကာခရီးသွားအများဆုံးလာရောက်လေ့ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပုဂံငလျင် တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စိတ်အားထက်သန်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယူနက်စကို ကျွမ်းကျင်သူများ၊ ပုဂံဒေသအာဏာပိုင်များ ပူးပေါင်း၍ နိုင်ငံတကာစံညွှန်းများနှင့်အညီ ဆန်းစစ်ခြင်းနှင့် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E. Mr. Pier Giorgio Aliberti က မြန်မာနိုင်ငံသည် အဖိုးတန်ရှေးဟောင်းအမွေအနှစ်များ၊ သမိုင်းအမွေအနှစ်ဆိုင်ရာ အဆောက်အအုံများ များစွာပိုင်ဆိုင်ကြောင်း၊ ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် အနာဂတ်မျိုးဆက်သစ်များအတွက် အကျိုးရှိလိမ့်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အီတလီနိုင်ငံတို့၏ တူညီသောအဓိကရည်မှန်းချက်မှာ ယဉ်ကျေးမှုဆိုင်ရာထိန်းသိမ်းစောင့်ရှောက်ခြင်းစီမံကိန်းအား ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ အီတလီနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှု သမိုင်းအမွေအနှစ်များ စောင့်ရှောက်ခြင်းကို အလေးထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ယခုထက် ပိုမိုအောင်မြင်ရန် ပူးပေါင်းဆောင်ရွက်သွားမည့်အပြင် စဉ်ဆက်မပြတ်အထောက်အပံ့များပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ယူနက်စကိုမြန်မာကိုယ်စားလှယ် Ms. Min Jeong Kim က မြန်မာနိုင်ငံရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် ယူနက်စကိုမှ Junior Professional Officer, Mr. Michele Romono တို့က မြန်မာနိုင်ငံရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှုအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။



ထို့နောက် အီတလီနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး ကိုယ်စားလှယ်အဖွဲ့ ဒါရိုက်တာ Mr. Maurizio Di Calisto က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယူနက်စကို၏ ကြီးကြပ်မှု၊ အီတလီနိုင်ငံ၏ ရန်ပုံငွေထောက်ပံ့မှုနှင့် မြန်မာနိုင်ငံ၌ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း(ပထမပိုင်း)ကို ၂၀၁၂ ခုနှစ်တွင် စတင်ခဲ့ကြောင်းသိရသည်။

စီမံကိန်း(ပထမပိုင်း)၌ ထိန်းသိမ်းရေးဆိုင်ရာ ဝန်ထမ်းများအား ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု အရည်အသွေးမြင့်မားလာစေရန်အတွက် အဆင့်မြင့်နည်းပညာဖြစ်သော ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ် (GIS) လက်တွေ့သင်ကြားခြင်း အစီအစဉ်များကို အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့သည်။

စီမံကိန်း(ဒုတိယပိုင်း)တွင် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးအတွက် အရည်အသွေးမြှင့်တင်မှု (ပထမပိုင်း)၏အောင်မြင်မှုများကို ပို၍အားဖြည့်ပေးခဲ့သည့်အပြင် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် အမည်စာရင်းတင်သွင်းရေးအတွက် အခြေခံကျသည့် လုပ်ငန်းများကိုလည်း ထောက်ပံ့ပေးနိုင်ခဲ့ကြောင်းသိရသည် ။

မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘာ့အမွေအနှစ်ဒေသဖြစ်သည့် ပျူမြို့ဟောင်းသုံးမြို့အတွက် ဦးစားပေးစီမံခန့်ခွဲဆောင်ရွက်မှုအစီအစဉ်ကိုလည်း စီမံကိန်း(တတိယပိုင်း)က ဆက်လက်ဆောင်ရွက်နိုင်ရန် ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ မြတ်စန္ဒီ**
**ဓာတ်ပုံ - လှမိုး**

**❖ အရှေ့တောင်အာရှမှ**

အမေရိကန် တစ်ဒေါ်လာနှုန်းနှင့် ပိုက်လိုင်းဖြတ်သန်းတည်ဆောက်ခြင်းအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၀၅ သန်း ရရှိမည်ဖြစ်သည်။ ထို့အပြင် ရေနံစိမ်းပို့ဆောင်ခအဖြစ် မက်ထရစ်တန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၅၆ ကိုထည့်ဝင်ရှယ်ယာအချိုးအစားအတိုင်း ခွဲဝေရရှိမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်းအပြင် ပိုက်လိုင်းဖြတ်သန်းရာဒေသများအတွက် လူမှုစီးပွားအကျိုးပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

မိုးပေါ်ကရေ မြေပေါ်ကတော
မိုးရေကို ငွေလိုစု ရွှေဥတဲ့တော

# သမ္မတထရန့်၏ ပထမဆုံးအကြိမ် နိုင်ငံခြားခရီးစဉ် စတင်

**ဝါရှင်တန် မေ ၂၀**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်သည် သမ္မတရာထူးတာဝန်များ စတင်ထမ်းရွက်သည့် အချိန်မှစပြီး ပထမဆုံးအကြိမ် နိုင်ငံခြားခရီးစဉ်အဖြစ် ဆော်ဒီအာရေဗျ၊ အစ္စရေး၊ ဗာတီကန်၊ ဘယ်လ်ဂျီယံနှင့် အီတလီနိုင်ငံများသို့ စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံခြားခရီးစဉ်များ မစတင်မီ သမ္မတထရန့်က သူ၏ တွစ်တာစာမျက်နှာတွင် ခရီးစဉ်များအတွက် အဆင်သင့်ဖြစ်နေကြောင်းနှင့် အမေရိကန်၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အစွမ်းကုန်ကြိုးပမ်းမည်ဖြစ်ကြောင်း ရေးသားထားသည်။

ပထမဆုံးသွားရောက်မည့်နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျတွင် ဘုရင်ဆာလ်မန် ဘင်အဗ္ဗဒူလာဇစ်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။ ထို့ပြင် အစ္စလာမ့်နိုင်ငံ့ခေါင်းဆောင်များ တက်ရောက်ကြမည့် နိုင်ငံတကာအစည်းအဝေးတွင် မိန့်ခွန်းတစ်ရပ်ပြောကြားမည်ဖြစ်ကြောင်း သိရသည်။

ခရီးတစ်ထောက်နားမည့် အစ္စရေးနိုင်ငံတွင် အစ္စရေးနှင့်ပါလက်စတိုင်း နိုင်ငံတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြန်လည်ကျင်းပနိုင်ရေးအတွက် နိုင်ငံ့ခေါင်းဆောင်များအား တိုက်တွန်းပြောကြားမည်ဖြစ်သည်။

၁၉၈၁ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သော အမေရိကန်သမ္မတ ရော်နယ်ရီဂင်လက်ထက်မှစပြီး သမ္မတအဆက်ဆက်သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ကနေဒါနှင့် မက္ကဆီကိုနိုင်ငံများသို့ ပထမဆုံးအကြိမ် နိုင်ငံခြားခရီးစဉ်အဖြစ် သွားရောက်ကြသည်။ သမ္မတထရန့်ကမူ အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ပထမဆုံးအကြိမ်သွားရောက်ခဲ့ခြင်းဖြစ်သည့်အတွက် ရှေးအစဉ်အလာကို ဖောက်ဖျက်ခဲ့ပြီဖြစ်သည်။

သမ္မတထရန့်၏ အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ခရီးစဉ်စတင်သွားရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ အရှေ့အလယ်ပိုင်းရှိ မဟာမိတ်နိုင်ငံများနှင့် ဆက်ဆံရေးကို ပြန်လည်နွေးထွေးမှုရှိစေရန်ဖြစ်ကြောင်း သိရသည်။ သမ္မတအိုဘားမားလက်ထက်တွင် အမေရိကန်နိုင်ငံနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ၏ ဆက်ဆံရေးသည် အနည်းငယ်အေးစက်ခဲ့သည်။

သမ္မတထရန့်၏ ပထမဆုံးသော နိုင်ငံခြားခရီးစဉ်ကို နိုင်ငံရေး စောင့်ကြည့်လေ့လာသူများက စောင့်ကြည့်လျက်ရှိသည်။ အမေရိကန်နိုင်ငံအတွင်းတွင်လည်း သမ္မတရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ရုရှားနိုင်ငံက ပါဝင်ပတ်သက်မှုရှိ၊ မရှိ ကိုမူ စုံစမ်းစစ်ဆေးလျက်ရှိသည်။

သမ္မတထရန့်အနေဖြင့် ယခုခရီးစဉ်မှ အမေရိကန်၏ အကျိုးစီးပွားအတွက် များစွာကူညီထောက်ပံ့မှုများ ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**





# အင်ဒိုနီးရှားတွင် ကူးတို့ရေယာဉ်မီးလောင်၊ ငါးဦးသေဆုံးပြီး ၁၀၀ ကျော် ကယ်တင်နိုင်ခဲ့

**ဂျကာတာ မေ ၂၀**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း အရှေ့ဂျာဗားပြည်နယ်ကမ်းလွန်တွင် မေ ၁၉ ရက် ညနေပိုင်းက ကူးတို့ရေယာဉ်တစ်စင်း မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ရေယာဉ်ပေါ်ပါ လူ ၁၀၀ ကျော်အား ကယ်တင်နိုင်ခဲ့ပြီး လူငါးဦးမှာ သေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေးသမားများက ယနေ့ပြောကြားသည်။

သေဆုံးသူ ငါးဦး၏ရုပ်အလောင်းများကို ပင်လယ်ဆိပ်ကမ်းသို့ သယ်ယူထားပြီးဖြစ်ကြောင်း၊ ရေယာဉ်ပေါ်ပါ လူ ၉၅ ဦးအား မိမိတို့ရေယာဉ်ပေါ်သို့ ဘေးကင်းစွာ ကယ်ယူထားနိုင်ခဲ့ကြောင်း၊ ယင်းလူဦးရေမှာ ခရီးသည်တင်ကူးတို့သင်္ဘောပေါ်မှ ကယ်ယူရရှိထားသူများဖြစ်ပြီး ရေယာဉ်ပေါ်တွင် ခရီးသည်မည်မျှပါရှိသည်ကို မသိရှိရကြောင်း အရှေ့ဂျာဗားပြည်နယ်ရှာဖွေရေးနှင့်ကယ်ဆယ်ရေးဌာနမှ အကြီးအကဲ မိုဟာမက်အာရီဖင်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ရှာဖွေကယ်ဆယ်ရေးသမားများက ခရီးသည်ခုနစ်ဦးကို အစောပိုင်းတွင် ရှာဖွေကယ်ဆယ်ထားခဲ့ကြောင်း အင်ဒိုနီးရှားအမျိုးသား ရှာဖွေကယ်ဆယ်ရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ မာဆူဒီက ပြောကြားသည်။

ရေယာဉ်မီးလောင်မှုကြောင့် ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေပြီး ရှာဖွေရေးအဖွဲ့တွင် ရဟတ်ယာဉ်နှစ်စင်းအပါအဝင် ရေယာဉ်များပါ တိုးမြှင့်ပါဝင်လျက်ရှိပြီး ရှာဖွေကယ်ဆယ်ရေးဝန်ထမ်း ၂၀၀ ပါရှိကြောင်း ဂျာဗားပြည်နယ် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့အကြီးအကဲက ပြောကြားသည်။ **ဆင်ဟွာ။**

# ရွေးကောက်ပွဲ ကနဦးရလဒ်များအရ သမ္မတ ဟာဆန်ရိုဟာနီ ထောက်ခံမဲအသာဖြင့် ဦးဆောင်

**တီဟီရန် မေ ၂၀**

အီရန်သမ္မတရွေးကောက်ပွဲ၏ ကနဦးရလဒ်များအရ လက်ရှိသမ္မတ ဟာဆန်ရိုဟာနီက နောက်ထပ်လေးနှစ်တာ သမ္မတသက်တမ်းကို ပြန်လည်ရရှိနိုင်ချေရှိကြောင်း အီရန်ပြည်ထဲရေးဝန်ကြီးက ယနေ့ပြောကြားခဲ့သည်။

မေ ၁၉ ရက်၏ ဆန္ဒမဲရရှိမှု နောက်ဆုံးကြေညာချက်အရ ဟာဆန်ရိုဟာနီက ထောက်ခံသူဦးရေ ၅၇ ရာခိုင်နှုန်းရရှိထားပြီး သူ၏ပြိုင်ဘက် ရှေးရိုးစွဲဝါဒီလက်ကိုင်ထားသူ အီဘရာဟမ် ရိုင်စီက ၃၈ ဒသမ ၅ ရာခိုင်နှုန်း ရရှိထားကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် ရိုဟာနီ ဦးဆောင်သည့် အစိုးရအဖွဲ့က အီရန်နိုင်ငံအနေဖြင့် နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်များကို ရပ်တန့်ပစ်ရန် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် သဘောတူညီမှု ပြုလုပ်ခဲ့သည်။

ထိုကဲ့သို့ နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်များရပ်တန့်ပစ်မည်ဆိုလျှင် စီးပွားရေးပိတ်ဆို့မှုများမှ လွတ်မြောက်နိုင်မည်ဖြစ်သည်ဟု သမ္မတရိုဟာနီက အလေးပေးပြောကြားခဲ့သည်။ သို့သော် သူ့အားဆန့်ကျင်သူများက စီးပွားရေးပိတ်ဆို့မှုကင်းလွတ်ခြင်းမှရရှိသည့် အကျိုးစီးပွားများသည် အီရန်ပြည်သူများ လက်ဝယ်သို့ ရောက်ရှိခြင်းမရှိသေးကြောင်း ထောက်ပြကာဆန့်ကျင်ကြောင်းဆိုသည်။

သမ္မတရိုဟာနီက နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ စကားဝိုင်းများတွင် နိုင်ငံတကာအသိုက်အဝန်းနှင့်အတူ ပါဝင်ဆောင်ရွက်ရန် ကြိုးပမ်းမည့် သူ၏မူဝါဒကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဝိုင်းဝန်းထောက်ပံ့ပေးကြရန် ပြည်သူများအား မဲဆွယ်စည်းရုံးခဲ့သည်။

ယခုရလဒ်ထွက်ပေါ်မှုများအရ လက်ရှိသမ္မတရိုဟာနီအနေဖြင့် နောက်ထပ် လေးနှစ်တာ သမ္မတသက်တမ်းကို ပြန်လည်ရရှိနိုင်ဖွယ်ရှိကြောင်း သိရသည်။ **အင်န်အိတ် ချ်ကေ။**



# အာဖဂန်နစ္စတန် ပက်တီရာပြည်နယ် ဂါဒက်ဇ်မြို့ရှိ ဘဏ်တစ်ခုအား စစ်သွေးကြွများတိုက်ခိုက်

**ဂါဒက်ဇ် မေ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး၏ တောင်ဘက်ကီလိုမီတာ ၁၀၀ ခန့်အကွာရှိ ပက်တီရာပြည်နယ် မြို့တော်ဂါဒက်ဇ်တွင် ဘဏ်တစ်ခုကို စစ်သွေးကြွအုပ်စုတစ်စုက မေ ၂၀ ရက်တွင် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယနေ့မွန်းလွဲ ဒေသစံတော်ချိန် ၂ နာရီ မိနစ် ၅၀ ခန့်တွင် ပက်တီရာပြည်နယ်မြို့တော်ဂါဒက်ဇ်ရှိ နယူးကဘူးအမည်ရှိ ဘဏ်တစ်ခုကို စစ်သွေးကြွအုပ်စုတစ်စုက ပစ်ခတ်တိုက်ခိုက်ရာ ဘဏ်အားစောင့်ကြပ်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘဏ်အနီးတစ်ဝိုက်၌ တန်ပြန်ပစ်ခတ်တိုက်ခိုက်ရာမှ အပြန်အလှန်ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားနေကြောင်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ဘဏ်အားတိုက်ခိုက်သည့်စစ်သွေးကြွအဖွဲ့၏အမည်အား ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိသေးကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဆင်ဟွာ။**

# ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်၌ စစ်သွေးကြွ ၂၆ ဦး အာဏာပိုင်များထံ လက်နက်ချ

**အစ္စလာမ္မာဘတ် မေ ၂၀**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဘလူချီစတန်ပြည်နယ်တွင် စစ်သွေးကြွအဖွဲ့ဝင် ၂၆ ဦးတို့ကအစိုးရထံ လက်နက်ချသည့် အခမ်းအနားတစ်ရပ်ကို မေ ၁၉ ရက်က ကျင်းပသည်။

ယင်းစစ်သွေးကြွများ လက်နက်ချသည့် အခမ်းအနားသို့ ဘလူချီစတန်ပြည်နယ်မှ စစ်ဘက်နှင့် အရပ်ဘက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူ အန်ဝယ်လ်ဟက်ကာကာက ပြောကြားပြီး စစ်သွေးကြွများ လက်နက်ချခြင်းသည် ပါကစ္စတန်နိုင်ငံက လုပ်ဆောင်နေသည့် ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ဆိုသည်။

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်၌ ပြည်နယ်အစိုးရထံသို့ စစ်သွေးကြွများ လက်နက်ချက်မှုမှာ ယခုလအတွင်း ဒုတိယအကြိမ်မြောက်ဖြစ်သည်။

**ဆင်ဟွာ။**

# နေပြည်တော် ဇေယျာသီရိပိမာန်၌ ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များအား တွေ့ဆုံဂုဏ်ပြု

**နေပြည်တော် မေ ၂၀**
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ဇေယျာသီရိပိမာန်၌ ကျင်းပသော ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဂုဏ်ပြုတွေ့ဆုံပွဲ၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မောင်တို့မယ်တို့သည် ထူးချွန်ထက်မြက်သည့် လူငယ်များပီပီ အနာဂတ်နိုင်ငံတော်က အားထားရမည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် လူငယ်များ၏ ရည်မှန်းချက်နှင့် အနာဂတ်နိုင်ငံတော်အတွက် အထောက်အပံ့ကောင်းဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းများတွင် မောင်တို့မယ်တို့အနေဖြင့် မိမိတို့စိတ်ဝင်စားသည့် ဝါသနာအရ ဘဝရည်မှန်းချက်အတွက် အခြေခံအထောက်အပံ့ဖြစ်စေရန် တက်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မည်သည့်ပညာရပ်မဆို အတိုင်းအတာဘောင်အကန့်အသတ်မရှိခြင်းကြောင့် သင်တန်းကာလပြီးဆုံးသွားသော်လည်း ဆက်လက်လေ့လာဆည်းပူးကြရန်လိုကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် နိုင်ငံတော်၏ ရေပြင်၊ ဝေဟင်ပိုင်နက်ကာကွယ်ရေးကို စိတ်ဝင်စားမှုနှင့် မျိုးချစ်စိတ်ရှိမှုတို့ကို ချီးကျူးဂုဏ်ပြုပါကြောင်း။

ယနေ့မောင်တို့မယ်တို့ လေ့လာသင်ယူနေသည့် ရေကြောင်းနှင့်လေကြောင်းပညာရပ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးအတွက်လည်း အထောက်အပံ့ဖြစ်စေကြောင်း၊ ထို့ကြောင့် ရေကြောင်းနှင့်လေကြောင်းသင်တန်းများကို တက်ရောက်ခဲ့ပြီးဖြစ်သည့် မောင်တို့မယ်တို့သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အားထားရသည့် အရန်အင်အားများဟုလည်း ဆိုနိုင်ကြောင်း မှာကြားသည်။



ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ရေကြောင်းနှင့်လေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ၎င်းနောက် ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များက ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ပြီး လူငယ်မောင်မယ်ကိုယ်စားလှယ်တစ်ဦးစီက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများအား ဂုဏ်ပြုလက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲ အခမ်းအနားသို့ မတက်ရောက်မီ ဇေယျာသီရိပိမာန်အတွင်း ခင်းကျင်းပြသထားသော တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်လက်နက် အသုံးအဆောင်ပစ္စည်းများ၊ လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ ပုံစံငယ်များ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှု သရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အလားတူ ညနေပိုင်းတွင် နေပြည်တော်ရှိ စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၇)နှင့် လေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၇)တို့ကို ရေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းဌာနချုပ်များတွင် ဧပြီ ၂၄ ရက်မှ မေ ၁၉ ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းကာလ နောက်ဆုံးအပတ်တွင် သင်တန်းစခန်းများပေါင်းဆုံ၍ စခန်းပေါင်းစုံပြိုင်ပွဲများ ပြုလုပ်ခြင်း၊ လေ့လာရေးခရီး သွားရောက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ရေကြောင်းနှင့်လေကြောင်း လူငယ်သင်တန်းများကို ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အခြေခံသင်တန်းတက်ပြီးသော လူငယ်များအတွက် တန်းမြင့်သင်တန်းများကို ဖွင့်လှစ်ခဲ့သည်။ စတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ ရေကြောင်းလူငယ် အခြေခံအဆင့် တက်ရောက်အောင်မြင်ပြီးသူ ၁၀၂၇ ဦးနှင့် တန်းမြင့်အဆင့် တက်ရောက်အောင်မြင်ပြီးသူ ၂၈၃ ဦးရှိပြီး လေကြောင်းလူငယ်အခြေခံအဆင့် တက်ရောက်အောင်မြင်ပြီးသူ ၁၅၂၂ ဦးနှင့် တန်းမြင့်အဆင့် တက်ရောက်အောင်မြင်ပြီးသူ ၁၂၀ စုစုပေါင်း ၂၉၅၂ ဦးတို့ကို လေ့ကျင့်သင်ကြား မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တရားရုံးအသုံးပြုသူများဝန်ဆောင်မှုသင်တန်း မုံရွာမြို့တွင် ဖွင့်လှစ်

**မုံရွာ မေ ၂၀**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ကျင်းပခဲ့သည့် တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူများက ဆင့်ပွားပို့ချသည့် "တရားရုံးအသုံးပြုသူများဝန်ဆောင်မှုသင်တန်း"ကို မေ ၂၀ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တရားလွှတ်တော်တရားသူကြီး ဒေါ်ချယ်ရီကြည်၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စုစုဝင်း၊ မုံရွာခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး ဦးခင်မောင်မောင်၊ ဒုတိယခရိုင်တရားသူကြီးများ၊ ဒုတိယဦးစီးမှူး ဒေါ်ဇာလီဝင်း၊ USAID-PRLP မှ Pilot Court Coordinator ဦးမြင့်မောင်မောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်မှ အရာထမ်း၊ အမှုထမ်း ၄၃ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ဟော်ကီအဖွဲ့ချုပ်နှင့် Pro//Sport အားကစားဝတ်စုံတို့ စပွန်ဆာစာချုပ် ချုပ်ဆို

ရန်ကုန် မေ ၂၀
မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်နှင့် Winner Sport Co.,Ltd ၏ Pro//Sport အားကစားဝတ်စုံတို့ စပွန်ဆာစာချုပ်ချုပ်ဆိုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ(အားကစားပဒေသာ) Winner Sport Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဦးမျိုးပိုင်ချစ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်က ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်နှင့် Winner Sport Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဦးမျိုးပိုင်ချစ်တို့ စပွန်ဆာစာချုပ် ချုပ်ဆိုကာ အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်သည်။ ထို့နောက် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်၏ Main စပွန်ဆာဖြစ်သော KBZ Bank အား KBZ Bank စာတန်းပါ အမှတ်တရဂျာစီ ပေးအပ်ရာ KBZ Bank ကိုယ်စား ရှမ်းယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက လက်ခံရယူသည်။**(အောက်ပုံ)**

ယင်းနောက် မြန်မာ့လက်ရွေးစင် ဟော်ကီအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းမှ ကစားသမားများက Pro//Sport အားကစားဝတ်စုံများအား သရုပ်ပြဝတ်ဆင်ကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်သည် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အား နိုင်ငံခြားသားနည်းပြများဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ပြိုင်ပွဲမတိုင်မီ ပြည်ပနိုင်ငံများ၌ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်သည် လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန် ကြိုးပမ်းပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**သတင်း- ရဲရင့်ရှိန်း**
**ဓာတ်ပုံ- ဖိုးသော်ဇင်**




# မန္တလေး အလုပ်အကိုင်ပြပွဲ ကျင်းပမည်

**မန္တလေး မေ ၂၀**
မန္တလေး အလုပ်အကိုင်ပြပွဲ(၂၀၁၇)အား မေ ၂၁ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဟိုတယ်ရွှေပြည်သာ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အလုပ်အကိုင်ပြပွဲတွင် ပြည်တွင်းပြည်ပ ကုမ္ပဏီများက လစ်လပ်နေရာခေါ်ယူသွားမည်ဖြစ်ရာ အလုပ်အကိုင်ရှာဖွေနေသူများ CV Form နှင့်တကွ လာရောက်လျှောက်ထားနိုင်မည်ဖြစ်သည်။

အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် အခမဲ့လေ့လာလျှောက်ထားနိုင်ရန် စီစဉ်ထားရှိပြီး အလုပ်အကိုင်ပြပွဲတွင်ပါဝင်သည့် ကုမ္ပဏီပေါင်းများ၏ ဆောင်ပုဒ်များနှင့် ကုမ္ပဏီအကြောင်းအကျဉ်းပါဝင်သည့် ပြပွဲလက်ကမ်းစာစောင်များ ဖြန့်ဝေပေးမည်ဖြစ်သောကြောင့် မိမိနှင့်ကိုက်ညီသော အလုပ်အကိုင်အား လျှောက်ထားရာတွင် အထောက်အကူဖြစ်မည်ဖြစ်ကြောင်း သိရသည်။ **ဘဦး(ကြေးမုံ)**

# ငြိမ်းချမ်းပါစေ မြန်မာပြေ (ပြည်)

ခင်မောင်ငွေး(ပညာရေး)

မြန်မာတို့သည် ရှေးအတီတေကာလကပင် မြို့ပြနိုင်ငံများ ထူထောင်၍ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ်နန်းဖြင့် နေထိုင်ခဲ့ကြသည်။ ထေရဝါဒဗုဒ္ဓဘာသာထွန်းကားပျံ့နှံ့လာသည်နှင့်အမျှ မြန်မာစာပေယဉ်ကျေးမှု အနုပညာရပ်များလည်း မြန်မာမှုပြုလာနိုင်ခဲ့သည်။ ဓလေ့ထုံးတမ်းများခိုင်မာအမြစ်တွယ်လာခဲ့သည်။

**ဝင့်ဝင့်ထည်ထည်နေခဲ့**

ပဒေသရာဇ်မင်းအဆက်ဆက်တို့ကပင် တိုင်းနိုင်ငံတိုးတက်ရေး၊ ကာကွယ်ရေး၊ တည်ဆောက်ရေးတို့တွင် နိုင်ငံသူနိုင်ငံသားများ စုစည်းညီညွတ်ခဲ့ကြသည်။ ကွဲပြားခြားနားမှုမရှိ စုစည်းမှုအားဖြင့် ၁၁ ရာစုတွင် အနော်ရထာမင်းက ပထမမြန်မာနိုင်ငံရေးကိုလည်းကောင်း၊ ၁၆ ရာစုတွင် ဘုရင့်နောင်မင်းတရားကြီးက ဒုတိယမြန်မာနိုင်ငံတော်ကိုလည်းကောင်း၊ ၁၈ ရာစုတွင်လည်းကောင်း အလောင်းဘုရားက တတိယမြန်မာနိုင်ငံတော်ကြီးကို စုစည်းနိုင်ခဲ့သည်။ ပဒေသရာဇ်နိုင်ငံတစ်နိုင်ငံအဖြစ် ဝင့်ဝင့်ထည်ထည် နေနိုင်ခဲ့လေသည်။

မြန်မာနိုင်ငံ၏ ဘုရင်စနစ်သည် ၁၈၈၅ ခုနှစ်တွင် နေဝင်ခဲ့လေသည်။ နယ်ချဲ့အင်္ဂလိပ်၏ ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး သူ့ကျွန်ဘဝရောက်ခဲ့ရလေသည်။ သူ့ကျွန်ဘဝနှစ်ပေါင်း ၁၀၀ ကျော်နေထိုင်ခဲ့ရသည့်အတွင်း ပြန်လည်လွတ်လပ်ရေးရဖို့ နိုင်ငံအတွင်းရှိ နိုင်ငံသားအားလုံး နေရာဒေသအလိုက်နယ်ချဲ့ကို ဆန့်ကျင်ခဲ့ကြသည်သာဖြစ်၏။

ထိုစဉ်ကလည်း ကွဲပြားခြားနားမှုမရှိ တောင်ပေါ်မြေပြန့်ပူးပေါင်းကာ လွတ်လပ်ရေးအတွက် စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြသည်။ ယနေ့တိုင်ပင်လုံစာချုပ်သည် သက်ဝင်လှုပ်ရှားလျက်ရှိပါသည်။

မြန်မာနိုင်ငံသားတို့၏ ထက်သန်သော မျိုးချစ်စိတ်ဓာတ်၊ စုစည်းညီညွတ်သောအားတို့ကြောင့် ၁၉၄၈ ခုနှစ်တွင် တစ်တိုင်းတစ်ပြည်လုံး လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်၏။ ၁၉၄၈ ခုနှစ်မှစ၍ လွတ်လပ်ရေးရရှိခဲ့သော မြန်မာနိုင်ငံသည် ယနေ့တိုင် လွတ်လပ်ရေး၏အရသာကို ပြည့်ပြည့်ဝဝ မခံစားနိုင်ကြသေးပါ။ အကြောင်းရင်းတစ်ခုမှ ကမ္ဘာ့သက်တမ်းအရှည်ဆုံးပြည်တွင်းစစ်ကို ဆင်နွှဲနေရသောကြောင့်ပင်ဖြစ်သည်။

လွတ်လပ်ရေးရပြီးချိန်မှစ၍ ပါလီမန်ဒီမိုကရေစီခေတ်ကို ကြုံခဲ့၏။ ၁၉၆၂ ခုနှစ် နိုင်ငံတော်အာဏာလွှဲပြောင်းရယူမှုနှင့် ကြုံခဲ့၏။ ၁၉၈၈ ခုနှစ်တွင် အဆိုးရွားဆုံးသော ပြည်တွင်းအုံကြွမှုကြီးနှင့် ကြုံခဲ့၏။ ၁၉၉၀ တွင် အထွေထွေရွေးကောက်ပွဲကြီး ကြုံရပြန်၏။ အာဏာလွှဲပြောင်းရယူခွင့် ဆုံးရှုံးခဲ့ရပြန်၏။ ၂၀၀၈ ခုနှစ် မိုးထဲရေထဲတွင် အခြေခံဥပဒေကြီး အတည်ပြုနိုင်ခဲ့ပြန်၏။ ၂၀၁၀ တွင်အရပ်သားတစ်ဖြစ်လဲ အစိုးရတစ်ရပ်ပေါ်ခဲ့၏။ ဆိုရလျှင် ခေတ်စနစ်များ မူဝါဒလမ်းစဉ်များ အလီလီအလာလာပြောင်းလဲဖြတ်သန်းခဲ့ရသော်လည်း ပြည်သူတို့၏ဘဝကား ထူးခြားပြောင်းလဲလာသည်ဟူ၍ မရှိခဲ့။ ဖြစ်သမျှဒဏ် ပြည်သူသာခံဘက်ကချည်းဖြစ်ခဲ့ရလေသည်။ ပြည်သူအများလိုလားတောင့်တခဲ့သည့် ဒီမိုကရေစီရောင်ခြည်ဦးကလည်း မှိန်ပျပျသာ။

၂၀၁၅ ရွေးကောက်ပွဲတွင် NLD ပါတီသည် သောင်ပြိုကမ်းပြိုအနိုင်ရခဲ့သည်။ ဤသည်မှာလည်း ပြည်သူတို့၏ နိုင်ငံရေးနိုးကြားလာမှု၊ အာဏာရှင်စနစ်ကို ရွံ့မုန်းလာမှု၊ ဒီမိုကရေစီ၏အရသာကို လက်တွေ့ကျကျခံစားလိုမှုစသည့်စိတ်ဆန္ဒများ ပြင်းပြမှုကြောင့်ပင်ဖြစ်သည်။ သတ်မှတ်အမတ်ဦးရေပြည့်မီခဲ့သည့်အတွက် အစိုးရတစ်ရပ်ကို ဖွဲ့စည်းနိုင်ခဲ့သည်။ တစ်နှစ်တာကာလအတွင်း အောင်မြင်သည်ဟု မကြွေးကြော်နိုင်သေးသော်လည်း တာဝန်ယူဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို ပြည်သူသို့အသိပေးတင်ပြနိုင်ခဲ့သည်။ ဤသည်မှာလည်း ဖြစ်ထွန်းပေါ်ပေါက်လာသည့် အစိုးရတစ်ရပ်၏ လုပ်ဆောင်မှုတစ်ရပ်ပင်ဖြစ်လေသည်။ ဆန်းပြားသော လုပ်ရပ်မဟုတ်ပေ။

**ရောင်နီဦးသန်းလာ**

ဒီမိုကရေစီရောင်နီဦးသန်းလာပြီဖြစ်သော မြန်မာနိုင်ငံတွင် အစိုးရသစ်အတွက် စိန်ခေါ်မှုများစွာရှိနေလေသည်။ အဓိကအချက်များမှာ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးရှိရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်၍ တည်ငြိမ်အေးချမ်းရန်တို့ဖြစ်သည်။ နိုင်ငံတွင်း၌ ဖြစ်ပွားလျက်ရှိသော လူ့အသိုက်အဝန်းနှစ်ခုကြား ဘာသာရေး၊ လူမှုရေးပဋိပက္ခများသည် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေနိုင်လေသည်။ နိုင်ငံတော်မှ ကော်မရှင်အဖွဲ့များဖွဲ့စည်း၍ ကြိုးစားဖြေရှင်းနေသည့်တိုင် နိုင်ငံတကာ၏ဖိအားများအပြင် ကုလသမဂ္ဂ၏ တွန်းအားများကိုပင် ရင်ဆိုင်ဖြေရှင်းနေရချိန်ဖြစ်၏။

ထို့အတူ တိုင်းပြည်၏ စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိရေးအတွက် ဥပဒေများ ပြဋ္ဌာန်းနိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုအချို့ စတင်ဝင်ရောက်လုပ်ကိုင်နေသကဲ့သို့ အသစ်ထပ်မံခွင့်ပြုမှုများ ရှိနေပြီဖြစ်၏။ ရင်းနှီးမြှုပ်နှံမှုအများအပြား ထပ်မံဝင်ရောက်လာသည်နှင့်အမျှ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ လမ်းပွင့်လာနိုင်မည်ဖြစ်သည်။

ပြည်သူတို့၏ စားဝတ်နေရေးအတွက် စဉ်းစားဆောင်ရွက်ရာတွင် ဝန်ထမ်းများနေထိုင်ရေးနှင့် ပင်စင်စားများအတွက်နေရာင်ရေးစိတ်အေးရအောင် တိုင်းဒေသကြီးအချို့တွင် အိမ်ရာစီမံကိန်းများနှင့် ထပ်မံတည်ဆောက်မည့်အလားအလာများစွာ မြင်တွေ့နေရပြီဖြစ်၏။ တစ်နှစ်တာကာလအတွင်း အချို့စီမံကိန်းများ လက်တွေ့ကျကျ အကောင်အထည်မဖော်နိုင်သေးသော်လည်း မဖြစ်မနေဆောင်ရွက်သင့်သည့် လုပ်ငန်းများအဖြစ် လျာထားသတ်မှတ်ပြီးဖြစ်လေသည်။

**(၂၁) ရာစုပထမအကြိမ်ပင်လုံညီလာခံ**

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း ၂၁ ရာစုပထမအကြိမ်ပင်လုံညီလာခံကြီးကို ကျင်းပနိုင်ခဲ့လေသည်။ ယင်းညီလာခံကြီးတွင် အပစ်အခတ်ရပ်အဖွဲ့များ အပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ပွင့်လင်းမြင်သာသော အတွေးအမြင်များကိုကြားခဲ့ကြရပြီး ဖြစ်လေသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ဝင်များ၏ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုများကြောင့် မကြာမီကာလတွင် (၂၁) ရာစုဒုတိယအကြိမ်ပင်လုံညီလာခံကြီးကို ကျင်းပနိုင်တော့မည်ဖြစ်၏။

နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က -

"ငြိမ်းချမ်းရေးလိုချင်လို့ရှိရင် ဘယ်လိုနည်းနဲ့မဆို ကျွန်မတို့ရယူလို့ရပါတယ်။ ငြိမ်းချမ်းရေးမလိုချင်လို့ရှိရင်တော့နည်းအမျိုးမျိုးနဲ့ ငြိမ်းချမ်းရေးကြန့်ကြာအောင်လုပ်တယ်ဆိုတာ ဖြစ်နိုင်ပါတယ်။ ကျွန်မတို့ဟာ တကယ်ပဲ ဆန္ဒရှိရဲ့လား၊ တကယ်ပဲဆန္ဒရှိမှ တခြားဝီရိယ၊ စိတ်ဓာတ်၊ ပညာတို့နဲ့ ကျွန်မတို့ပဲ ပံ့ပိုးပြီးတော့ အောင်မြင်ခြင်းကို ရနိုင်မှာပါ။ ဒါကြောင့် အစည်းအဝေးကိုရောက်ရှိနေတဲ့ပုဂ္ဂိုလ်များအားလုံးဟာ ငြိမ်းချမ်းရေးအတွက် စစ်မှန်တဲ့ဆန္ဒရှိတယ်ဆိုတာ ကျွန်မအနေနဲ့မျှော်လင့်ပါတယ်။ ရှိတာ၊ မရှိတာကတော့ နောက်ဆုံးမှာ ဘယ်သူကဆုံးဖြတ်မလဲဆိုတော့ ပြည်သူလူထုနဲ့ သမိုင်းက ဆုံးဖြတ်မှာဖြစ်ပါတယ်။ ပြည်သူလူထုဆိုတာ ပစ္စုပ္ပန်ကာလပြည်သူမဟုတ်ဘူး။ နောင်လာနောက်သားမျိုးဆက်များက ဆုံးဖြတ်မယ်ဆိုတာ သမိုင်းက ဆုံးဖြတ်ခြင်းပဲဖြစ်မှာပါ" ဟု ပြောကြားခဲ့သည်။

ယင်းအစည်းအဝေးသည် (၂၁) ရာစုပင်လုံအတွက် နောက်ဆုံးအနေဖြင့် ပြင်ဆင်ခဲ့သည့်အစည်းအဝေးဖြစ်သည်။ ဤအစည်းအဝေးတွင် ထူးခြား၍ သမိုင်းဝင်သည့် သဘောတူညီချက်များရရှိခဲ့သည်။ အစည်းအဝေးတွင် အချုပ်အခြာအာဏာ၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖက်ဒရယ်ပြည်ထောင်စုမူ၊ ပါတီစုံဒီမိုကရေစီစနစ်စသည့်ခေါင်းစဉ်များ ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။ ဆိုရလျှင် တိုင်းပြည်တွင်တစ်ခါမျှ မရှိဖူးသည့် သဘောတူညီချက်အဖြစ် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေထားရှိရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

**အခွင့်အချိန်အခါကောင်း**

ယနေ့အချိန်အခါသမယသည် ငြိမ်းချမ်းရေးရဖို့ အခွင့်ကောင်းကြုံကြိုက်ချိန်ဖြစ်သည်။ ပြည်သူတစ်ရပ်လုံးမျှော်လင့်နေသည့် ငြိမ်းချမ်းရေးဖြစ်သကဲ့သို့ ပြည်သူတို့၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည့် အခွင့်အချိန်အခါကောင်း ဖြစ်နေပါသည်။ လယ်တီဆရာတော်ဘုရားကြီး၏ "ခွင့်သာခိုက်မှ မလိုက်ချင်လျှင်" ကဗျာကို ပြန်ရွတ်ဆိုနေမိ၏။

"ခွင့်သာဆဲမှ မခဲချင်လျှင် အလွဲနှင့်ပြင်ရှိသေးလေလိမ့်လား"

"ခွင့်သာတုန်းမှ မရုန်းချင်လျှင် အရှုံးနှင့်ပြင်ရှိသေးလေလိမ့်လား"

"ခွင့်သာခိုက်မှ မလိုက်ချင်လျှင် အမိုက်နှင့်ပြင်ရှိသေးလေလိမ့်လား"

## ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးအတွက် မတူကွဲပြား မပြီးဆုံးနိုင်သေးသော ပဋိပက္ခများကြားမှ အောင်မြင်နေသည့် ရလဒ်ကောင်းများ

☆ ဒီကနေ့-
မြန်မာ့နိုင်ငံရေးဖြစ်စဉ်
တစ်ကမ္ဘာလုံး စိတ်ဝင်တစား
စောင့်ကြည့်လေ့လာ
အကဲခတ်နေကြသည်။ ။

☆ မတူကွဲပြား
မပြီးဆုံးနိုင်သေးတဲ့
နိုင်ငံရေး လူမျိုးရေး
ပဋိပက္ခအရေးများဟာ
မြန်မာအတွက် အရေးကြီးသလို
နိုင်ငံတကာအတွက်လည်း
အရေးထား လေ့လာကြရမည့်
သင်ခန်းစာများဖြစ်သည်။ ။

☆ နှစ်ပေါင်း ၇၀ ကြာ
ငြိမ်းချမ်းရေးရရှိဖို့အရေးမှာ
နည်းအစုံစုံ လမ်းအသွယ်သွယ်
ပုဂ္ဂိုလ်အမျိုးမျိုးတို့
ကြိုးပမ်းခဲ့ကြသည်
သို့သော်၊ ကံအကြောင်းမလှ
ပြန်ပြောင်းပြောရရင်
အောင်မြင်နိုင်ဖို့ဝေးစွ
အခြေမလှအရေးမရ ဖြစ်ခဲ့ကြသည်။ ။

☆ (၂၁)ရာစုပင်လုံ
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ
ပါဝင်တက်ရောက်သူတိုင်းက
ကိုယ်စီကိုယ်င မျှော်လင့်ချက်အတိုင်း
အောင်မြင်ပြည့်ဝကြမည်ဆိုပါလျှင်
ပြည်သူတစ်ရပ်လုံးကလည်း
အတိုင်းမသိ ဝမ်းမြောက်ကြမည်ဖြစ်သည်။ ။

☆ ဒုတိယအကြိမ် ငြိမ်းချမ်းရေးညီလာခံကြီး
မကျင်းပမီ ပူးတွဲကော်မတီများ
အကြိမ်ကြိမ် စည်းဝေးခဲ့ကြရာမှ
ရလဒ်ကောင်းများ ထွက်ပေါ်ခဲ့၍
မတူကွဲပြား ပဋိပက္ခများ
လုံးဝ လုံးဝ ချုပ်ငြိမ်းဆိတ်သုဉ်းပြီး
ထာဝရငြိမ်းချမ်းတော့မည်ကို
ပြည်သူတွေက ဝမ်းပန်းတသာ
ကြိုဆိုနေကြသည်။ ။

ဟံသာဝတီ-ဦးအုန်းကြိုင်
(သက်ကြီးဝါရင့်သတင်းစာဆရာကြီး)

## အသစ်ပြင်ဆင်ဖွဲ့စည်းသည့် ကျေးရွာများသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေးဝန်ကြီးဌာန သစ်တောကြိုးဝိုင်းဧရိယာမှ ပယ်ဖျက်ခွင့်ပြုထားသော ၈၃ ဧကရှိ မြေပေါ်တွင် အသစ်တိုးချဲ့ ပြင်ဆင်ဖွဲ့စည်းထားသည့် ကျေးရွာအုပ်စုတစ်အုပ်စုနှင့် ကျေးရွာ ကိုးရွာသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေး မေ ၁၆ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်နှင့် ဝန်ထမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများမှ တာဝန်ရှိသူများသည် ကျေးရွာဥက္ကဋ္ဌနှင့်ပြည်သူများအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆွေးနွေးရာတွင် မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်က Proximity Finonce အဖွဲ့မှ စိုက်ပျိုးရေးချေးငွေ ထုတ်ချေးပေးမည့် အစီအစဉ်များ၊ ကျေးလက်လမ်း၊ တံတား၊ ရေပေးဝေရေးနှင့် ကျေးလက်မီးလင်းရေး အခြေအနေများကို မေးမြန်းဆွေးနွေးရာ အုပ်စုဥက္ကဋ္ဌ ဦးကျော်သူမိုးက ကြက်သားဟင်း၊ ပျား၊ ရေတွင်းကုန်း၊ ထိန်အင်း ကျေးရွာချင်းဆက်လမ်းနှင့် ကျီးအင်း၊ ဇိုင်ပင်သာ၊ ပိန်းရေ ကျေးရွာချင်းဆက်လမ်း (၂)လမ်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုကြောင်းနှင့် လက်ရှိရေသုံးစွဲမှု အခြေအနေမှာ ခက်ခဲသောကြောင့် စက်ရေတွင်းများ တူးဖော်ပေးစေလိုကြောင်း မီးလင်းရေးအတွက် ကျေးလက်ဦးစီးဌာန အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြည်သူထည့်ဝင်ငွေ ၁၀ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်းတို့ဖြင့် ဆောင်ရွက်မည့် Solar မီးလင်းရေး တို့ကိုလည်း ဆောင်ရွက်ပေးစေလိုကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သက်မောင်)**

# မင်းသုဝဏ်နှင့် တရုတ်ပြည်ရေစက်

**မြင့်ဆွေဦး**

ဆရာကြီးမင်းသုဝဏ်အား တရုတ်-မြန်မာစာပေလမ်းတစ်သွယ်ကို ဖောက်ပေးခဲ့သည့်အတွက် ဂုဏ်ပြုသည့်အနေဖြင့် တရုတ်နိုင်ငံ နိုင်ငံတကာစာအုပ်ထုတ်ဝေရေးမှ "မင်းသုဝဏ်နှင့်တရုတ်ပြည်ရေစက်" စာအုပ်ကို ထုတ်ဝေခဲ့လေသည်။ ဧပြီ ၉ ရက်နေ့ နေ့လယ်တွင် နိုင်ငံတော်သမ္မတဦးထင်ကျော် တည်းခိုနေသည့် ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာ၌ "မင်းသုဝဏ်နှင့် တရုတ်ပြည်ရေစက်" စာအုပ်ဖြန့်ချိသည့် အခမ်းအနားကို ကျင်းပခဲ့ပြီး ထိုအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ပြီး ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

"မင်းသုဝဏ်နှင့် တရုတ်ပြည်ရေစက်"မှာ တရုတ်-မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေထားပြီး ဆရာကြီးမင်းသုဝဏ်ရေးသားခဲ့သော တရုတ်ပြည်နှင့်ပတ်သက်သည့် ဆောင်းပါးများ၊ တရုတ်ပုံပြင်များ၊ တရုတ်ကဗျာများကို စုစည်းတင်ပြထားခြင်းဖြစ်သည်။ ထို့အပြင် ဆရာကြီးမင်းသုဝဏ်၏ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ဆောင်းပါးများကိုလည်း ဖော်ပြထားသည်။

ထိုစာအုပ်အတွက်အမှာစာကို ဆရာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)က ရေးသားပေးခဲ့သည်။ ထိုအမှာစာတွင် ဆရာဦးခင်အေးက အောက်ပါအတိုင်းရေးသားခဲ့သည်-

တရုတ်စာပေနှင့်ယဉ်ကျေးမှုအကြောင်း မြန်မာစာဖတ်ပရိသတ်နှင့်မိတ်ဆက်ပေးသော ဆရာကြီးမင်းသုဝဏ်၏ စာပေများကိုစုစည်း၍ တရုတ်-မြန်မာနှစ်ဘာသာဖြင့် မြန်မာနိုင်ငံနာမည်ကျော်စာရေးဆရာကြီး မင်းသုဝဏ်၏ "မင်းသုဝဏ်နှင့် တရုတ်ပြည်ရေစက်" စာအုပ်ထုတ်ဝေမည့် အစီအစဉ်ကို သိရပါသည်။

စုစည်းထားသောစာများတွင် တရုတ်စာဆိုကြီး လူရွှန်း၏ စာပေအာနိသင်ကိုဖော်ညွှန်းသော ဆောင်းပါးစုကို ဦးစွာတွေ့ရသည်။ လူရွှန်းသည် အဖိနှိပ်ခံတရုတ်ပြည်သူတို့နိုးကြားလာအောင် မိမိ၏ အစွမ်းထက်သော




စာပေများဖြင့်လှုံ့ဆော်ကာ မျက်စိဖွင့်ပေးခဲ့သော စာဆိုကြီးဖြစ်သည်။ လူရွှန်းနှင့်ခေတ်ပြိုင်ဖြစ်သော မြန်မာစာဆိုကြီး သခင်ကိုယ်တော်မှိုင်းသည်လည်း သူ့ကျွန်ဘဝရောက်နေရသော မြန်မာပြည်သူလူထုကို နယ်ချဲ့ဆန့်ကျင်ရေးအတွက် စာပေဖြင့်လှုံ့ဆော်ပြီး မျက်စိဖွင့်ပေးခဲ့သည်ကို ကောင်းစွာသိပြီးဖြစ်သော မြန်မာစာဖတ်ပရိသတ်သည် ဆရာကြီးမင်းသုဝဏ်ဖော်ညွှန်းသော လူရွှန်း၏ လေးစားဖွယ်ဂုဏ်ဒြပ်များကို အလေးအနက်နှလုံးသွင်းမိကြမည်ဖြစ်သည်။

ကဗျာစာဆိုဖြစ်သော ဆရာကြီးမင်းသုဝဏ်သည် တရုတ်စာဆို ပဲကျွဲ့ယိ၏ကဗျာများနှင့် မာရှယ်ချင်ယိ၏ မြန်မာပြည်သား ကဗျာများကိုလည်း မြန်မာပြန်ခဲ့ရာ တရုတ်နှင့်မြန်မာကဗျာစာဆိုတို့၏ ဘာသာစကားချင်းခြားနားသော်လည်း နှလုံးသားချင်းနီးကပ်စွာဆက်နွှယ်ရမှုကို ဖော်ပြသော သာဓကပင်ဖြစ်သည်။

ဤစာစုတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအကြောင်း ရေးသားထားသော ဆရာကြီး၏ဆောင်းပါးများလည်း ပါဝင်ရာ မြန်မာ့အကြောင်းကို မိတ်ဆက်ပေးရာရောက်သည့်အတွက် သင့်လျော်လှပါသည်။

တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ဆွေမျိုးပေါက်ဖော်စိတ်ဓာတ်ဖြင့် ချစ်ခင်ရင်းနှီးခဲ့ကြသော နိုင်ငံများဖြစ်ပေရာ ယခုကဲ့သို့ တရုတ်စာပေယဉ်ကျေးမှုကို တစေ့တစောင်း ထင်ဟပ်မြင်သာစေသော မြန်မာစာဆိုကြီး၏ လက်ရာများကို တရုတ်-မြန်မာ နှစ်ဘာသာဖြင့် စုစည်းထုတ်ဝေလိုက်ခြင်းသည် နှစ်နိုင်ငံ စာပေယဉ်ကျေးမှုပေါင်းကူးဆက်သွယ်မှုအတွက် အလေး အမြတ်ကြိုဆိုအပ်သော ဆောင်ရွက်ချက်တစ်ရပ်ပင် ဖြစ်ပါသည်။

"မင်းသုဝဏ်နှင့် တရုတ်ပြည်ရေစက်" စာအုပ်တွင် ပထမအပိုင်းအဖြစ် တရုတ်-မြန်မာစာပေလမ်းတစ်သွယ်ကို ဖောက်ပေးခဲ့သည့် စာရေးဆရာကြီး မင်းသုဝဏ်အကြောင်း ဓာတ်ပုံများနှင့် ဝေဝေဆာဆာ ဖော်ပြပေးထားသည်။ ဒုတိယအပိုင်းမှာ တရုတ်နိုင်ငံနှင့် ရေစက်ဆုံခြင်းဖြစ်ပြီး "တရုတ်ပြည်တွင် လူထုကိုပညာ ပေးပုံတစ်ရပ်"ကို ဖော်ပြထားသည်။ တရုတ်ပြည်ခရီးစဉ် အတွေးအမြင်ဆောင်းပါးဟူ၍ တင်ပြထားလေသည်။ ထိုအပိုင်းတွင် ဆရာမင်းသုဝဏ်တို့ တရုတ်ပြည်ရောက်ခဲ့သည်များကို မှတ်တမ်းဓာတ်ပုံများဖြင့် ဖော်ပြထားလေသည်။

တတိယအပိုင်းမှာ လူရွှန်းအား မြန်မာစာဖတ်သူတို့နှင့် မိတ်ဆက်ပေးခြင်းတွင် ဆရာကြီးမင်းသုဝဏ်ရေးသားခဲ့သော "လူရွှန်း" စာအုပ်ကို ပြန်လည်ဖော်ပြထားခြင်းဖြစ်သည်။ ယင်းစာအုပ်ကို ၁၉၅၆ ခုနှစ်တွင် တရုတ်-မြန်မာမိတ်ဆွေဖြစ်အသင်းက ထုတ်ဝေပေးထားခြင်းဖြစ်သည်။ လူရွှန်းအကြောင်းနှင့် လူရွှန်းရေးသားခဲ့သော "အဖြစ်အပျက်ကလေးတစ်ခု" ဝတ္ထုကိုလည်း တင်ပြထားသည်။ ထိုအပိုင်းတွင် လူရွှန်း၏ ဓာတ်ပုံမှတ်တမ်းနှင့် အဖြစ်အပျက်ကလေးတစ်ခု၏ သရုပ်ဖော်ပုံကို ပန်းချီမှုတ်သုံကရေးဆွဲပေးထားသည်။

စတုတ္ထအပိုင်းမှာ မင်းသုဝဏ်ဘာသာပြန်ခဲ့သော တရုတ်စာပေများဖြစ်သည်။ ယင်းတွင် ပဲကျွဲ့ယိ၏ကဗျာနှစ်ပုဒ်၊ မာရှယ်ချင်ယိ၏ မြန်မာပြည်သား ကဗျာများ၊ တရုတ်ရိုးရာကလေးပုံပြင်သုံးပုဒ်ကို ဖော်ပြထားသည်။ ပဲကျွဲ့ယိကဗျာနှစ်ပုဒ်တွင် "ကောက်ရိတ်သမားတွေကိုမြင်တော့" နှင့် "ပျူတေးသံ" ကဗျာတို့ကို ဖော်ပြထားသည်။ ပဲကျွဲ့ယိမှာ ဟိုနန်ပြည်နယ် ကျန့်ကျိုးတွင်မွေးဖွားခဲ့ပြီး တရုတ်စာပေသမိုင်းတွင် နာမည်ကျော်ကြားသူဖြစ်သည်။ 'ကဗျာကဝေ၊ ကဗျာဘုရင်'ဟု တင်စားခေါ်ဝေါ်ကြလေသည်။

မာရှယ်ချင်ယိသည် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့် အရပ်ဒေသများကို ကဗျာဖွဲ့ခဲ့လေသည်။ ယင်းကဗျာတို့မှာ 'ကန်တော်ကြီးမီးပန်းပွဲ'၊ 'မော်လမြိုင်'၊ 'မန်းနေပြည်'၊ 'ပုဂံပြည်'၊ 'ငပလီကမ်းခြေ'၊ 'အင်းလေးကန်'၊ 'တောင်ကြီးမြို့'တို့ကို ကဗျာဖြင့် ခံစားရေးဖွဲ့ခဲ့လေသည်။ ထိုကဗျာများကို ဆရာကြီးမင်းသုဝဏ်က ဘာသာပြန်ခဲ့ခြင်းဖြစ်သည်။

ပဉ္စမအပိုင်းမှာ မင်းသုဝဏ်ပြောသော မြန်မာ့ယဉ်ကျေးမှုများဖြစ်သည်။ ယင်းတွင် 'မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ပညာ'၊ 'မြန်မာ့ရိုးရာ လိမ္မာရေးမှု'နှင့် 'တို့ကျေးရွာ' တို့ဖြစ်သည်။

ထို့နောက် ကိုးကားအချက်အလက်များတွင် 'ခေတ်ပြိုင်နာမည်ကျော် စာရေးဆရာကြီး မင်းသုဝဏ်' ကို ဖော်ပြထားသည်။ ယင်းစာစုမှာ ပေကျင်းတက္ကသိုလ် အရှေ့တိုင်းပညာမဟာဌာနမှ မြန်မာစာပါမောက္ခ လီမိုးဖြစ်သည်။ ဆရာမင်းသုဝဏ်၏ တပည့်တစ်ဦးဖြစ်ပြီး ယခုဆောင်းပါးကို ရေးခဲ့ပြီး အရှေ့တိုင်းသုတေသနစာစောင် ၁၉၉၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့လေသည်။ မူရင်းတရုတ်ဘာသာဖြင့် ရေးသားခဲ့သည့်စာမူကို ဆရာလီမိုးက ကိုယ်တိုင်မြန်မာလို ပြန်လည်ရေးသားခဲ့သည်ကို ယခုစာစုတွင် ဖော်ပြခြင်းဖြစ်သည်။

မင်းသုဝဏ်ဘဝနှင့် စာပေရက်စွဲသမိုင်းကိုလည်း ဖော်ပြခဲ့ပြီး ဆရာကြီးမင်းသုဝဏ်ရေးသားခဲ့သော စာအုပ်စာရင်းကိုပါ တင်ပြထားလေသည်။ ယင်းစာစုများကို မြန်မာနိုင်ငံရှိ တရုတ်သံရုံးမှ ပုဂ္ဂိုလ်များနှင့် မြန်မာစာပေပညာရှင်များက စုစည်းပေးခဲ့ခြင်းဖြစ်သည်။ ။

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သံမဏိကြိုးတံတားတစ်စင်းကို စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်ပေးသွားမည်

**စစ်ကိုင်း မေ ၂၀**

ဗန်းမောက်မြို့နယ် မူးသာအုပ်စု ပဲ့နင်းကျေးရွာနှင့် အခြားဒေသတို့ သွားလာမှုလွယ်ကူအန္တရာယ်ကင်းစေရန် သံမဏိကြိုးတံတားတစ်စင်းကို မူးမြစ်ပေါ်တွင် နတလ၏စံနှုန်းများဖြင့်တွက်ချက်ကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ထည့်သွင်းလျာထား တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်ထံမှ သိရသည်။

မူးသာအုပ်စုအတွင်း သံမဏိကြိုးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိသိရှိ လိုကြောင်းကို ဗန်းမောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီဟန်က ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့အစည်းအဝေးတွင် မေးမြန်းရာ ဗိုလ်မှူးကြီး ကျော်သန့်နိုင်က ဖြေကြားခြင်းဖြစ်သည်။

ဗန်းမောက်မြို့နယ်က နန်းဒေသနှင့် မူးသာအုပ်စုအတွင်း အိမ်ခြေ ၉၈ အိမ်ရှိသော ပဲ့နင်းကျေးရွာသည် အခြားဒေသများနှင့် ဆက်သွယ်သွားလာရာတွင် မူးမြစ်ကိုဖြတ်ပြီး သွားလာရရာ နွေရာသီရေနည်းချိန်တွင် မူးမြစ်အတွင်းမှဆင်းကာ ဖြတ်ကျော်သွားလာနိုင်သော်လည်း မိုးရာသီ ရေကြီးချိန်များတွင် မဖြတ်ကူးနိုင်၍ လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ကျော်က ပေ ၁၅၀ အရှည်၊ အမြင့် ၁၈ ပေရှိ တံတားတစ်စင်း တည်ဆောက်သွားလာနေရာတွင် နှစ်ကာလကြာပြီဖြစ်၍ တံတားဆွေးမြည့်လှုပ်ယမ်းနေပြီဖြစ်သည်။ ကျောင်းသား ကျောင်းသူ ၄၀ ခန့်နှင့် ဒေသခံများသည် ဆွေးမြည့်လှုပ်ယမ်းနေသော တံတားဟောင်းပေါ်မှ ဖြတ်သန်းသွားလာနေရခြင်းသည် အန္တရာယ်များနေသည်ကို တွေ့ရသည်။

ထို့အတွက် သံမဏိလူကူးတံတားတစ်စင်းရရှိလိုကြောင်း ဒေသခံများက လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့စဉ် ပြောကြားတင်ပြလာသည့်အတွက် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် တည်ဆောက်ရန် ကျပ်ငါးသန်းလျာထားလျက်ရှိနေကြောင်း၊ အကျိုးပြုဧရိယာအနေဖြင့် နည်းသော်လည်း ဒေသခံများအတွက် မရှိမဖြစ်လိုအပ်သလို အန္တရာယ်များပြားနေသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းမေးမြန်းရခြင်းဖြစ်ကြောင်း ဗန်းမောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီဟန်က ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲနှင့်ဆုပေးပွဲ ရွှေကျင်မြို့၌ကျင်းပ

**ရွှေကျင် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကျင်းပသော မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲနှင့် စံပြကျေးရွာဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၇ ရက်က ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရွှေကျင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းနှင့် ညောင်လေးပင်မြို့နယ် ကျေးလက်ဦးစီးမှူး ဦးသန်းလွင်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး ရွှေကျင်မြို့နယ် ကျေးလက်ဦးစီးမှူး ဦးဟိန်းဇော်က စီမံကိန်းဆောင်ရွက်နေမှုနှင့် ဆုရွေးချယ်ရေးစနစ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်နေသောကျေးရွာများမှ စံပြကျေးရွာဆု၊ စာရင်းဇယားအကောင်းမွန်ဆုံးဆုနှင့် စည်းလုံးညီညွတ်မှုဆုများရရှိသော ကျေးရွာများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သော ကျေးရွာများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျေးရွာစီမံကိန်းကော်မတီဝင်များက တစ်နှစ်တာဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့်ပတ်သက်၍ အုပ်စုလေးစုဖွဲ့ ဆွေးနွေးခဲ့ကြရာ ဆွေးနွေးချက်များအပေါ် မြို့နယ်ဦးစီးမှူးများနှင့် မြစိမ်းရောင်ကော်မတီဝင်များက သုံးသပ်ဆွေးနွေးခဲ့ကြသည်။ **နေလင်း(ညောင်လေးပင်)**

## ငရုတ်ကောင်းမြို့၌ မုန်တိုင်းအန္တရာယ်သတိပေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခန်းများဆောင်ရွက်

**ငရုတ်ကောင်း မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့အထက်တန်းကျောင်း၌ မုန်တိုင်းတိုက်ခတ်မှုသဘာဝဘေးနှင့် ကြုံတွေ့ပါက ပြုလုပ်ရမည့်အချက်များကို သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခန်းများဆောင်ရွက်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ငရုတ်ကောင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာ



သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့-မြန်မာ (Help Age International - Myanmar)တို့ ပူးပေါင်းကာ မေ ၁၃ ရက်က ဆောင်ရွက်ခဲ့သည်။

မုန်တိုင်းသရုပ်ပြလေ့ကျင့်ရာတွင် မုန်တိုင်းမဖြစ်ပေါ်မီ အခြေအနေ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ်အခြေအနေနှင့် ဖြစ်ပေါ်ပြီး အခြေအနေများကို အဆင့်ဆင့်လက်တွေ့သရုပ်ပြခဲ့သည်။ မုန်တိုင်းအန္တရာယ်သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲသို့ ငရုတ်ကောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးပိုင်၊ ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူး ဦးဟန်လင်းထွန်း၊ ငရုတ်ကောင်းမြို့ရဲစခန်းမှ စခန်းမှူး ရဲအုပ်ရွှေဇံအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ ဒု-လက်ထောက်ဦးစီးမှူး ဦးသန်းဌေးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ငရုတ်ကောင်းမြို့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာအောင်မျိုးသန့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှု ပူးပေါင်းလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

# ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

စိုးအောင်(ပညာရေး)

ပညာရေးဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ပညာသင်နှစ်

**ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး**

**ကျောင်းအပ်နှံရေးသီတင်းပတ်** **၂၀၁၇၊ မေလ (၂၅) မှ (၃၁) ရက်အထိ**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး သီတင်းပတ်ကို ယခုနှစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် အခြေခံပညာ စာသင်ကျောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ရာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးသာမက ကျောင်းထွက်သူပပျောက်ရေးကိုပါ အထူးအလေးပေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကျောင်းနေအရွယ်ကလေးများနှင့် လူငယ်များအတွက် အခြေခံပညာသင်ယူခွင့်ရရှိရန် ကျောင်းအပ်နှံမှု အခွင့်အလမ်းများရရှိပြီး ကျောင်းတက်နှုန်းမြင့်မားလာစေရန်နှင့် အခမဲ့ပညာသင်ကြားရေး အကောင်အထည်ဖော်ရေးအတွက် ပညာရေးဝန်ကြီးဌာနက ရည်ရွယ်ဆောင်ရွက်နေခြင်းသည် မြန်မာ့ပညာရေးအတွက် ဂုဏ်ယူဖွယ်ပြယုဂ်တစ်ခုပင် ဖြစ်သည်။

ယခု ပညာသင်နှစ်အတွက် ကျောင်းအပ်နှံစဉ်တွင် သူငယ်တန်း (KG)မှ စတုတ္ထတန်း(Grade-4)အထိ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံတစ်စုံစီ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ပြီး ကျောင်းဝတ်စုံကို လက်ခံရယူလိုသော ကျောင်းသား ကျောင်းသူများကိုသာ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

ပထမတန်းမှ စတုတ္ထတန်းအထိ ကျောင်းဝတ်စုံအပြင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံနှင့် ဗလာစာအုပ်ခြောက်အုပ်စီကို အခမဲ့ဖြန့်ဝေပေးပြီး ပဥ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသားအားလုံးအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံစီ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်သည်။

ယင်းသို့ ဖြန့်ဝေပေးရာတွင် သင်ရိုးသစ်ဖြင့် စတင်သင်ကြားမည့် ပထမတန်း (Grade-1) ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းသုံးဖတ်စာအုပ်တစ်စုံစီ ရရှိမည်ဖြစ်သည်။ သင်ကြားသည့် ဘာသာရပ်များတွင် စာမေးပွဲဖြေဆိုရမည့်ဘာသာရပ် ငါးမျိုးရှိပြီး ကျန်ဘာသာရပ်များကိုလည်း တတ်မြောက်အောင် သင်ယူရမည်ဖြစ်ကြောင်း သိရသည်။ ပထမတန်း (Grade-1)ဘာသာရပ်များအတွက် ဗျည်းအက္ခရာ၊ ကိန်းဂဏန်းများ လေ့ကျင့်ရန် လက်ရေးကျင့်စာအုပ်ကိုပါ ဖြန့်ဝေထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် ကျောင်းအပ်နှံရေးသီတင်းပတ် ဆောင်ရွက်နေစဉ်အတွင်း ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းအားလုံးသိရှိလိုက်နာရမည့်အချက်များ၊ မိဘများသို့ မေတ္တာရပ်ခံချက်များစသည့် အသိပေးလှုံ့ဆော်ခြင်းကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဆရာ ဆရာမများနှင့် အမှုထမ်း၊ အရာထမ်းများအနေဖြင့် ငွေကြေးကောက်ခံခြင်း၊ ငွေကြေး၊ တံစိုးလက်ဆောင်ရယူခြင်း၊ ကျောင်းတံဆိပ်၊ အတန်းတံဆိပ်စသည်တို့နှင့် အခြားမည်သည်တို့ကိုမျှ ရောင်းချခြင်းမပြုရန်၊ ကျောင်းတတ်မှန်ပြီး စာသင်ချိန်အတွင်း အတန်းဝင်ရောက်မှုများကာ ကျောင်းသား ကျောင်းသူများ တက်မြောက်မှုရှိအောင် သင်ကြားပို့ချခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ကျောင်းသား ကျောင်းသူများ ကျောင်းတက်မှန်ရေး၊ ကျောင်းတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများ ကျောင်းနေမြဲပြီး အကျင့်စာရိတ္တကောင်းမွန်ရေးတို့ကို မိဘနှင့်ဆရာ ပူးပေါင်းဆောင်ရွက်ပြီး လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ထို့ပြင် ဆရာ ဆရာမများ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် သင်ယူမှုကို စိတ်ဝင်စားပြီး သင်ယူလေ့လာခြင်းများကို အစဉ်ပြုလုပ်ကာ မိမိကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုကို တိုးတက်မြင့်မားစေခြင်း၊ ကျောင်းဖွံ့ဖြိုးရေး ရန်ပုံငွေများကိုလည်း ကျောင်းသား ကျောင်းသူများ သင်ယူတတ်မြောက်မှုအတွက် အထောက်အကူဖြစ်စေမည့် ကျောင်းစာကြည့်တိုက်တို့တွင် စာအုပ်စာတမ်းများဖြည့်ဆည်းခြင်း၊ အားကစားအတွက် စားပွဲတင်တင်းနစ်၊ ဘောလုံး စသည့်အားကစားပစ္စည်းများ ဖြည့်ဆည်းခြင်း၊ မြစ်ကူးချောင်းခြားသော ကျောင်းများအတွက် သက်ကယ်အင်္ကျီများ ဖြည့်ဆည်းခြင်း၊ သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားသင်ယူမှုများ ရှိလာစေရန် စနစ်တကျစီမံခန့်ခွဲ အသုံးပြုဆောင်ရွက်သွားရမည်ဖြစ်သည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အနှစ်ချုပ်စာအုပ်ပါ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဉယျောဇဉ်တွင် ဖော်ပြထားသကဲ့သို့ **အခြေခံပညာရေးနှင့်ပတ်သက်၍ ကလေးများအားလုံး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပညာရေးကို အောင်မြင်စွာပြီးမြောက်ပြီး ဆီလျော်မှုရှိသော သင်ယူမှုဆိုင်ရာ တတ်ကျွမ်းမှုရရှိအောင် အတူတကွ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ သို့မှသာ အခြေခံပညာရေးသည် ကလေးများအား နည်းပညာနှင့် သတ်မွေးပညာရေးနှင့် လေ့ကျင့်ရေး သို့မဟုတ် တက္ကသိုလ်ပညာကို ဆက်လက်သင်ယူနိုင်မည့် ခိုင်မာသည့် အသိပညာနှင့် ကျွမ်းကျင်မှုများကို ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။**

ဆရာ ဆရာမများ စာသင်ခန်းခွဲရာတွင်လည်း (က)တန်း၊ (ခ)တန်းဟု ခွဲခြားသတ်မှတ်နိုင်သော်လည်း ကျောင်းသား ကျောင်းသူများကို တော်/သင့်/ညံ့ ခွဲခြား၍ အတန်းခွဲခြားခြင်းမျိုးမရှိစေရဘဲ အတူတွဲ၍ အတန်းများကို ခွဲခြားသွားမည်ဖြစ်ကြောင်းသိရသည်။

အထူးသဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း သင်ယူနိုင်မည့် အခွင့်အလမ်းမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများ တတ်မြောက်မှု အရည်အသွေးတိုးမြှင့်ရေး၊ ဆရာ ဆရာမများ၏ အရည်အချင်းတိုးတက်မြင့်မားရေးကို ဆောင်ရွက်ရာတွင် မိဘ၊ ကျောင်းသား၊ ရပ်ရွာလူထုနှင့် ဆရာ ဆရာမများအတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် အပြင် အခမဲ့ပညာရေးစနစ် ကျင့်သုံးမှုနှင့်အတူ ကျောင်းသားအားလုံးအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပံ့ပိုးပေးခြင်း၊ မူလတန်းကျောင်းသားအားလုံးအတွက် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များပံ့ပိုးပေးခြင်း၊ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့် အခကြေးငွေကိုမျှ ကောက်ခံခြင်းမပြုရန်လည်း သတ်မှတ်ထားပါသည်။

ထိုသို့သော အကြောင်းအချက်များသည် မိသားစုများ၏ ပညာရေးကုန်ကျစရိတ်များကို သိသာစွာ လျှော့ချပေးနိုင်ခြင်းကြောင့် မိဘပြည်သူများ၏ ကျယ်ကျယ်ပြန့်ပြန့် အားပေးထောက်ခံသည့် အကျိုးဆက်များကို ရရှိခဲ့ပြီး ယမန်နှစ်က ကျောင်းသားဦးရေ သုံးသိန်းခန့် တိုးမြှင့်အပ်နှံလာသည်ကို တွေ့ရှိရသည်။ ယခုပညာသင်နှစ်တွင်လည်း သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသအဖွဲ့အစည်းများ၊ မိဘဆရာများပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

---

## ပညာရေးဝန်ကြီးဌာန "၂၀၁၇-၂၀၁၈ ပညာသင်နှစ်"

# မိဘများသို့ မေတ္တာရပ်ခံချက်

- ❖ ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်းကြောင့် လည်းကောင်း၊ ကျောင်းအပ်နှံနှုန်းမြင့်မားလာခြင်းကြောင့် လည်းကောင်း၊ ထပ်ကျော့ ကျောင်းအပ်နှံခြင်းကြောင့်လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို လုံလောက်စွာဖြန့်ဝေပေးလိုပါသဖြင့် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ **ငွေကြေးနှင့် လက်ဆောင်ပစ္စည်းများ**ကို ကျောင်းအုပ်၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။
- ❖ ကျောင်းသား ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာမှန်မှန်လုပ်ဆောင်ရေးအတွက် မိဘများကကြီးကြပ်၍ ဆရာ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး မိမိသားသမီးများကို တိုက်တွန်းအားပေးပါရန်။
- ❖ မိဘများအနေဖြင့် မိမိသားသမီး၏ ပညာသင်ယူတတ်မြောက်မှု၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်မှုတို့ကို ဆရာ ဆရာမများနှင့် ဆွေးနွေးပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❖ မူလတန်းအဆင့်တွင် ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်နှင့် မျှဝေခြင်းဆိုင်ရာ အစီအစဉ်တွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်(သို့မဟုတ်) umoffice@moe-mm.com သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

---

## ပညာရေးဝန်ကြီးဌာန "၂၀၁၇-၂၀၁၈ ပညာသင်နှစ်"

### ကျောင်းအုပ်၊ ဆရာ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမှ ကောက်ခံခြင်း မပြုရ။
- ❖ **ငွေကြေး/လက်ဆောင်ပစ္စည်း** တစ်စုံတစ်ရာလက်ခံခြင်း မပြုရ။
- ❖ ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ**ရောင်းချခြင်း မပြုရ။
- ❖ အခြား**မည်သည့်ပစ္စည်း**ကိုမှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်း ပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေးအတွက် ဆရာ ဆရာမများက မိဘများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသန့်ရှင်းလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ❖ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူတတ်မြောက်မှု၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်မှုတို့ကို မိဘများနှင့် ဆွေးနွေးပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ မူလတန်းအဆင့်တွင် ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေး အတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မိဘနှင့် ဆရာပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ ကျောင်းနေမြဲ၍ အကျင့်စာရိတ္တကောင်းမွန်ရေး ဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုအရည်အသွေး ကောင်းမွန်ရေး အလေးထားဆောင်ရွက်ရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အကြံပြုလို၊ တိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်(သို့မဟုတ်) umoffice@moe-mm.com သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

---

# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် မော်လမြိုင်မြို့တွင် ကျင်းပမည်

**မော်လမြိုင် မေ ၂၀**

၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ကို မော်လမြိုင်မြို့ ရွှေနတ်တောင်ဂေါက်ကလပ်တွင် မေ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်၊ ဝါသနာရှင်အဆင့် အမျိုးသား (H'cap 0-12)၊ အမျိုးသမီး (H'cap 0-18)နှင့်အဆင့်များ ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားပါသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူးဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် မေ ၂၄ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပညာရှင်အဆင့် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှင့် ဝါသနာရှင်အဆင့်တစ်ဦးလျှင် ကျပ် ၁၀၀၀၀ ဖြင့် ဖုန်း-၀၉-၂၆၂၆၀၂၆၃၆၊ ၀၉-၇၇၉၈၄၆၇၆၁ တို့သို့ စာရင်းပေးသွင်းနိုင်ပါသည်။

ပြိုင်ပွဲဝင်များသွားလာရေးအဆင်ပြေစေရန် ရန်ကုန်မြို့မှ မော်လမြိုင်မြို့သို့ ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး မြန်မာဂေါက်ကလပ် ကိုးမိုင်မှ မေ ၂၁ ရက် နံနက် ၆ နာရီခွဲတွင် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**

---

# မြစိမ်းရောင်ကျေးရွာများ၏လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**အုတ်တွင်း မေ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဦးစီးဌာနအနေဖြင့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာပေါင်း ၂၅ ရွာအား တစ်ရွာလျှင် အရင်းမပျောက်မတည်ငွေ ကျပ်သိန်း ၃၀၀ စုစုပေါင်း ကျပ်သိန်းပေါင်း ၇၅၀၀ ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ကျေးရွာခုနစ်ရွာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လျာထားကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောကြားသည်။ မြစိမ်းရောင်စီမံကိန်းဖြင့် ကျေးရွာများအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ငွေစာရင်းများရေးသွင်းထားမှုအခြေအနေများကို မေ ၁၇ ရက်က မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများသည် ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် မေ ၂၀**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (14th ACDFIM)သို့ တက်ရောက်ခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှ ထွက်ခွာကြပြီး ည ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms.Stephnie Alexis A. Cruz နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့ ရုရှားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၀**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့သည် ရုရှားသမ္မတနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ မေ ၁၅ ရက်မှ ၁၉ ရက်ထိ ကျင်းပခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တရားမျှတမှု၊ တရားစီရင်မှုဆိုင်ရာ မူသဘောနှင့်လက်တွေ့ကျင့်သုံးဆောင်ရွက်မှု အပြည်ပြည်ဆိုင်ရာညီလာခံတက်ရောက်ခဲ့ပြီး ယနေ့နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အတူ အဖွဲ့ဝင်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးမြင့်ဝင်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မကွေးမြို့တွင်းလမ်းများအား ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်

**မကွေး မေ ၂၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့အတွင်းရှိ မြို့တွင်းလမ်းလေးလမ်းအား ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဆင့်မီသည့် လမ်းများဖြစ်အောင် ဟန်ချက်ညီညီ ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ပြည်သူများက ဝိုင်းဝန်းစောင့်ရှောက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖွံ့ဖြိုးရေးပိုလျှံငွေဖြင့် မကွေးမြို့တွင်းလမ်း လေးလမ်းကို ကတ္တရာကွန်ကရစ်ခင်းခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဆေးရုံငါးထပ်ဆောင် အဆောက်အအုံအပါအဝင် လိုအပ်ချက်ရှိသော အခြားတည်ဆောက်ရေးလုပ်ငန်းများစွာကိုလည်း တိုင်းဒေသကြီးအစိုးရအနေဖြင့် တစ်နှစ်အတွင်း လုပ်ဆောင်ပေးနိုင်သဖြင့် များစွာဂုဏ်ယူပါကြောင်း ပြောကြားသည်။ ယင်းနောက် မြို့မိ မြို့ဖတစ်ဦးက ကျေးဇူးတင်ဂုဏ်ယူစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ တိုင်းဒေသကြီးဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ လမ်းအထူးအဖွဲ့(၁၁)ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်၊ မြို့မိ မြို့ဖတစ်ဦးတို့က မကွေးမြို့တွင်းလေးလမ်း ကတ္တရာကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းတစ်လျှောက်လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်သည့် ကတ္တရာကွန်ကရစ်ခင်း လမ်းလေးလမ်းမှာ အရှည် ၈၁၉၉ ပေနှင့် အကျယ် ပေ ၃၀ ရှိ တစ်လမ်း၊ အရှည် ၁၁၂၅၃ ပေနှင့် အကျယ် ပေ ၄၀ ရှိ ပြည်တော်သာလမ်း၊ အရှည် ပေ ၁၉၂၀ နှင့် အကျယ် ၂၄ ပေ ရှိ ဆေးရုံလမ်း၊ အရှည် ၆၈၅၇ ပေနှင့် အကျယ် ၄၈ ပေရှိ ဗိုလ်ချုပ်လမ်းတို့ဖြစ်ပြီး မကွေးတိုင်းဒေသကြီးအစိုးရဖွံ့ဖြိုးရေးပိုလျှံငွေမှ ကျပ်သန်းပေါင်း ၂၈၁၁ ဒသမ ၄၅ သန်းအကုန်အကျခံကာ ဆောက်လုပ်ရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

■

### ○ ရွှေဟောင်းမှ

ထယ်ခွဲနေစဉ်မြေကြီးအတွင်း နှစ်ပေခန့်နစ်မြုပ်နေသော စဥ့်အင်တုံတစ်ခုအား တိုက်မိခဲ့ပြီး အတွင်းမှ ကြေးဝါခမောက် ခုနစ်လုံး၊ ဖန်ရေခွက်ပိုင်းတစ်ခု၊ ဖန်ထည်ခွက် နှစ်ခုတို့အား တွေ့ရှိခဲ့သည်။ ယင်းပစ္စည်းများမှာ စဥ့်အင်တုံကြီးတစ်ခုအတွင်း ထည့်သွင်းထားပြီး အပေါ်မှ ကြီးမားသော စဥ့်အင်တုံတစ်ခုဖြင့် ဖုံးအုပ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။

ယင်းပစ္စည်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးအား ခေါ်ယူပြသ၍ ရွာသို့သယ်ဆောင်လာပြီး တိုင်းထွာကြည့်ရာ ကြေးဝါခမောက်အကြီးနှစ်ခုမှာ အပြင်အဝ ၁၁ လက်မခွဲ၊ အတွင်းအကျယ် ခုနစ်လက်မ၊ အသေးငါးလုံးမှာ အပြင်အဝ ကိုးလက်မနှင့် အတွင်းအကျယ်မှာ ခုနစ်လက်မစီရှိသည်။ ကြေးဝါခမောက်များထည့်ထားသော စဥ့်အင်တုံ၏အဝမှာ ၁၇ လက်မရှိပြီး ဇောက် ၁၁ လက်မရှိကာ ကြေးဝါခမောက်အသေးပေါ်တွင် စူးချွန်ဖြင့် "ရွှေမြင်သာ" ဟု မြန်မာစာလုံးဖြင့် ရေးထိုးထားသည်ကို တွေ့ရသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးနိုင်က မိမိတို့ကျေးရွာအနီး မြေထဲမြို့ဟောင်းတစ်ဝိုက်တွင် ယင်းကဲ့သို့ ရှေးဟောင်းပစ္စည်းများ မကြာခဏတွေ့ရတတ်ကြောင်းနှင့် ယခုတွေ့ရှိသော ပစ္စည်းများသည်လည်း ရှေးခေတ်စစ်သုံးကြေးဝါခမောက် သို့မဟုတ် အရပ်သုံးပစ္စည်းများဖြစ်ကြောင်း ခွဲခြားသိရှိနိုင်ရေးအတွက် သက်ဆိုင်ရာသို့သတင်းပို့ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

**သိန်းလွင်(အောင်လံ)**

■

### ❐ အစိုးရမှ

"အစိုးရနည်းပညာအထက်တန်းကျောင်းဖွင့်လှစ်တာဟာ ပညာရေးဝန်ကြီးဌာနက ခွင့်ပြုတာဖြစ်တဲ့အတွက် ပြည်ထောင်စုအဆင့်ကသာ ဆောင်ရွက်လို့ရပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့လည်း ကောလင်းမြို့နယ်မှာ အစိုးရနည်းပညာအထက်တန်းကျောင်းဖွင့်လှစ်ဖို့ အစီအစဉ်မရှိသေးပါဘူး" ဟု ဒေါက်တာဇော်ဝင်းက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပညာရေးဝန်ကြီးဌာနမှ နည်းပညာနှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားရန်အတွက် မုံရွာမြို့၊ စစ်ကိုင်းမြို့၊ ကလေးမြို့များတွင် နည်းပညာတက္ကသိုလ်သုံးခု၊ ရွှေဘိုမြို့တို့တွင် နည်းပညာကောလိပ်တစ်ခု၊ ကန့်ဘလူမြို့နှင့် ခန္တီးမြို့တို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ နှစ်ခု၊ မုံရွာမြို့၊ ချောင်းဦးမြို့၊ ကလေးမြို့နှင့် ခန္တီးမြို့တို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်း လေးခုကို ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အစိုးရနည်းပညာအထက်တန်းကျောင်း လေးကျောင်းတွင် နှစ်စဉ်ကျောင်းအလိုက် စာသင်ခန်းအရွယ်အစားဝင်ဆံ့မှုအပေါ် မူတည်၍ လက်ခံသင်ကြားပေးလျက်ရှိပြီး ယခု ၂၀၁၆-၁၇ ပညာသင်နှစ်တွင် မုံရွာကျောင်း၌ ကျောင်းသား ၁၅၀၊ ချောင်းဦးကျောင်းတွင် ၃၃ ဦး၊ ကလေးကျောင်းတွင် ၁၂၂ ဦး၊ ခန္တီးကျောင်းတွင် ၇၅ ဦး လက်ခံသင်ကြားပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါကျောင်းများသို့ တက်ရောက်ပညာသင်ယူနေသည့် ကျောင်းသားများကို နိုင်ငံတော်မှ တစ်လလျှင် ကျောင်းသားတစ်ဦးလျှင် ကျပ်သုံးသောင်း လစဉ်ထောက်ပံ့ပေးလျက်ရှိသလို အစိုးရနည်းပညာအထက်တန်းကျောင်းသို့ နှစ်နှစ်တက်ရောက်ပြီး အောင်မြင်သူများသည် အစိုးရစက်မှုလက်မှုသိပ္ပံများသို့ တက်ရောက်နိုင်ကာ GTI အသိအမှတ်ပြုလက်မှတ်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

### ❋ ကျောဖုံးမှ

ဒုတိယပိုင်းအစမှာ စိုးမင်းအောင်က GFA အတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သောကြောင့် လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိခဲ့သည်။ ဟံသာဝတီအသင်းသည် အမိကတိုက်စစ်မှူး မာစီယိုကိုထည့်ကာ တိုက်စစ်အားမြှင့်လာခဲ့ပြီး အနိုင်သေချာစေမည့် တတိယဂိုးကို ၈၂ မိနစ်တွင် မာစီယိုက မောင်မောင်လွင်၏ ဖန်တီးပေးမှုမှတစ်ဆင့် ပိတ်သွင်းယူခဲ့သည်။

ဒုတိယနေ့ကို မေ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် ချင်းယူနိုက်တက်၊ မော်လမြိုင်ကွင်း၌ Southern နှင့် ရန်ကုန်၊ သုဝဏ္ဏကွင်း၌ မကွေးနှင့် နေပြည်တော်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

ဥတုရာသီ တောကိုမီး၏

# မူလတန်းဆရာအတတ်ပညာ မြို့နယ်အခြေပြုအထူးသင်တန်းဆင်းပွဲကျင်းပ



**ကျောက်တံခါး မေ ၂၀**

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်တွင် မူလတန်းဆရာအတတ်ပညာ မြို့နယ်အခြေပြုအထူးသင်တန်းဆင်းပွဲကို မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပဲနွယ်ကုန်း(အထက)ပညာတံခွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို သင်တန်းသား သင်တန်းသူများက မြတ်ဆရာသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ခရိုင်ပညာရေးမှူးကိုယ်စား ဦးစီးအရာရှိနှင့် မြို့နယ်ပညာရေးမှူးတို့က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများက တေးသရုပ်ဖော်များ ဖြင့်ဖျော်ဖြေကြပြီး ဆုရရှိသည့် သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၇၉ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၅ ရက်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် မန္တလေးမြို့တွင် ရုံးဌာနနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ရန် မြေနေရာကြည့်ရှု

**မန္တလေး မေ ၂၀**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် မေ ၁၉ ရက်တွင် မန္တလေးမြို့တွင် ရုံးဌာနဖွင့်လှစ်ရန်နှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်နိုင်ရေးတို့အတွက် မြေနေရာကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ရောက်ရှိပြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ယာယီရုံးခန်းဖွင့်လှစ်ရန်နေရာနှင့် ရုံးခန်းအသစ်တည်ဆောက်ရန် မြေနေရာရရှိမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးတို့သည် ရုံးခန်းတည်ဆောက်ရန် ရရှိသည့် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်ရှိ မြေနေရာကို သွားရောက်ကြည့်ရှုခဲ့ပြီး လူနေရပ်ကွက်အတွင်း ရောက်ရှိနေခြင်းကြောင့် ရုံးဌာနဖွင့်လှစ်ရန် မသင့်လျော်သည့်အတွက် ဝန်ထမ်းအိမ်ရာတည်ဆောက်ရန် သတ်မှတ်ပေးခဲ့ကာ ဆက်လက်၍ လွှတ်တော်ရုံးဟောင်းနေရာကို သွားရောက်ကြည့်ရှုခဲ့ပြီး ယာယီရုံးဌာနဖွင့်လှစ်နိုင်ရေးအတွက် ပထမဦးစားပေးလုပ်ဆောင်ရန်နှင့် မြေနေရာရှာဖွေပြီး ရုံးအသစ်အမြန်ဆုံးတည်ဆောက်နိုင်ရေးအတွက် မှာကြားခဲ့သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အသစ်တည်ဆောက်ထားသည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံးသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ပြီး မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်တွေ့ဆုံ၍ ယာယီရုံးခန်းဖွင့်လှစ်နိုင်ရေးနှင့် ရုံးအသစ်ဆောက်လုပ်ရန် မြေနေရာရရှိရေးတို့အတွက် ဆွေးနွေးခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လစ်လပ်လျက်ရှိသည့် ဝန်ကြီးအိမ်ရာအား ယာယီရုံးခန်းအဖြစ် ဖွင့်လှစ်ရန် သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

လက်ရှိအစိုးရသစ်လက်ထက်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို အသစ်တိုးချဲ့ဖွင့်လှစ်လိုက်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ဦးစီးဌာနရုံးများ တည်ဆောက်ဖွင့်လှစ်နိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ (၆၀ × ၈၀)ပေ ကျယ်ဝန်းသည့် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ငွေကျပ် သိန်း ၂၆၅၀ သုံးစွဲရန် ခွင့်ပြုချက်ရရှိထားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့မှလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဦးစီးဌာနရုံးများတွင် အရာထမ်း၊ အမှုထမ်း ၄၄ ဦး ခန့်ထားရန် ခွင့်ပြုထားပြီးဖြစ်သည့်အတွက် ယခုဘတ်ဂျက်အတွင်း ပထမဦးစားပေးအဖြစ် ရုံးဌာနဆောက်လုပ်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ရှင်းလင်းပြောကြားခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❑

## နေပြည်တော်၌ သံဃာနှင့် လူပုဂ္ဂိုလ်များပါဝင်သော ဆန္ဒဖော်ထုတ်ပွဲတစ်ရပ်ကျင်းပ

**နေပြည်တော် မေ ၂၀**

မြန်မာ ဗုဒ္ဓဘာသာနိုးကြားရေးအသင်း(ရန်ကုန်)၏ ဦးဆောင်မှုဖြင့် ဆန္ဒဖော်ထုတ်ပွဲတစ်ရပ်ကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် ဘောလုံးကွင်း၌ ကျင်းပသည်။

ဆန္ဒဖော်ထုတ်ပွဲတွင် သံဃာတော်တစ်ပါးနှင့် လူပုဂ္ဂိုလ်သုံးဦးတို့က ဟောပြောခြင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး နုတ်ထွက်ပေးရေး၊ အမျိုးသားရေးလှုပ်ရှားမှုဖြင့် ဖမ်းဆီးခံထားရသူ လေးဦး လွှတ်ပေးရေးအချက်များ အပါအဝင် တောင်းဆိုချက်(၇)ချက်ပါ သဘောထားထုတ်ပြန်ချက်တစ်ရပ်ကို ဖတ်ကြားခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ပွဲသို့ ရန်ကုန်-မော်လမြိုင်-မန္တလေး-ပခုက္ကူမြို့များနှင့် ယင်းမြို့များမှ နေပြည်တော်အထိ လမ်းတစ်လျှောက်ရှိ မြို့များမှ သံဃာတော်နှင့် လူပုဂ္ဂိုလ်များစုဖွဲ့၍ ယာဉ်များဖြင့် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဆန္ဒဖော်ထုတ်ပွဲကို ယနေ့ နံနက် ၉ နာရီမှ နံနက် ၁၁ နာရီအထိ ကန့်သတ်အင်အား ၃၀၀ ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သော်လည်း တက်ရောက်နားထောင်သူများလည်းရှိခဲ့ကြောင်း သိရှိရသည်။

**(မောင်မောင်မင်း)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောက်ဆည် အမှတ်(၃၃) အကြီးစားဘိလပ်မြေစက်ရုံ ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်သည် မေ ၁၄ ရက် မွန်းလွဲပိုင်းက ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းနှင့် Myanmar Conch Cement Co.,Ltd တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော အမှတ်(၃၃)အကြီးစား(ကျောက်ဆည်)ဘိလပ်မြေစက်ရုံကို ကြည့်ရှုခဲ့သည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ်အား စက်ရုံတာဝန်ခံနှင့် နည်းပညာပိုင်းဆိုင်ရာ အင်ဂျင်နီယာများက စက်ရုံတွင် ကွန်ပျူတာစနစ်သုံး စက်ပိုင်းဆိုင်ရာထိန်းချုပ်မှု၊ ကုန်ကြမ်းမှ ကုန်ချောထွက်ရှိသည်အထိ ထုတ်လုပ်မှုအဆင့်ဆင့်၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ဝန်ကြီးချုပ်က စက်မှုလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ လက်တွေ့အသုံးချနိုင်ရန် နည်းပညာတက္ကသိုလ်များနှင့်လည်းချိတ်ဆက်၍ ပူးပေါင်းအကူအညီပေးသွားရေး၊ ပြည်တွင်းကျွမ်းကျင်လုပ်သားများ အခွင့်အလမ်းရရှိစေရေး၊ ဒေသအတွင်းရှိ လိုအပ်လျက်ရှိသော လမ်းပန်းဆက်သွယ်ရေး အပါအဝင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသော ကဏ္ဍများအား (Corporate social responsibility -CSR) အနေဖြင့်လည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီဆောင်ရွက်နိုင်ရေး တိုက်တွန်းပြောကြားခဲ့သည်။

အမှတ်(၃၃) အကြီးစားစက်ရုံ(ကျောက်ဆည်)အား ၂၀၁၃ ခုနှစ်တွင် စက်မှုဝန်ကြီးဌာနမှ အစိုးရပိုင်ဘိလပ်မြေစက်ရုံများကို အဆင့်မြှင့်တင်ရန်အတွက် ပုဂ္ဂလိကနှင့် ပူးပေါင်းရန် တင်ဒါခေါ်ယူရာတွင် Myint Investment Group(MIG)က တင်ဒါရရှိခဲ့သည်။ နောက်ပိုင်းတွင် MIG သည် တရုတ်နိုင်ငံမှ ဘိလပ်မြေထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သော Anhui Conch Cement နှင့် ပူးပေါင်း၍ Myanmar Conch Cement ဟုခေါ်သောပြည်တွင်း၊ ပြည်ပဖက်စပ်ကုမ္ပဏီကိုတည်ထောင်ခဲ့သည်။ စက်ရုံအဆင့်မြှင့်တင်ရေးအတွက် Build, Operate and Transfer (BOT) စာချုပ်ချုပ်ဆိုမှုကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းနှင့် Myanmar Conch Cement Co.,Ltd တို့ ရေးထိုးခဲ့ပြီး အကျိုးတူပူးပေါင်းမှု အစီအစဉ်ဖြင့် တရားဝင်ရင်းနှီးမြှုပ်နှံခွင့်ကို မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ရရှိခဲ့သည်။ ၂၀၁၆ ခုနှစ် ဧပြီလတွင် စီးပွားဖြစ်ထုတ်လုပ်မှုများ စတင်လုပ်ဆောင်ခဲ့ပြီး Alpha Cement နှင့် မြင်းနှစ်ကောင်တံဆိပ် ဘိလပ်မြေများကို ထုတ်လုပ်ခဲ့သည်။

"၂၀၁၃ ခုနှစ်မှာ တင်ဒါခေါ်ခဲ့တယ်။ Myint Investment Group (MIG) က တင်ဒါအောင်ခဲ့တယ်။ ပြည်တွင်းကုမ္ပဏီ MIG နဲ့ တရုတ်နိုင်ငံက Conch ကုမ္ပဏီတို့ ပူးပေါင်းပြီးတော့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က Myanmar Conch Cement ကုမ္ပဏီအနေနဲ့ ခွင့်ပြုပေးခဲ့တယ်။ စီးပွားဖြစ်ကိုတော့ ၂၀၁၆ ခုနှစ် ဧပြီမှာစလုပ်ပြီး ဘိလပ်မြေ နှစ်မျိုးထုတ်တယ်။ မြင်းခေါင်းဘိလပ်မြေက စက်မှုဝန်ကြီးဌာနအောက်မှာရှိတဲ့ ဌာနတွေကို ရောင်းတာ။ ကုမ္ပဏီ Brand အနေနဲ့ Alpha Cement ကိုတော့ ပုဂ္ဂလိကကုန်သည်တွေကို ဖြန့်တာပါ။

ဝန်ကြီးဌာနနဲ့ နှစ် ၃၀ BOT စာချုပ်နဲ့လုပ်တာ။ ထုတ်လုပ်မှုအပေါ် အကျိုးခံစားခွင့် Product Share နဲ့ လုပ်ခဲ့တယ်။ စက်မှုဝန်ကြီးဌာနနဲ့ အကျိုးတူ ဖက်စပ်လုပ်တဲ့အတွက် နိုင်ငံတော်ပိုင် စက်ရုံတစ်ခုဖြစ်လာတယ်။ ပုဂ္ဂလိက စက်ရုံမဟုတ်ပါဘူး" ဟု အကြံပေးဆောင်ရွက်နေသူ ဦးစိုးညွန့်က ပြောသည်။

အဆိုပါစက်ရုံသည် စွမ်းအားပြည့်လည်ပတ်ပါက တစ်ရက်လျှင် ဘိလပ်မြေ တန် ၅၀၀၀ ကျော် ထုတ်လုပ်နိုင်၍ ယင်းမှထွက်ရှိသည့် စွန့်ပစ်အပူဓာတ်မှ လျှပ်စစ်ဓာတ်အား ၄၈ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၃၃ မဂ္ဂါဝပ်ကို စက်ရုံအတွက် သုံးမည်ဖြစ်ကာ ၁၅ မဂ္ဂါဝပ်ကို မဟာဓာတ်အားလိုင်းသို့ လွှဲပေးမည်ဟုလည်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌ မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်

**ရန်ကုန် မေ ၂၀**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်အတွင်းရှိ ပြည်သူများ မူခင်းမဖြစ်ပွားစေရန်နှင့် မူခင်းအသိပညာရရှိစေရန်ရည်ရွယ်၍ ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း စီစဉ်မှုဖြင့် ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့လယ်ကောင်နေရာ ဖြစ်သော မဟာဗန္ဓုလပန်းခြံရှေ့၌ ယနေ့ နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ပြည်သူများအား အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်တေဇာလွင်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(ရန်ကုန်)မှ ရဲအုပ်သိန်းဌေးနှင့်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့စု(၄၁)မှ ဒု-ရဲအုပ် မျိုးရန်နောင်လွင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အပါအဝင် စုစုပေါင်းအင်အား ၂၅ ဦးတို့က စုပေါင်း၍ မူခင်းပညာပေးသိကောင်းစရာများ၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးသိကောင်းစရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးသိကောင်းစရာများကို မူခင်းပြခန်းယာဉ်ဖြင့် တက်ရောက်လာကြသော ပြည်သူများအား အသိပညာပေးရှင်းလင်းပြသခဲ့ပြီး မြို့နယ်အတွင်းရှိ ပြည်သူများအား အသိပညာပေးပိုစတာစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**(စိုးဝင်း-MLA)**



# တနင်္သာရီတိုင်းဒေသကြီးတွင် ကလေးသူငယ်များတွေ့ဆုံပွဲအခမ်းအနားကျင်းပ

**ထားဝယ် မေ ၂၀**

တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော Future Light ,World Vision တို့ပူးပေါင်းဆောင်ရွက်သည့် တိုင်းဒေသကြီးအတွင်းရှိ စီမံချက်ဒေသများမှ ကလေးသူငယ်များတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ ဆိပ်ကမ်းသာလမ်းနှင့် ကမြောကင်းလမ်းထောင့် Royal Palace ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က တနင်္သာရီတိုင်းဒေသကြီးတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး ကလေးသူငယ်များ အခွင့်အရေးအပြည့်အဝရရှိစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ Future Light နှင့် World Vision (တနင်္သာရီဇုန်)တို့သည်လည်း တစ်တပ်တစ်အား ပူးပေါင်းပါဝင်၍ ကလေးများဘဝ ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံပြီး ကောင်းမွန်လုံခြုံသည့် ပတ်ဝန်းကျင်ရရှိစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကလေးသူငယ်များကို တိုင်းပြည်၏ ရတနာသဖွယ်သတ်မှတ်ပြီး ရှေ့ဆက်ရမည့်အနာဂတ်တွင် ကလေးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးကင်းလုံခြုံသည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးနိုင်ရေးအတွက် ပိုမိုကောင်းမွန်ထိရောက်သည့် ပံ့ပိုးမှုများ ဟန်ချက်ညီညီ အတူတကွလက်တွဲ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းရီက လူမှုဝန်ထမ်းလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မောင်နိုင်လင်းဦးနှင့် မအိအိဖြိုးတို့က ကလေးများ၏ရင်တွင်းစကားသံများကို သရုပ်ပြတင်ဆက်ပေးခဲ့ပြီး တက်ရောက်လာသော ဧည့်သည်များနှင့် ဌာနဆိုင်ရာများက အကြံပြုဆွေးနွေးခဲ့သည်။

ထို့နောက် ကလေးသူငယ်တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်လာကြသော တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး မြို့နယ်ပေါင်းစုံမှ ကလေးကိုယ်စားလှယ်များတက်ရောက်ခဲ့ပြီး၊ World Vision (တနင်္သာရီဇုန်) မန်နေဂျာ ဦးမောင်မောင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






# မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီးကောင်းကင်တွင် ဒရုန်းအခွင့်မရှိပျံသန်းခြင်းကို ဂေါပကအဖွဲ့က ခွင့်မပြုတော့ကြောင်း အတည်ပြုဆုံးဖြတ်

**မုံရွာ မေ ၂၀**

မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီး ရင်ပြင်တော်ထက်ကောင်းကင်တွင် စက်တပ်ယာဉ်(ဒရုန်း)များ အခွင့်မရှိဘဲ ပျံသန်းခြင်းကို ခွင့်မပြုကြောင်းနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်လုံခြုံရေးအတွက် ဒရုန်းနှင့် ဒရုန်းမောင်းသူများကို လိုအပ်သလိုအရေးယူနိုင်ရေးဆောင်ရွက်ရန် မေ ၁၈ ရက် နံနက်ပိုင်းက ဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့ဝင်များ၏ နှစ်ပတ်လည်အစည်းအဝေး၌ အတည်ပြုမှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

ဆုတောင်းပြည့်ဘုရားကြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အခမ်းအနားတွင် ဩဝါဒါစရိယဆရာတော်ကြီး ကိုးပါး၏ရှေ့မှောက်တွင် ဆုံးဖြတ်ချက် ခုနစ်ချက်ကို အတည်ပြုခဲ့ရာ ဘဏ္ဍာတော်ထိန်းအဖွဲ့ကတင်သွင်းသော ဘဏ္ဍာတော်အခြေပြရှင်းတမ်းကို အတည်ပြုမှတ်တမ်းတင်ခဲ့သလို ဘဏ္ဍာတော်စာရင်းစစ်အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ကအတည်ပြုပြီးသော ငွေစာရင်းနှစ်ချုပ်နှင့် လစဉ်ပုံမှန်အစည်းအဝေးများတွင် စာရင်းကိုင်အဖွဲ့က တင်ပြအတည်ပြုပြီးခဲ့သော လချုပ်ငွေစာရင်းရှင်းတမ်းများကို နှစ်ပတ်လည်အခမ်းအနားတွင် ထပ်ဆင့်အတည်ပြုမှတ်တမ်းတင်ခဲ့သည်။ ထို့အပြင် ဘဏ္ဍာတော်စာရင်းစစ်အဖွဲ့ခေါင်းဆောင်၏ ၂၀၁၆-၂၀၁၇ နှစ်ချုပ်စာရင်းများစစ်ဆေးချက်အစီရင်ခံစာတင်ပြခြင်းစာပါ အကြံပြုချက်နှစ်ချက်သည် ဂေါပကအဖွဲ့၏ဆောင်ရွက်မှုများ ပိုမိုကောင်းမွန်စေရန် အကြံပြုခြင်းဖြစ်သည့်အတွက် လိုက်နာဆောင်ရွက်ရေးကို နှစ်ပတ်လည်အစည်းအဝေးတွင် အတည်ပြုမှတ်တမ်းတင်ခဲ့သည်။

ဧပြီ ၁၀ ရက်က ကျင်းပခဲ့သော ဆုတောင်းပြည့်ဂေါပကအဖွဲ့ နှစ်ပတ်လည်အကြိုအစည်းအဝေးတွင် တညီတညွတ်တည်းဆုံးဖြတ်ခဲ့သည့် ဂေါပကအဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ဖြည့်စွက်မှုကို အတည်ပြုခဲ့သလို ဆုတောင်းပြည့်ဘုရားကြီး၏ ဗုဒ္ဓဝေယျာဝစ္စဆောင်ရွက်ကြသော ဂေါပကအဖွဲ့သစ်ကို အစည်းအဝေးက အတည်ပြုခဲ့သည်။ ဆုံးဖြတ်ချက်အမှတ်(၇)ဖြစ်သည့်ဂေါပကအဖွဲ့ဥက္ကဋ္ဌ၏ ရှေ့လုပ်ငန်းစဉ်ကို ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွက် ရှေ့လုပ်ငန်းစဉ်အဖြစ် နှစ်ပတ်လည်အခမ်းအနားတွင် အတည်ပြုမှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်များမှ အကျဉ်းထောင်နှင့် အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေး

**ပုသိမ် မေ ၂၀။** ။ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးကျော်မင်းသည် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်၊ ပုသိမ်ခရိုင်တရားသူကြီး ဦးလှဝင်း၊ ပုသိမ်မြို့နယ်တရားသူကြီး ဦးဝင်းအောင်တို့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပုသိမ်အကျဉ်းထောင်၊ ပုသိမ်မြို့မရဲစခန်းနှင့် ပုသိမ်နယ်မြေရဲစခန်းတို့ရှိ အချုပ်ခန်းများကို မေ ၁၅ ရက်တွင် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တရားသူကြီးဦးကျော်မင်းက အကျဉ်းထောင်ရှိ အကျဉ်းကျတရားခံများ၊ အချုပ်တရားခံများနှင့် ရဲစခန်းအချုပ်များရှိ အချုပ်တရားခံများနှင့်တွေ့ဆုံ၍ ဥပဒေပါအခွင့်အရေးများရရှိမှု ရှိ၊ မရှိ၊ ၎င်းတို့၏နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# (၅) ကြိမ်မြောက် ဖွင့်လှစ်မည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များတွင် ဖွင့်လှစ်မည့် အကြိမ်ရေနှင့် ရက်စွဲမပါရှိသော အရန်ထီများ ရောင်းချခြင်းမပြုတော့

**ရန်ကုန် မေ ၂၀**

(၅)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲအတွက်ရောင်းချမည့် ထီလက်မှတ်များတွင် လက်ရှိရောင်းချနေသည့် အရန်ထီလက်မှတ်များကို ရောင်းချတော့မည်မဟုတ်ဘဲ ထီလက်မှတ်တွင် ဖွင့်လှစ်မည့်အကြိမ်ရေနှင့် ဖွင့်လှစ်မည့် ရက်စွဲတို့ပါရှိသော ထီလက်မှတ်များကိုသာ ရောင်းချသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

"(၅)ကြိမ်မြောက်ကစပြီးတော့ ထီလက်မှတ်တွေမှာ အကြိမ်ရေပါတဲ့၊ ရက်စွဲပါတဲ့၊ ထီလက်မှတ်တွေကိုပဲ ရောင်းချသွားတော့မှာ ဖြစ်ပါတယ်။ (၃)ကြိမ်မြောက်နဲ့ (၄)ကြိမ်မြောက်အထိ အရန်ထီလက်မှတ်တွေ မှာယူပြီးဖြစ်တဲ့အတွက် နောက်လာမယ့် (၅)ကြိမ်မြောက်မှာတော့ အကြိမ်ရေနဲ့ ရက်စွဲပါတဲ့ ထီတွေကိုပဲ ရောင်းသွားမှာပါ" ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်က ပြောသည်။

လက်ရှိတွင် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များတွင် အက္ခရာထီလက်မှတ်များသာမက အရန်ထီလက်မှတ်များကိုလည်း ရောင်းချပေးလျက်ရှိသည်။ အကြိမ်ရေနှင့် ဖွင့်လှစ်မည့် ရက်စွဲအတိအကျပါသော ထီလက်မှတ်များကိုသာ ထုတ်ဝေဖြန့်ဖြူးခဲ့ပါက အဆိုပါထီလက်မှတ်များ ကုန်စင်အောင် မရောင်းချနိုင်သည့်အခါ ထီလက်မှတ်များကို ဖျက်ဆီးရမည်ဖြစ်သဖြင့် နိုင်ငံပိုင်ဘဏ္ဍာများ မဆုံးရှုံးစေရန်အပြင် ထီဈေးနှုန်းကြီးမြင့်မှုကို ထိန်းညှိနိုင်ရေးအတွက် အရန်ထီများကို ထုတ်ဝေရောင်းချခြင်းဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။ သို့ရာတွင် အရန်ထီလက်မှတ်များမှာ အကြိမ်ရေနှင့် ရက်စွဲမပါရှိသောကြောင့် ထီထိုးသူများနှင့် ရောင်းချသူများအကြားတွင် စိတ်အနှောင့်အယှက်ဖြစ်နေခြင်းများရှိကြောင်း သိရသဖြင့် လာမည့် (၅)ကြိမ်မြောက် ထီလက်မှတ်များမှစတင်၍ အရန်ထီလက်မှတ်များကို ရောင်းချတော့မည်မဟုတ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဧပြီ ၁ ရက်တွင် ဖွင့်လှစ်ခဲ့သည့် (၁)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို ရောင်းချခဲ့ရာတွင် ၂၀၁၇ ဧပြီ ၁ ရက်တွင် ဖွင့်လှစ်မည်ဟူသော စာသားပါရှိသည့် ထီလက်မှတ်(က)အက္ခရာမှ အစဉ်လိုက် (ဠ) အက္ခရာအထိ ၃၂ လုံး၊ အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားမပါရှိသည့် အရန်ထီလက်မှတ် (ကက)



(ကခ)(ကဂ)(ကဃ) အက္ခရာ ၄ လုံး စုစုပေါင်း အက္ခရာ ၃၆ လုံးရောင်းချခဲ့ရကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲက ထုတ်ပြန်ခဲ့သည်။

မေ ၁ ရက်တွင် ဖွင့်လှစ်ခဲ့သည့် (၂)ကြိမ်မြောက်ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို ရောင်းချခဲ့ရာတွင် (၁)ကြိမ်မြောက်တွင် ရောင်းချခဲ့ပြီးဖြစ်သည့် အရန်ထီလက်မှတ် (ကက)(ကခ) (ကဂ) (ကဃ) အက္ခရာ ၄ လုံးကို ထည့်သွင်းရောင်းချခြင်းမရှိတော့ဘဲ (ကင) အက္ခရာမှ စတင်ရောင်းချပေးခဲ့ကြောင်း သိရသည်။ ထီလက်မှတ်များ ရောင်းချခဲ့ရမှုနှင့်ပတ်သက်၍လည်း နိုင်ငံပိုင်သတင်းစာများနှင့် လူမှုကွန်ရက် အင်တာနက်စာမျက်နှာများမှတစ်ဆင့် ထုတ်ပြန်ကြေညာပေးလျက်ရှိကြောင်း သိရသည်။ လာမည့် ဇွန် ၁ ရက်တွင် ဖွင့်လှစ်မည့် (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲအတွက် ရောင်းချခဲ့ပြီးဖြစ်သော ထီလက်မှတ်အုပ်ရေများ၊ အက္ခရာများ၊ ရောင်းချခဲ့ရသည့် ရရှိငွေနှင့် ဆုမဲအဖြစ် ပြန်လည်ခွဲဝေပေးမည့် ဆုမဲများကို မကြာမီထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် (၄)ကြိမ်မြောက်ဖွင့်လှစ်မည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲတွင် အက္ခရာအလုံးရေ တိုးမြှင့်ရောင်းချသွားမည့်အပြင် ဆုမဲအရေအတွက်ကိုလည်း တိုးမြှင့်သွားရန်ပြင်ဆင်လျက်ရှိပြီး (၅)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များမှ စတင်၍ ဖွင့်လှစ်မည့်အကြိမ်ရေနှင့် ဖွင့်လှစ်မည့်ရက်စွဲပါရှိသော ထီလက်မှတ်များကိုသာ ရောင်းချသွားဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

**(ဝဝ၁)**

# တစ်ပတ်အတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၃၉၀ ကျော် သိမ်းဆည်းရမိ

**ရန်ကုန် မေ ၂၀**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်မဲ့ပစ္စည်းများအား တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ မေ ၁၂ ရက်မှ ၁၈ ရက်အတွင်း အကောက်ခွန်မဲ့ပစ္စည်း ငွေကျပ်သန်း ၃၉၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် မေ ၁၂ ရက်မှ ၁၈ ရက်အတွင်း တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၂ ဒသမ ၁၄၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ တားဆီးသိမ်းဆည်းရမိခဲ့ရာတွင် ရန်ကုန်ဆိပ်ကမ်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၀၀၂ သန်းခန့်)၊ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၁၀ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃ ဒသမ ၈၇၈ သန်းခန့်)၊ ရေပူစစ်ဆေးရေးစခန်းက တားဆီးမှု ၃၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃ ဒသမ ၁၃ သန်းခန့်)၊ မရမ်းချောင်စစ်ဆေးရေးစခန်းမှ တားဆီးမှု ၂၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀ ဒသမ ၀၈၄ သန်းခန့်)၊ ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၇၂၅ သန်းခန့်)၊ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၀၈၆ သန်းခန့်)၊ မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂၄၃ သန်းခန့်) စုစုပေါင်း ၇၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၂ ဒသမ ၁၄၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**



# မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် လိုင်စင်မဲ့ယာဉ်နှစ်စီး သိမ်းဆည်းရမိ

**ရန်ကုန် မေ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိရာတွင် မေ ၁၈ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် လိုင်စင်မဲ့ယာဉ် နှစ်စီး သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Toyota VOXYယာဉ်နှင့် Daihatsu Hijet ယာဉ်တို့အား မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့များက မေ ၁၉ ရက်က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ် နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ငါးသန်းခန့်)ကို သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မေ ၁၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ တားဆီးနိုင်ခဲ့မှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀ ဒသမ ၄၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ တားဆီးနိုင်ခဲ့မှု လေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၉၄၇ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**

# လျှပ်စစ်ဝန်ထမ်း ဓာတ်လိုက်သေဆုံး

**ဖလမ်း မေ ၂၀**

ချင်းပြည်နယ် ဖလမ်းမြို့၌ ယနေ့မွန်းလွဲပိုင်းက ထရန်စဖော်မာရှော့ဖြစ်၍ လျှပ်စစ်ဝန်ထမ်းတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဖလမ်းမြို့ တလန်လိုရပ်ကွက်ကို လျှပ်စစ်များဖြန့်ဖြူးပေးသည့် ထရန်စဖော်မာသည် ယနေ့နံနက်ပိုင်းက ရှော့ဖြစ်၍ ပြင်ရန်သွားသော လျှပ်စစ်ဝန်ထမ်း ဦးဗန်ဘွဲ့လျှန်သည် မွန်းလွဲပိုင်းတွင် ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နဘားလမ်းဆုံတွင် မူးယစ်ဆေးဝါးများ ကျပ်သိန်း ၂၅၀၀ ကျော်ဖိုး သိမ်းဆည်းရမိ

**အင်းတော် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်း နဘားလမ်းဆုံတွင် မေ ၁၉ ရက် နံနက် ၁၁ နာရီခွဲက နဘားရဲကင်းစခန်းက မန္တလေးမှ မြစ်ကြီးနားသို့ မောင်းနှင်လာသော မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာမှ မူးယစ်ဆေးဝါးများ ငွေကျပ်သိန်း ၂၅၀၀ ကျော်ဖိုး သိမ်းဆည်းရမိကြောင်း သိရသည်။



ရွှေဘို-မြစ်ကြီးနား ကားလမ်း နဘားလမ်းဆုံတွင် မော်တော်ယာဉ်များကို ရှောင်တခင်စစ်ဆေးနေစဉ် မန္တလေးမှ မြစ်ကြီးနားသို့ ယာဉ်မောင်း ဂျောင်ကွေ့ချောက် မောင်းနှင်ပြီး လီမင်ကွေ့၊ ရန်ဖာတို့ လိုက်ပါလာသော မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ မော်တော်ယာဉ်ထိုင်ခုံနောက်ကျောနှင့် ကြမ်းခင်းများအတွင်း ဝှက်၍သယ်ဆောင်လာသော ဘိန်းဖြူ ၁၀ ဂရမ်စီပါ ဆပ်ပြာခွက် ၁၅၄ ခွက်အတွင်းမှ ၁၆၉၄ ဂရမ်၊ ၈၈/၁ စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ပါ ၆၉ ထုပ်နှင့် ၁၉၅ ပြားပါ အထုပ် ၂၀အတွင်းမှ ဆေးပြား ၁၇၀၁၀၊ ဘိန်းမည်း ၄၀ ကျပ်သားခန့် တစ်ထုပ် (ခန့်မှန်းတန်ဖိုးငွေကျပ် စုစုပေါင်း ၂၅၅၉၂၁၂၀၀)ကို သက်သေများ ရှေ့မှောက်တွင် ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများမှာ လားရှိုးမြို့နယ်အတွင်းမှ ဝယ်ယူခဲ့ပြီး ကချင်ပြည်နယ် ဖားကန့်မော်များသို့ ဖြန့်ဖြူးရောင်းချရန် သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးချက်အရသိရသည်။

**မောင်ချစ်လင်း (အင်းတော်)**

# အမြန်လမ်းမကြီးတွင် ယာဉ်မောင်းအိပ်ငိုက်သဖြင့် ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေဆုံး

**နေပြည်တော် မေ ၂၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် နေပြည်တော်မှ မန္တလေးသို့ ယာဉ်မောင်း လင်းပြည့်အောင် (၂၁) နှစ် ပြည်မြို့ လက်ခုပ်ပင်ကျေးရွာနေသူ မောင်းနှင်လာသောယာဉ်မှာ မေ ၂၀ ရက် နံနက် ၁ နာရီ မိနစ် ၄၀ ခန့်က လမ်းမကြီးမိုင်တိုင်အမှတ် (၃၃၁/၃) နှင့် (၃၃၁/၄)အကြားသို့အရောက် အိပ်ငိုက်ပြီး မောင်းနှင်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကတ်တုံးများကို တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားကြောင်းသတင်းအရ ပြင်စည်အမြန်လမ်းမကြီးရဲစခန်းမှူး ရဲအုပ်သန့်ဇင်ဦးပါ တပ်ဖွဲ့ဝင်များ၊ ပြင်စည်အမြန်လမ်းမီးသတ်တပ်ဖွဲ့စခန်းမှ လက်ထောက်ဦးစီး ရန်နိုင်ဖြိုးပါ တပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ သွားရောက် စစ်ဆေးခဲ့ရာ ယာဉ်မောင်းပါ အမျိုးသား နှစ်ဦး အနက် ယာဉ်နောက်ခန်း၌ လိုက်ပါသူ ဦးမြင့်မောင်အေး (၅၉) နှစ် ပြည်မြို့နေသူသည် အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ယာဉ်မောင်းဖြစ်သူတွင် ဝဲ/ယာဒူးပေါက်ပြဲရင်ဘတ်နာကျင်၊ အောက်နှုတ်ခမ်းပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ရာ ထိခိုက်ဒဏ်ရာရရှိသူနှင့် သေဆုံးသူတို့အား အမြန်လမ်းတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နွားထိုးကြီးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မတော်တဆမှုကြောင့် HILUX SURF ယာဉ်မှာ ရှေ့ခေါင်းပိုင်း ပျက်စီးသွားခဲ့ကြောင်း သိရသည်။

"ယာဉ်မောင်း အိပ်ငိုက်သွားပြီး လမ်းလယ်ကျွန်းထဲကို ဝင်သွားတာ။ အုတ်ပေါင် နှစ်ခုကို ဝင်တိုက်မိပြီး ယာဉ်မောင်းဘက်ခြမ်းက လွတ်သွားပြီးတော့ ဘယ်ဘက်ခြမ်းကပါလာတဲ့ လူတစ်ယောက်ကို ကားအင်ဂျင်တုံးက နောက်ထဲအထိ ဝင်သွားပြီး အင်ဂျင်တုံးနဲ့ ဆောင့်မိတာ။ ဆောင့်မိတဲ့ဒဏ်ရာနဲ့ပဲ နေရာမှာတင် သေသွားတာ။ အမျိုးသား နှစ်ဦးပါပြီး



တစ်ဦးက ထိခိုက်ဒဏ်ရာ အနည်းငယ်ပဲရတာပါ"ဟု အခင်းဖြစ်နေရာသို့ သွားရောက် ကူညီဆောင်ရွက်ပေးခဲ့သည့် ပြင်စည်အမြန်လမ်းမီးသတ်စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုများ ဆက်တိုက်ဖြစ်ပွားနေပြီး မေ ၁၇ ရက်မှ ၂၀ ရက် နံနက်ပိုင်း အထိ လေးရက်အတွင်း ယာဉ်မတော်တဆမှု ရှစ်ကြိမ်ထက်မနည်း ဖြစ်ပွား၍ ခရီးသည်နှစ်ဦး သေဆုံးကာ ၃၃ ဦး ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# လေပြင်းတိုက်ခတ်မှုကြောင့် အင်ပူမြို့နယ်တွင်းရှိကျေးရွာများ ပျက်စီးဆုံးရှုံးမှုများဖြစ်



**အင်ပူ မေ ၂၀**

အင်ပူမြို့နယ်တွင်းရှိ ကျေးရွာအုပ်စု လေးအုပ်စုတွင် မေ ၁၉ ရက် ညနေ ၆ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် တလိုင်းကွင်း ကျေးရွာအုပ်စုတွင် လူနေအိမ် နှစ်လုံး သစ်ကိုင်းပိပြိုကျပျက်စီးခဲ့ပြီး လူနေအိမ် ၁၁လုံး အမိုးလန်ပျက်စီးခြင်း၊ ညောင်ပင်တဲကျေးရွာအုပ်စုတွင် လူနေအိမ် နှစ်လုံး အမိုးလန်ပျက်စီးခြင်း၊ ခြောက်ရွာကျေးရွာအုပ်စုတွင် လူနေအိမ် နှစ်လုံး အမိုးလန်ပျက်စီးခြင်း၊ ကျွဲသောင်ကျေးရွာအုပ်စုတွင် လူနေအိမ် တစ်လုံး အမိုးလန်ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ပြီး စုစုပေါင်း လူနေအိမ် ၁၈ လုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်ဦးဆောင်သော ဌာနဆိုင်ရာအကြီးအကဲများ သွားရောက်ပြီး ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ရေးနှင့် ကယ်ဆယ်ထောက်ပံ့ပစ္စည်းများ ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ဇလွန်မြို့နယ်တွင် လေပြင်း တိုက်ခတ်မှုကြောင့် လူနေအိမ်များ ပျက်စီး

**ဇလွန် မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း မေ ၁၉ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ကျေးရွာ ၁၈ ရွာမှ လူနေအိမ် ၄၈ လုံး အမိုးလန်၊ ၁၂ လုံး ပြိုလဲပျက်စီးခဲ့ပြီး လူဦးရေစုစုပေါင်း ၂၄၂ ဦး လေဘေးသင့်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခဲ့သည့် ကျေးရွာအုပ်စုများမှာ မင်းဒရယ်၊ ပျဉ်းမကုန်း (အနောက်)၊ ပျဉ်းမကုန်း (အရှေ့)၊ စွံပိ၊ ပက်တန်း၊ အင်းတရော်ကျေးရွာအုပ်စုတို့ဖြစ်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များသေဆုံးမှုမရှိကြောင်း သိရသည်။ လူနေအိမ်ပျက်စီးဆုံးရှုံးမှုနှင့် အခြားအဆောက်အအုံပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာငွေကျပ် ၁၈၅၀၀၀၀ ဖြစ်သည်။

ပျက်စီးဆုံးရှုံးမှုနေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း၊ မြို့နယ်ရဲမှူးသန်းဌေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရန်လင်းထွဋ်နှင့်အဖွဲ့ဝင်များသည် အမိုးလန်အိမ်များကို ပြန်လည်ပြုပြင်ပြီး လေဘေးသင့်ပြည်သူများအား နီးစပ်ရာဆွေမျိုးနေအိမ်များတွင် ယာယီနေထိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ငွေသန်း (ပြန်/ဆက်)**

# မန်ယူကို လက်စားချေဖို့ ဗန်ဟားလ် ကြံနေပြီလား



မန်ယူနည်းပြဟောင်း ဗန်ဟားလ်နှင့် အေဂျက်စ်အသင်းနည်းပြ ဘွန်းဇ်တို့ နှစ်ဦးသည် ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း နယ်သာလန်လိဂ်မန်နေဂျာများ နှစ်ပတ်လည်အခမ်းအနားပွဲအတွင်း နီးနီးကပ်ကပ်အနေအထားဖြင့် တိုင်ပင်ဆွေးနွေးမှုများ ပြုနေတဲ့မြင်ကွင်းကြောင့် ယင်းမှာ ဗန်ဟားလ်အနေဖြင့် မန်ယူကို လက်စားချေရန် ပြင်ဆင်နေခြင်းဖြစ်သည်ဟူသော သုံးသပ်မှုများကို ထွက်လာစေခဲ့သည်။

မန်ယူနှင့် အေဂျက်စ်အသင်းတို့သည် လာမယ့်မေ ၂၄ ရက်တွင် ဆွီဒင်နိုင်ငံစတော့ဟုမ်းမြို့တွင် ယူရိုပါလိဂ် ဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် အေဂျက်စ်နှင့် မန်ယူတို့ မယှဉ်ပြိုင်မီ ဗန်ဟားလ်နှင့် ဘွန်းဇ်တို့ နီးနီးကပ်ကပ်ရှိနေခြင်းကြောင့် ယခုကဲ့သို့သော သတင်းများ ထွက်လာခဲ့ခြင်းဖြစ်သည်။ ဗန်ဟားလ်မှာ လွန်ခဲ့သည့်တစ်နှစ်တာကာလက မန်ယူနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရသူဖြစ်ပြီး မော်ရင်ဟို၏ ဆရာဟောင်းဖြစ်ခဲ့ဖူးသူ ဖြစ်သည်။ ဗန်ဟားလ်က မော်ရင်ဟို၏ နည်းဗျူဟာပိုင်းကို ကောင်းကောင်းသိသူဖြစ်ရာ မန်ယူကို ဘယ်လို အနိုင်ရအောင်ကစားနိုင်မလဲဆိုတာကို ဗန်ဟားလ်က အကြံပေးနေခြင်းဟု အားကစားမီဒီယာအချို့က ယူဆနေကြခြင်းဖြစ်သည်။

ဗန်ဟားလ်က မန်ယူနှင့် ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းသုံးနှစ်အပြီးတွင် ဘောလုံးနည်းပြအဖြစ်မှ အနားယူမည်ဟု ဆိုထားခဲ့သူဖြစ်သော်လည်း ယခုကဲ့သို့ စာချုပ်မပြည့်မီ တစ်နှစ်အလိုတွင် ထုတ်ပယ်ခံလိုက်ရခြင်းက သူ၏ နည်းပြဘဝအတွက် အခါးသီးဆုံး အတွေ့အကြုံဖြစ်မည်မှာ သေချာနေသည်။ မန်ယူအသင်းမှာ ပရီမီယာလိဂ် ထိပ်ဆုံးလေးနေရာအတွင်း ဝင်ရောက်မည် မဟုတ်သည်မှာ သေချာနေပြီဖြစ်ရာ ယူရိုပါလိဂ်ဖလားရယူ၍ လာမယ့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ကြိုးစားရတော့မည်ဖြစ်သည်။ ထို့ကြောင့် ယူရိုပါလိဂ် ဗိုလ်လုပွဲမှာ မန်ယူအသင်းအတွက် အသက်တမျှ အရေးကြီးနေပြီး ချန်ပီယံ အဖြစ်အောင်ပွဲခံရေးမှာ တစ်ခုတည်းသော ရွေးချယ်စရာဖြစ်နေသည်။

မန်ယူအသင်းအတွက် အဘက်ဘက်မှ ဖိအားများနေချိန်တွင် အေဂျက်စ်အသင်းနည်းပြ ဘွန်းဇ်က "ကျွန်တော်တို့ကစားသမားတွေ အကုန်လုံးဟာ ငယ်ရွယ်သူတွေ ဖြစ်ပေမယ့် ဒီဗိုလ်လုပွဲကို ကစားဖို့ပဲ အကုန်လုံးက အိပ်မက်နေနေတာပါ။ ဒါ့ကြောင့် ဖိအားကင်းကင်းနဲ့ အတွေ့အကြုံရအောင် ကစားသွားမှာဖြစ်ပါတယ်"ဟု ဆိုခဲ့ရာ မော်ရင်ဟိုအတွက် ပိုမိုခေါင်းခဲစရာ အနေအထားကို ရောက်ရှိသွားစေမည်ဖြစ်သည်။

ဗိုလ်လုပွဲစဉ်တွင် အေဂျက်စ်အသင်းကို အိမ်ရှင်အသင်းအဖြစ် သတ်မှတ်ခံရသောကြောင့် မန်ယူအသင်းအနေဖြင့် အပြာရောင်ဂျာစီကို ဝတ်ဆင်ကစားရမည်ဖြစ်သည်။ မန်ယူသည် ၁၉၆၈ခုနှစ် ဥရောပကလပ်အသင်းဖလားကို ပထမဦးဆုံးရယူစဉ်က အပြာရောင် ဂျာစီဝတ်ဆင်ပြီး ချန်ပီယံအဖြစ် အောင်ပွဲခံခဲ့ဖူးရာ အပြာရောင်မှာ မန်ယူအသင်းအတွက် ကံကောင်းစေသည့် အရောင်ဖြစ်သည်။

## ဝင်းဂါး၏ အနာဂတ်အရေးကို အက်ဖ်အေဖလား ဗိုလ်လုပွဲအပြီးမှသာ အာဆင်နယ်ဘုတ်အဖွဲ့ ဆုံးဖြတ်မည်

အာဆင်နယ်အသင်းနည်းပြ ဝင်းဂါးက သူ၏ အနာဂတ်အရေးကိစ္စကို ချယ်လ်ဆီးနှင့် ကစားမယ့် အက်ဖ်အေလားဗိုလ်လုပွဲအပြီးတွင် ကျင်းပမယ့် ဒါရိုက်တာအဖွဲ့ဝင်များအစည်းအဝေးတွင် ဆုံးဖြတ်သွားမည်ဟု ထင်မြင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဝင်းဂါးက အစောပိုင်းတွင် သူ၏ အနာဂတ်အရေးကို မတ်(သို့မဟုတ်) ဧပြီလအတွင်း အပြီးသတ်ကြေညာမည်ဟု ဆိုထားခဲ့သော် လည်း ဖေဖော်ဝါရီလအတွင်း အာဆင်နယ်အသင်း ရလဒ်များ ဆိုးရွားသွားခဲ့ပြီး နောက်ပိုင်း နှုတ်ဆိတ်နေခဲ့သည်။

သို့သော်ဝင်းဂါးက အဲဗာတန်နှင့် ပွဲမတိုင်မီ သတင်းစာရှင်းလင်းပွဲ၌ "ဘုတ်အဖွဲ့အစည်းအဝေးက အက်ဖ်အေဖလားဗိုလ်လုပွဲအပြီးရောက်မှပါ။ အဲဒီအချိန်ကျရင် ဘာဖြစ်မလဲ ကျွန်တော်မသိပေမယ့် အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်သွားကြတော့မှာပါ။ ဒီလို အစည်းအဝေးပွဲတွေမှာ အများအားဖြင့် မန်နေဂျာအရေး၊ ကစားသမားအဝင်၊အထွက် ဒါတွေကိုဆွေးနွေးကြတော့တာပါပဲ"ဟု ဆိုခဲ့သည်။

ဝင်းဂါး၏ ပြောစကားကိုကောက်၍ နောက်ဆက်တွဲအဖြစ် အဲဗာတန်နှင့်ပွဲမှာ ဝင်းဂါး၏ အမ်းမရိတ်စ်နောက်ဆုံးကိုင်တွယ်ခဲ့သည့်ပွဲစဉ်အဖြစ် မီဒီယာအချို့က မှတ်ချက်ပြုကြသော်လည်း အချို့သော မီဒီယာများကမူ လာမယ့်ရာသီတွင်လည်း အာဆင်နယ်ကို ဝင်းဂါး ဆက်လက်ကိုင်တွယ်မည်ဟု အဖြေထုတ်နေကြသည်။

**မေလဲ့သင်း-ရေးသားသည်**

## အာဂျင်တီးနားလူစာရင်းတွင် အစ်ကာဒီ ပြန်လည်အရွေးခံရ

အင်တာမီလန်အသင်းတိုက်စစ်မှူး အစ်ကာဒီကို အာဂျင်တီးနားအသင်း၏ လာမယ့်ဇွန်လအတွင်း ယှဉ်ပြိုင်မည့် ပွဲစဉ်များအတွက် လူစာရင်းများတွင် ထည့်သွင်းရွေးချယ်ထားရာ ၂၀၁၃ ခုနှစ်နောက်ပိုင်း လက်ရွေးစင်အသင်း လူစာရင်းတွင် ပထမဦးဆုံးပါဝင်လာခြင်းလည်းဖြစ်ခဲ့သည်။ အာဂျင်တီးနားအသင်းသည် လာမယ့် ဇွန် ၉ ရက်တွင် ဘရာဇီးအသင်း၊ ဇွန် ၁၃ ရက်တို့တွင် စင်ကာပူ အသင်းတို့နှင့် ကစားရန် စီစဉ်ထားပြီး လတ်တလောတွင် နည်းပြလက်မဲ့ ဖြစ်နေသည်။ ဧပြီ ၁၁ ရက်တွင် နည်းပြ ဘူဇာကို ထုတ်ပယ်ခဲ့ပြီး နောက်ပိုင်း နည်းပြသစ် မခန့်အပ်နိုင်သေးဘဲ ဘောလုံးရာသီပြီးဆုံးမှသာ ဆီဗီလာနည်းပြဖြစ်သူ ဆမ်ပါအိုလီကို အာဂျင်တီးနား နည်းပြသစ်အဖြစ် မြင်တွေ့ရဖွယ်ရှိနေသည်။

အစ်ကာဒီမှာ အာဂျင်တီးနားအသင်းဖော် မက်ဇီလိုပက်ဇ်၏ ဇနီးနှင့် လူမှုရေးဖောက်ပြန်တရားဝင်လက်ထပ်ပြီးကတည်းက အာဂျင်တီးနား တိုက်စစ်ပိုင်းတွင် အစ်ကာဒီ ရွေးချယ်ခံရခြင်းမရှိသည်မှာ လေးနှစ်နီးပါးကြာမြင့်နေပြီဖြစ်သည်။ သတင်းရင်းမြစ်များ၏ အဆိုအရ မက်ဇီမှာ အာဂျင်တီးနားကြယ်ပွင့် ကစားသမားများဖြစ်သော မက်ဆီ၊ မာရှေယာနို၊ ဒီမာရီယာတို့နှင့် အင်မတန် ရင်းနှီးသူဖြစ်ရာ အာဂျင်တီးနား အစဉ်အဆက်နည်းပြများက အဆိုပါ ကစားသမားများ၏ လွှမ်းမိုးမှုကြောင့် အစ်ကာဒီကို လျစ်လျူရှုခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။

အစ်ကာဒီပါဝင်လာသော အာဂျင်တီးနား တိုက်စစ်ပိုင်းတွင် မန်စီးတီး တိုက်စစ်မှူး အဂူရို ရွေးချယ်ခြင်းမခံရဘဲ ဆီဗီလာတိုက်စစ်မှူး ကော်ရီရာ၊ အတ္တလန်တာတိုက်စစ်မှူး ဂိုးမက်စ်၊ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့် ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာတို့ ပါဝင်လာခဲ့ကြသည်။

## ၂၀၁၆-၁၇ ပရီမီယာလိဂ်ရဲ့ကန့်လန့်ကာချချိန်

[ရှိုင်းမင်းမင်း]

### ပရီမီယာလိဂ်ရင်ခုန်သံ-၃၈

ပရီးမီးယားလိဂ်ပွဲစဉ် ၃၈ ကို လာမယ့်မေလ ၂၁ ရက်နေ့မှာတစ်ချိန်တည်း၊တစ်ပြိုင်တည်းကျင်းပသွားဖို့ရှိနေပါတယ်။ ဒီနှစ်ပရီမီယား လိဂ်ပြိုင်ပွဲကတော့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက်နောက်ဆုံးအချိန်အထိ အားပြိုင်ကြရမှာဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းမွန်နေကာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။

### အာဆင်နယ် - အဲဗာတန် ည ၇း၃၀ (၂၁-၅-၁၇)

ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက် အာဆင်နယ်တို့နောက်ဆုံးပွဲစဉ်အထိ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ လက်ရှိအချိန်မှာဆိုရင်လည်း အာဆင်နယ်ခြေက ကောင်းမွန်နေကာ တိုက်စစ်ပိုင်းကစားပုံနဲ့ ခံစစ်ပိုင်းကစားပုံတည်ငြိမ်မှုရှိနေပါတယ်။ အဲဗာတန်ကတော့အမှတ် မလိုတော့အသင်းဖြစ်သလို အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းက ကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အာဆင်နယ်ကသာ အိမ်ကွင်းနိုင်ပွဲရယူသွားမှာပါ။

### ဘန်လေ - ဝက်စ်ဟမ်း ည ၇း၃၀ (၂၁-၅-၁၇)

နှစ်သင်းစလုံးအတွက် အမှတ်လိုအပ်ချက်မရှိတော့ပါဘူး။ ဒါပေမယ့်လည်းဒီနှစ်သင်းအနေနဲ့ နောက်ဆုံးပွဲစဉ်မှာတော့ နိုင်ပွဲရယူနိုင်ဖို့အတွက် ဖိအား ကင်းကင်းနဲ့ရင်ဆိုင်လာကြမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဝက်စ်ဟမ်းရဲ့ ခြေစွမ်းပိုင်းကကောင်းမွန်နေတယ်ဆိုပေမယ့်လည်း ဘန်လေကအိမ်ကွင်းအားသာချက်ရှိနေသလို အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပါတယ်။ လက်ရှိအချိန်မှာ ဘန်လေခံစစ်အားနည်းနေပေမယ့် ဒီပွဲမှာတော့ဘန်လေတို့ သရေလောက်ကစားနိုင်မှာသေချာနေပါတယ်။

### ချယ်လ်ဆီး - ဆန်းဒါးလန်း ည ၇း၃၀ (၂၁-၅-၁၇)

ချန်ပီယံဖြစ်သွားပြီဖြစ်ပေမယ့်လည်း ချယ်လ်ဆီးကအိမ်ကွင်းပွဲဖြစ်နေတာကြောင့် နိုင်ပွဲနဲ့ရာသီပိတ်နိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဆန်းဒါးလန်းကလည်းတန်းဆင်းရပြီဆိုပေမယ့် နောက်ဆုံးပွဲမှာ ရလဒ်ကောင်းဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ဆန်းဒါးလန်းခြေစွမ်းပိုင်းကတော့ အားနည်းမှုတွေရှိနေသလို ခံစစ်ပိုင်းကလည်း အားနည်းမှုတွေရှိနေတာကြောင့် ချယ်လ်ဆီးကို ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ချယ်လ်ဆီးပဲနိုင်ပွဲရမယ်။

### ဟားလ် - စပါး ည ၇း၃၀ (၂၁-၅-၁၇)

ဟားလ်က အိမ်ကွင်းခြေစွမ်းမာကျောသလို နောက်ဆုံးအိမ်ကွင်းပွဲဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ စပါးကတော့လက်ရှိအချိန်မှာ အမှတ်လိုအပ်ချက်မရှိတော့ပါဘူး။ ဒါ့အပြင် အဝေးကွင်းလည်းဖြစ်နေတာကြောင့် ပွဲကိုအမှား မရှိအောင်သာထိန်းချုပ်ကစားလာဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဟားလ်အနေနဲ့ အခွင့်အရေးအချို့ရယူနိုင်ဖို့ရှိနေပါတယ်။ စပါးကပ်ပြီးသာနိုင်ပွဲရဖို့ရှိတယ်။

### လီဗာပူး - မစ်ဒယ်ဘရော့ ည ၇း၃၀ (၂၁-၅-၁၇)

မစ်ဒယ်ဘရော့က လက်ရှိအချိန်မှာတန်းဆင်းရဖို့သေချာနေတဲ့ အသင်းဖြစ်ပေမယ့် နောက်ဆုံးပွဲမှာရလဒ်ကောင်းဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်းလက်ရှိအချိန်အထိ မစ်ဒယ်ဘရော့ခြေက အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း လီဗာပူးသာ အိမ်ကွင်းအားနဲ့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ဖိအားပေးလာခဲ့မယ် ဆိုရင်မစ်ဒယ်ဘရော့တို့ထိန်းချုပ်နိုင်ဖို့ ခက်ခဲလာနိုင်ပါတယ်။ လီဗာပူးကပဲ အိမ်ကွင်းနိုင်ပွဲရမယ်။

### မန်ယူ - ပဲလေ့စ် ည ၇း၃၀ (၂၁-၅-၁၇)

မန်ယူက နောက်ဆုံးအိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ဗိုလ်လုပွဲကစားရဖို့ရှိနေတာကြောင့် အဓိကကစားသမားတွေကိုချန်လှပ်လာမှာပါ။ ဒါကြောင့်လည်း ပဲလေ့စ်တို့ဒီပွဲစဉ်မှာ အခွင့်အရေးရယူနိုင်ဖို့ရှိနေပါတယ်။ လက်ရှိအချိန်မှာ ပဲလေ့စ်ခြေကလည်း ကောင်းမွန်နေပါတယ်။ အထူးသဖြင့် ပဲလေ့စ်ရဲ့တိုက်စစ်ဇုန်က ထိုးဖောက်ကစားပုံကောင်းမွန်နေတာကြောင့် မန်ယူတို့ထိန်းချုပ်ရခက်ခဲနိုင်ပါတယ်။ ပဲလေ့စ်သရေလောက်ရမယ်။

### ဆွမ်ဆီး - ဝက်စ်ဘရွန်း ည ၇း၄၅ (၁၄-၅-၁၇)

ဝက်စ်ဘရွန်းကလက်ရှိအချိန်မှာခြေစွမ်းပိုင်းအရသာမန်သာရှိနေပါတယ်။ အမှတ်လည်းမလိုတော့တာကြောင့် အဝေးကွင်းမှာ မရှုံးနိမ့်ရေးကိုပိုမိုဦးစားပေးလာနိုင်ပါတယ်။ ဆွမ်ဆီးကတော့အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာဖြစ်ပြီးလက်ရှိအချိန်မှာခြေ စွမ်းပိုင်းလည်းကောင်းမွန်နေသလို လော်ရန်တီဦးဆောင်တဲ့တိုက်စစ်ကလည်း ဂိုးသွင်းခြေရှိနေပါတယ်။ ဒါကြောင့်လည်းဒီပွဲစဉ်မှာ ဆွမ်ဆီးကသာအိမ်ကွင်းနိုင်ပွဲရမယ်။

### ဝက်ဖို့ဒ် - မန်စီးတီး ည ၇း၃၀ (၂၁-၅-၁၇)

မန်စီးတီးက နောက်ဆုံးပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ မန်စီးတီးရဲ့ ခြေစွမ်းကလည်း ကောင်းမွန်နေကာ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရှိနေပါတယ်။ ဒါကြောင့်လည်း မန်စီးတီးအနေနဲ့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေတဲ့ ဝတ်ဖို့ဒ်ကိုဖိအားပေးကစားနိုင်ဖို့ရှိနေပါတယ်။ ဝက်ဖို့ဒ်ရဲ့အိမ်ကွင်းဖြစ်ပေမယ့်လည်း ဒီပွဲစဉ်မှာ မန်စီးတီးကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

# သွားနှင့် ခံတွင်းကျန်းမာရေးအတွက် ပူးပေါင်းတာဝန်ယူဆောင်ရွက်ရန် လိုအပ်

သွားနှင့်ခံတွင်းကျန်းမာရေးကို ပိုမိုဂရုစိုက်နိုးကြားလာစေခြင်းဖြင့် သွားနှင့်ခံတွင်းရောဂါများ၏ ခန္ဓာကိုယ်ကျန်းမာရေး၊ စိတ်ချမ်းသာပျော်ရွှင်ရေး၊ ကုန်ထုတ်လုပ်မှုစီးပွားတိုးတက်ရေးစသည်တို့အပေါ် ကျရောက်နိုင်သည့် ဆိုးကျိုးများကို တားဆီးနိုင်ရန် ရည်ရွယ်ချက်များ ထားရှိခဲ့ပါသည်။ ထို့ကြောင့် အသင်းဝင်နိုင်ငံအသီးသီး၏ သွားဆရာဝန်အသင်းများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သတင်းဌာနများနှင့်ဆက်သွယ်ကာ သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာပေးလှုပ်ရှားမှုများကို ပုံစံအမျိုးမျိုးဖြင့် လှုပ်ရှားဆောင်ရွက်နိုင်ရန် အားပေးဆောင်ရွက်လျက်ရှိပါသည်။ ယင်းလုပ်ငန်းစဉ်များအနက် ကမ္ဘာ့သွားနှင့် ခံတွင်းကျန်းမာရေးနေ့လှုပ်ရှားမှုသည် ကမ္ဘာတစ်ဝန်း သွားနှင့်ခံတွင်း ကျန်းမာရေးအသိပညာပေးနိုးကြားလာစေရန် အကျယ်ပြန့်ဆုံးဆောင်ရွက်နိုင်သည့် လုပ်ငန်းဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း တိကျသောရည်ရွယ်ချက်များချမှတ်ကာ ပြည်သူလူထုတစ်ရပ်လုံးသာမက သွားဘက်ဆိုင်ရာ ဆေးပညာလောကသားများအပြင် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးနှင့်အတူ သွားနှင့်ခံတွင်းရောဂါများ၏ ဆိုးကျိုးများ နည်းပါးလျော့ကျစေရန် ဆောင်ရွက်လျက်ရှိပါသည်။

သွားနှင့်ခံတွင်းရောဂါများနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ သွားနှင့်ခံတွင်းဆရာဝန်များအဖွဲ့ချုပ်၏ ထုတ်ဖော်ချက်အရ အဓိကကျသောအချက်များကို စိတ်ဝင်စားဖွယ်တွေ့ရှိရပါသည်။ ယင်းတို့မှာ-

- ကမ္ဘာတစ်ဝန်း သွားနှင့်ခံတွင်းရောဂါခံစားနေရသူများမှာ ၃ ဒသမ ၉ ကုဋေခန့်ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၄၄ ရာခိုင်နှုန်းမှာ ကုသမှုမရှိသော သွားပိုးစားရောဂါများရရှိနေခြင်း။
- ကမ္ဘာ့ကျောင်းသားအရွယ်ကလေးငယ် ၆၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းနှင့် အရွယ်ရောက်ပြီးသူ ၁၀၀ ရာခိုင်နှုန်းတို့မှာ သွားပိုးစားရောဂါနှင့် နာကျင်ခြင်းဝေဒနာများခံစားနေကြရခြင်း။
- ကမ္ဘာ့လူလတ်ပိုင်းအရွယ်ဖြစ်သော (၃၅) နှစ်မှ (၄၄)နှစ်တွင် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်မှာ သွားရေစီးကမ်းပြိုရောဂါ အပြင်းစားများ ခံစားနေရခြင်း။
- ကလေးသွားများတွင် သွားရေစီးကမ်းပြိုရောဂါနှင့် ကုသမှုမရှိသော သွားပိုးစားရောဂါများရှိနေခြင်းမှာ ရောဂါအဖြစ်အများဆုံး နံပါတ် (၁၀) စာရင်းဝင်ဖြစ်နေခြင်း။
- အသက် (၆၅) နှစ်မှ (၇၄) နှစ်အတွင်းရှိ လူဦးရေ ၃၀ ရာခိုင်နှုန်းမှာ သွားများလုံးဝမရှိခြင်း။
- သွားနှင့်ခံတွင်းရောဂါများအတွက် ကုသမှုကုန်ကျစရိတ်မှာ စတုတ္ထအမြင့်ဆုံးဖြစ်နေခြင်း။ ဥပမာအားဖြင့် အမေရိကန်တစ်နိုင်ငံတည်းတွင်ပင် နှစ်စဉ်ဒေါ်လာကုဋေပေါင်း ၁၁၀ သုံးစွဲနေရခြင်း၊ ဥရောပနိုင်ငံများတွင်လည်း ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ယူရိုဒေါ်လာ ၇၉ ကုဋေသုံးစွဲရသဖြင့် ကင်ဆာရောဂါနှင့် အသက်ရှူလမ်းကြောင်းရောဂါများအတွက် ကုန်ကျစရိတ်ထက်ပိုမိုများပြားနေခြင်း။
- သွားနှင့်ခံတွင်းရောဂါများ ဖြစ်ပွားစေသော အကြောင်းအရင်းများတွင် သကြားဓာတ်များသော အစားအစာများ၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး၊ အရက်သေစာနှင့် ခံတွင်းမသန့်ရှင်းမှုပါဝင်နေခြင်း၊ သွားနှင့် ခံတွင်းရောဂါများသည် နာကျင်ခြင်းနှင့် စိတ်ပူပန်ခြင်း စသည့်ဝေဒနာများနှင့် အစဉ်ဒွန်တွဲဖြစ်ပေါ်နေသဖြင့် နေထိုင်မှုဘဝ အရည်အသွေး လျော့နည်းလာစေခြင်း။
- ခံတွင်းရောဂါရှိသူများအနေဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုလျော့နည်းမှုနှင့် လူမှုဆက်ဆံရေး ညှိုးဖျင်းလာမှုကြောင့် အထီးကျန်ကာ ဝင်ငွေလျော့နည်းလာခြင်း။
- သွားနှင့်ခံတွင်းကျန်းမာရေးသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် အဓိကလိုအပ်ချက်ဖြစ်ခြင်း

စသည်တို့ဖြစ်ပါသည်။

ထို့ကြောင့် အဓိကရည်မှန်းချက်အနေဖြင့် ကမ္ဘာနှင့်အဝှမ်း သွားနှင့်ခံတွင်းရောဂါများ၏ဆိုးရွားပုံကို ဂရုပြုမိကာ တစ်သက်တာလုံး ခံတွင်းကျန်းမာရေးအတွက် မလိုလားအပ်သော အလေ့အကျင့်ဆိုးများ ရှောင်ကြဉ်စေခြင်း၊ ခံတွင်းကျန်းမာရေးနှင့် ခန္ဓာကိုယ်အထွေထွေကျန်းမာရေးဆက်စပ်ပုံကို ရှင်းလင်းထုတ်ဖော်ပြသခြင်း၊ လူတိုင်း မိမိ၏ ခံတွင်းကျန်းမာရေးကို အသက်အရွယ်အလိုက် ဂရုစိုက်စောင့်ရှောက်ရန် အားပေးဆောင်ရွက်ခြင်း၊ သွားနှင့် ခံတွင်းကျန်းမာရေး ပညာရှင်များနှင့် အစိုးရအဖွဲ့အစည်းများအနေဖြင့် ခံတွင်းရောဂါကာကွယ်ရေးလုပ်ငန်းများတွင် တာဝန်ယူပါဝင်ဆောင်ရွက်ခြင်း စသည်တို့ လိုအပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းသည်လည်း အပြည်ပြည်ဆိုင်ရာ သွားနှင့်ခံတွင်း ဆရာဝန်အသင်းများနှင့် အတူတကွလက်တွဲကာ ဆောင်ရွက်လျက်ရှိပါသည်။ ၁၉၇၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မိမိတို့အသင်းသည် တိုင်းဒေသကြီး/ပြည်နယ်အသင်းအဆင့် အသင်းပေါင်း ၁၃ သင်းနှင့် မြို့နယ်အသင်းခွဲ ၃၉ သင်းဖြင့် ဗဟိုအသင်းကြီး၏ ရည်ရွယ်ချက်များအတိုင်း ပြည်သူလူထု၏ သွားနှင့်ခံတွင်းကျန်းမာရေးမြင့်တင်ရေးအတွက် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့၏ အသင်းဝင်များ အရည်အချင်းတိုးတက်ရန် စဉ်ဆက်မပြတ် ဆေးပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပြည်သူလူထု သွားနှင့်ခံတွင်း ကျန်းမာရေး ကုသစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အခါအားလျော်စွာ လုပ်ဆောင်လျက်ရှိပါသည်။ ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် စစ်တမ်းကောက်ယူရေးလုပ်ငန်းများ၊ ဝန်ထမ်းဆရာဝန်များ ဉာဏ်သစ်လောင်းသင်တန်းများတွင်လည်း ပါဝင်တာဝန်ယူထမ်းဆောင်လျက်ရှိပါသည်။ အသင်းဝင် သွားနှင့်ခံတွင်းဆရာဝန်များအားလုံးသည် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီတွင် မှတ်ပုံတင်လျက် ကျင့်ဝတ်များစောင့်ထိန်းကာ ကုသရေး၊ ကာကွယ်ရေး၊ သင်ကြားရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသော်လည်း နိုင်ငံတစ်ဝန်း ကြိုတင်ကာကွယ်ရေးနှင့် ပညာပေးခြင်းလုပ်ငန်းများတွင် ပိုမိုပါဝင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံး ခံတွင်းကျန်းမာ၊ ကိုယ်ချမ်းသာစွာဖြင့် ဘဝတစ်လျှောက်လုံး ပျော်ရွှင်စွာဖြတ်သန်းနိုင်ရန်အတွက်

- တစ်နေ့နှစ်ကြိမ်၊ အစာစားပြီး တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ် သွားတိုက်ခြင်း၊
- ဆေးလိပ်၊ ကွမ်း၊ အရက်စသည့် အလေ့အကျင့်ဆိုးများ ရှောင်ကြဉ်ခြင်း၊
- သွားနှင့်ခံတွင်းကျန်းမာရေးကို မှန်မှန်စစ်ဆေးခံယူခြင်း

စသည့် အလေ့အကျင့်ကောင်းများ ပြုလုပ်လိုက်နာကြပါစေကြောင်း ဆန္ဒပြုရင်း အောက်ဖော်ပြပါ ကလေးကဗျာငယ်ဖြင့် ကြိုဆိုလိုက်ရပါကြောင်း။

**"သွားကောင်းမှ ကျန်းမာမယ်"**<br>
**သွားကလေးများ လှဖို့ရာ၊ မှန်မှန်တိုက်ကြပါ**<br>
**တစ်နေ့နှစ်ခါမပျက်တမ်း၊ နေ့ရောညပါလန်း။**<br>
**ဆေးလိပ်၊ ကွမ်းလည်း ရှောင်ကြမယ်၊ ကင်ဆာကြောက်လို့ကွယ်**<br>
**အစာစားပြီး အာလုတ်ကျင်း၊ ခံတွင်းလွန်သန့်ရှင်း။**<br>
**တစ်နှစ်နှစ်ခါစစ်ဆေးပါ၊သွားဆရာဝန်ဆီမှာ**<br>
**သွားနှင့်ခံတွင်း ကျန်းမာခြင်း၊ကိုယ်၏ ကျန်းမာခြင်း။**

**သွားနှင့်ခံတွင်းဆရာဝန်တစ်ဦး**

# သင်တန်းများ

သတင်းစာမျက်နှာများတွင် နွေရာသီမှာ ဆင့်ပွားပညာသင်ယူနေကြသော ဆရာ ဆရာမများ၏ သတင်းများကို အမြဲလိုလိုမြင်တွေ့နေရသည်။ "ဆရာသည် ထာဝရကျောင်းသားဖြစ်နေရမည်" အဆိုအမိန့်အတိုင်းပင် နောက်စာသင်နှစ်တွင် သင်ကြားမှုအဆင်ပြေစေရန်အတွက် ယခုနွေရာသီကာလတွင် ကြိုတင်ပြင်ဆင်သင်ကြားနေရခြင်းဖြစ်သည်။ အထူးသဖြင့် နယ်ဘက်တွင် တာဝန်ထမ်းဆောင်နေကြသော နေ့စားလပေးသင်တန်းမှ ဆွဲခန့် ဆရာ ဆရာမများ။ ဒေသ၏လိုအပ်ချက်အရ ဆရာဖြစ်သင်တန်းတက်ရောက်ပြီးမြောက်အောင်မြင်သည်အထိ အဆင့်မီဆရာများမရမီ စပ်ကူးမပ်ကူးကာလတွင် နေ့စားလပေးဆရာများနှင့်အင်အားဖြည့်တင်း ပေးထားရခြင်းဖြစ်သည်။

"ဆရာမပြ ငါးပိဖုတ်လည်း နည်းမကျ"ဆိုစကားအတိုင်းပင် အကြင်ဆရာများအား နွေရာသီတွင် ဆင့်ပွားသင်တန်းပေးကာ သင်ကြားမှုအတတ်ပညာကို ဖြည့်တင်းပေးရခြင်း။ ၆-၅-၂၀၁၇ ရက်နေ့ထုတ်သတင်းစာတွင် "၂၀၁၇-၂၀၁၈ ပညာသင်နှစ် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်း (၃/၂၀၁၇)သင်တန်းဆင်းပွဲကနီတွင်ကျင်းပ"သတင်းတစ်ပုဒ်ကို ဖတ်မိလိုက်သည်။ ဆရာအတတ်ပညာရယူရာတွင် မျက်မှောက်ကာလ ဆွဲခန့်ဆရာများမှာ ကုသိုလ်ကံကောင်းလေစွဟု ဆိုရမည်ဖြစ်သည်။

မိမိသည်လည်း အဆိုပါဆရာများကဲ့သို့ပင် ဆွဲခန့်ဆရာဘဝနှင့် ပညာရေးလောကတွင် ခြေချခွင့်ရခဲ့သည်။ မိမိတို့မြို့နယ်တွင် မူလတန်းပြလက်ထောက်ဆရာ လိုအပ်သည်က ၁၁ ဦး၊ လျှောက်ထားသူက ကိုးဦး။ အင်တာဗျူးတွင် တာဝန်ရှိသူတို့က မိမိ၏အမည်၊ မိဘ၏အမည်တို့ကို မေးမြန်းသည်။ တာဝန်ပေးမည့်နေရာသို့ သွားနိုင်/မသွားနိုင်မေးသည်။ ဤမေးခွန်း သုံးခုကို မေးမြန်းပြီးသည်နှင့် မိမိကျောင်းဆရာ ဖြစ်လာခဲ့သည်။ ကျောင်းဆရာတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ မည်သည့်သင်တန်းမျှ မတက်ခဲ့ရ။ ယခုလို မြို့နယ်အစီအစဉ်ဖြင့် သင်တန်းများလည်း မရှိခဲ့ပါ။

မိမိအထက်မှ ဆရာကြီး၏ သင်နည်းသင်ဟန်များကို လေ့လာအတုယူကာ "လုပ်ရင်းသင် သင်ရင်းလုပ်"ဟုတ်နေခဲ့သည်။ မိမိတာဝန်ထမ်းဆောင်ခဲ့သည့်ကျေးရွာမှာ မြောက်ဦးမြို့နယ် အစွန်အဖျား ကုလပုန်း ကျွန်းပေါ်ရှိ "ရဲဖျား"ရွာလေး ဖြစ်သည်။ ဒေသခံများက ကျွန်းဖျားရွာဟု ခေါ်ဆိုကြသည်။ အိမ်ခြေတစ်ရာ မပြည့်သော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ရွာသိမ်၊ ရွာနုပ် ဇနပုဒ်အရပ်။ မြောက်ဦးမှ ထိုရွာသို့ သင်္ဘောတစ်တန်၊ လှေနှစ်တန်စီး၍ လမ်းတွင် တစ်ညအိပ်ပြီးမှ ရောက်ရှိသောအရပ်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုအကျိုးဆက်ဟု ဆိုရမည်လား။ မြို့မှ တာဝန်ရှိသူများ အလာအသွား မရှိသည့်နေရာ။ မိမိ၏သင်တန်းမဲ့ ဆရာဘဝကိုဖြတ်သန်းရင်း ခရီးကြမ်းကိုနှင်ခဲ့ရသည်။ ယနေ့ နေ့စားလပေးဆွဲခန့်ဆရာများနှင့် လားလား မျှမတူ။ ကူညီမည့်သူများကတော့ အဆင်သင့်ရှိသည်။ ယခု မြို့နယ်အလိုက် သင်တန်းများဖွင့်လှစ်ပေးကာ ဆရာ သင်ကြားမှုစွမ်းရည် စနစ်တကျရှိစေရေး မြှင့်တင်ပေးနေကြသည်။ နွေရာသီ အပူရှိန်အောက်တွင် အရိပ်အာဝါသကို ခိုလှုံရင်း ဆရာပညာပြည့်ဝစေဖို့ ပို့ချမှုများကို ကြည်ကြည်ဖြူဖြူရယူနေကြရသူများမှာ ကံကောင်းပေစွ။

နွေရာသီတွင် ဆရာများကဲ့သို့ပင် ပညာရယူနေကြသူများလည်းရှိနေသေးသည်။ သို့သော် ကြည်ကြည်ဖြူဖြူဟု မဆိုသာ။ နွေကျောင်းပိတ်ရက်တွင် ကျောင်းမပိတ်ဘဲ ပညာဆက်လက်သင်ကြားပေးနေကြသော ပုဂ္ဂလိကကျူရှင်များတွင် မိဘများ၏တွန်းအားနှင့် ပညာရင်နို့သောက်နေကြရဆဲ မြို့ပြရပ်ဝန်းနေ ကျောင်းသားလေးများ။ သားသမီးများကို လူချွန်လူကောင်းဖြစ်စေချင်သည့် မိဘများ၏ အနှိုင်းမဲ့မေတ္တာ စေတနာအောက်တွင် ကလေးငယ်များခမျာ မရုန်းနိုင်၊ မရွံ့သာ နာခံကာ ၁၂ လရာသီ နားချိန်မရှိရှာ။ စာနှင့် ဖိထားသကဲ့သို့ ခံစားနေရ ရှာသူလေးများဟု ဆိုရမည်သာ။

"အလိမ္မာ စာမှာရှိ"ဟူသည် မှန်ပေ၏။ " Work while you work, play while you play " အဆိုအမိန့်စကားကိုလည်း မိမိတို့မေ့မထားသင့်ချေ။ "ကလေးဆော့ပါစေ၊ ဆော့တဲ့ကလေး ဉာဏ်ထက်တယ်" ဟု မိမိတို့၏ငယ်ဆရာ အထက်တန်းကျောင်းအုပ်ကြီးတစ်ဦး မိန့်ကြားခဲ့ဖူးသည်။ စကား၊ ကစားချိန်ကစား၊ အလုပ်ချိန်လုပ်ခွင့်ပေးထားပါက ကလေးများ၏ဉာဏ်ရည်၊ ကိုယ်ရည် ကိုယ်သွေး ဟန်ချက်ညီ ဖွံ့ဖြိုးလာနိုင်ပါသည်။ ယခု မြို့ပြနေကလေးငယ်အချို့ အရွယ်မအိုပါဘဲနှင့် ပါဝါမျက်မှန်တကားကားနှင့်မြင်ရသည်မှာ အကျည်းတန်လွန်းပါသည်။


အခြားတစ်ခု မိမိတို့သတိပြုသင့်သည်မှာ မိဘစကားကို တစ်သဝေမတိမ်း လိုက်နာနိုင်သည့်အရွယ်မှာ ရှစ်တန်း၊ ကိုးတန်းအရွယ်သာဖြစ်နိုင်ပြီး ထိုအရွယ်ထက်ကျော်လွန်သွားပါက မိဘထိန်းချုပ်မှုကို မခံလိုတော့ဘဲ ၎င်းတို့၏စိတ်ဆန္ဒအတိုင်း လုပ်ကိုင်လာကြသည်ကို တွေ့ရသည်။ နောက်ဆုံးအဆင့်အနေဖြင့် ၁၀ တန်းအောင်သည်အထိ မိဘအလိုကျဖြစ်နိုင်သည်ဆိုသော်လည်း တက္ကသိုလ်ရောက်သည်နှင့် မိဘတို့၏အုပ်ချုပ်စီမံမှုဘောင်အတွင်းမှ လွတ်ထွက်သွားတတ်သည်။ မည်သည့်မိဘမှ မိမိတို့၏သားသမီးများကို တက္ကသိုလ်ပရဝဏ် ရောက်သည်အထိ လိုက်လံထိန်းကျောင်းနိုင်မည်မဟုတ်ချေ။ လိုက်လံထိန်းကျောင်းခွင့်လည်း ရမည်မဟုတ်ပါ။ သားသမီးများ ပညာရေးနှင့်ပတ်သက်လျှင် ဖြစ်ချင်လွန်းသည့်ဆန္ဒကို လွန်လွန်ကျူးကျူးရှေ့တန်းမတင်ဘဲ ကလေးများအတွက် ဝန်နှင့်အား မျှတသည့် ပညာရေးရပ်ဝန်းမျိုးဖြစ်သင့်ပါသည်။ ဆိုလိုသည်မှာ အမြဲမပြတ် လေ့လာသင်ယူကာ နားချိန်မရှိသော သင်ယူမှုမျိုးမဖြစ်စေဘဲ ကစားချိန်၊ နားချိန်လည်းရှိရမည်ဖြစ်သည်။


The United Nations Convention on the Right of the Child. ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်၏ အပိုဒ် ၂၈ တွင် "ကလေးသူငယ်အားလုံးသည် ပညာသင်ကြားနိုင်ခွင့်ရှိသည်"ဟုဆိုထားပြီး အပိုဒ် ၃၁ တွင် "ကလေးသူငယ်တိုင်း ကစားခုန်စားခြင်းနှင့် အားကစားပြုလုပ်ခြင်း၊ တေးဂီတတီးမှုတ်ခြင်းနှင့် ပြဇာတ်ကပြခြင်းတို့အားဖြင့် အနားယူအပန်းဖြေခွင့်ရှိသည်"ဟု ဆိုထားရာ မိဘတိုင်း သတိပြုသင့်သည့်အချက်ဖြစ်သည်။ ဤကဲ့သို့ ဟန်ချက်ညီမဟုတ်မူဘဲ ပညာရေးတစ်ခုတည်းကိုပဲ တစိုက်မတ်မတ် အားသွန်ခွန်စိုက်ဖြစ်နေပါက မိဘများ၏စေတနာသည် ဝေဒနာဖြစ်သွားနိုင်ပြီး သားသမီးများအတွက် "ပုခက်လွှဲသော ပန်းချီးလက်များ" ဖြစ်သွားကာ "ခုတ်ရာတခြား ရှရာတလွဲ"နှင့် ဦးတည်ချက်အရာမထင် အဟောသိကံဖြစ်သွားနိုင်ပါသည်။ ပညာရှိသတိဖြစ်ခဲမို့ မိမိ၏အမြင်နှင့်ခံစားချက်အပေါ် နားလည်ပေးနိုင်ကြပါစေ။

နိဂုံးချုပ်ရလျှင် နွေရာသီသင်တန်းများသည် ဆရာအချို့တို့အတွက် မရှိမဖြစ်လိုအပ်မှု မှန်၏။ ကလေးများအတွက်ကား အားလပ်ချိန်တွင် ကျူရှင်စာသင်ခန်းများတွင်ပင် ရှိမနေသင့်ပါ။ ကျူရှင်များအား နှစ်နာစေလိုသည့် ဆန္ဒမရှိပါ။ ကလေးများ၏ အနာဂတ်အရေးမို့ ဆိုခြင်းဖြစ်ပါသည်။ ကလေးများ၏နောင်ရေးသည် မိဘနှင့် ဆရာများတစ်နည်းအားဖြင့် ပုခက်လွှဲသောလက်နှင့် ပန်းပျိုးလက်ပိုင်ရှင်များ၏ ပုံသွန်းထုဆစ်စနစ်တကျ ပျိုးထောင်မှုအပေါ် အမှီသဟဲပြုနေပါသည်။ အနာဂတ် မျိုးဆက်သစ်လေးများ ကောင်းမွန်စွာပေါ်ထွန်းလာစေရေး မိဘဆရာပူးပေါင်း၊ လမ်းကြောင်းမှန်စေဖို့ အထူးလိုအပ်ပါကြောင်း။ ကလေးများအတွက် သင်တန်းများဆိုလျှင် စာသင်ကြားခြင်းမှအပ အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန် စသည့် ဘာသာစကားပြောသင်တန်းများ၊ ရေကူး၊ ဘောလုံး၊ ကြက်တောင်၊ ဘော်လီဘောစသည့် အားကစားသင်တန်းများ၊ ကွန်ပျူတာစသည့် နည်းပညာသင်တန်းများသာ ဖြစ်သင့်ကြောင်းပါ။ သို့ဆိုပါလျှင် ကလေးများ၏ ဘက်စုံပညာရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပြီး မျိုးဆက်သစ်ပညာရေးဖွံ့ဖြိုးမှု၏ ခွန်အားများဖြစ်စေမည်အမှန်ဖြစ်ပါသည်။

ပညာရေးသည် ဒေသဖွံ့ဖြိုးမှုအတွက် အခရာဖြစ်ပါသည်။ ပညာရေးဖြင့် ပညာပြည့်ဝနှလုံးလှသူ တစ်နည်းလူတော်လူကောင်းများကို မွေးထုတ်ပေးနိုင်၍ဖြစ်ပါသည်။ ပညာရေးကဏ္ဍတွင်မိဘ၊ ဆရာ တာဝန်ရှိသူများ ဟန်ချက်ညီတာဝန်ကျေပွန်ကြမည်ဆိုပါလျှင် မိမိတို့နိုင်ငံ၏ခေါင်းဆောင်မိန့်ကြားသကဲ့သို့ နောင်အနှစ် ၂၀ တွင် စင်ကာပူကို အမီလိုက်နိုင်မည် သေချာပါသည်။ မိမိတို့ နိုင်ငံတွင် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများရှိပြီးဖြစ်ရာ နည်းပညာရှင်များ တိုးပွားလာမည်ဆိုပါက အချိန်တိုအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပါတည်း။ ။

**အောင်ကျော်ညို(ဆင်ချဆိပ်)**













# အဏုမြူစွမ်းအား အိန္ဒိယ အလေးထား

ကိုရင်ဩ


ဓာတ်ပုံ – thehindu.com

စုစုပေါင်းလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀၀၀ ထုတ်လုပ်နိုင်မည့် အဏုမြူဓာတ်ပေါင်းဖို ၁၀ လုံး တည်ဆောက်ရန် အိန္ဒိယအစိုးရအဖွဲ့က မေ ၁၈ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်သည်။ အိန္ဒိယ၏ ပြည်တွင်းအဏုမြူလျှပ်စစ်ဓာတ်အား အစီအစဉ်အရ ဓာတ်ပေါင်းဖိုအသစ်များ တည်ဆောက်ရန်လိုအပ်သည်။ အသစ်တည်ဆောက်ရန်ရည်မှန်းထားသော ဓာတ်ပေါင်းဖိုများက ထုတ်လုပ်ပေးနိုင်မည့် လျှပ်စစ်ဓာတ်အားပမာဏမှာ နိုင်ငံတစ်နိုင်ငံလုံးတွင် လက်ရှိထုတ်လုပ်နေသော လျှပ်စစ်ဓာတ်အားစုစုပေါင်းပမာဏထက် ပိုမိုများပြားမည်ဖြစ်သည်။

အဏုမြူစွမ်းအင်ထုတ်လုပ်မှုကို အကြီးအကျယ်မြှင့်တင်ရန် ရည်မှန်းထားသော အိန္ဒိယနိုင်ငံ၌ အေပီ ၁၀၀၀ အမျိုးအစားဓာတ်ပေါင်းဖိုများ တည်ဆောက်ပေးရန် အိန္ဒိယနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သော အမေရိကန် ဝက်စ်တင်းဟောက်စ် ဓာတ်ပေါင်းဖိုတည်ဆောက်ရေးကုမ္ပဏီ ပြိုကွဲလုနီးပါးအခြေအနေနှင့် တွေ့ကြုံခဲ့ရပြီးနောက် ဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၏ အစိုးရအဖွဲ့က အထက်ပါအတိုင်း တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်သည်။

ဂျပန်တိုရှီဘာကုမ္ပဏီက အများစုပိုင်ဆိုင်သော ဝက်စ်တင်းဟောက်စ် လျှပ်စစ်ဓာတ်အားကုမ္ပဏီသည် ဒေဝါလီခံရန် တရားရုံးတော်သို့ ဦးတိုက်လျှောက်ထားခဲ့ရာ ယင်းကုမ္ပဏီနှင့် အိန္ဒိယနိုင်ငံအကြား ရရှိခဲ့သော သဘောတူညီချက်အတိုင်း ဆက်လက်အကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိ သံသယပွားစေခဲ့သည်။

အသစ်တည်ဆောက်မည့် ဓာတ်ပေါင်းဖိုများကို အိန္ဒိယနိုင်ငံရှိ ရေလေးဓာတ်ပေါင်းဖိုထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက ဒီဇိုင်းပုံစံ ရေးဆွဲပေးမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး လျှပ်စစ်ဓာတ်အားအများစုကိုကျောက်မီးသွေးမှထုတ်ယူသည်။

အိန္ဒိယနိုင်ငံ၌ လောလောဆယ်ကာလတွင် နျူကလီးယားဓာတ်ပေါင်းဖို ၂၂ ခု ရှိပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၇၈၀ ထုတ်လုပ်နိုင်စွမ်းရှိသည်။

'ပြည်တွင်းဖြစ်ကို အားပေးပါ' ဟူသော အစိုးရ၏မူဝါဒအရ ပြည်တွင်းဖြစ်ဓာတ်ပေါင်းဖိုများကို ထုတ်လုပ်သွားရန် ရည်မှန်းထားသည်။ သိပ္ပံနှင့်နည်းပညာတိုးတက်မှုနှင့်အတူ စက်မှုလုပ်ငန်းများကို ချဲ့ထွင်လျက်ရှိသည်။

## ပြည်တွင်း၌ထုတ်လုပ်နိုင်

အိန္ဒိယနိုင်ငံသည် နည်းပညာတိုးတက်မှုအဖြစ် ဓာတ်ပေါင်းဖိုများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ပြီဖြစ်သည်။ နိုင်ငံတော်၏ သိပ္ပံနည်းပညာနှင့် စက်မှုလုပ်ငန်းတို့မှ ပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများအရ Pressurized heavy water reactor (PHWR) နည်းပညာဖြင့် ပြည်တွင်း၌ ဓာတ်ပေါင်းဖိုများကို ထုတ်လုပ်နိုင်ပြီဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အဏုမြူစွမ်းအင် ယူနစ်ပေါင်း ၃၇၆၇၄ သန်း ထုတ်လုပ်ခဲ့ကြောင်း အိန္ဒိယနျူကလီးယားလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံ ရာဂျာစသန်ပြည်နယ်နှင့် ဂူဂျာရတ်ပြည်နယ်တို့၌ အဏုမြူစွမ်းအင်စက်ရုံနှစ်ရုံကို တည်ဆောက်လျက်ရှိသည်။ ယင်းစက်ရုံများမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၀၀ ထုတ်လုပ် နိုင်စွမ်းရှိပြီး စက်ရုံတစ်ရုံချင်းစီ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်စွမ်းမှာ မဂ္ဂါဝပ် ၇၀၀ ဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ တည်ဆောက်မည့် PHWR ဓာတ်ပေါင်းဖိုများသည် နောက်ဆုံးပေါ်နည်းပညာကိုအသုံးပြုထားပြီး ဘေးကင်းလုံခြုံမှုအရ အမြင့်ဆုံးစံနှုန်းများနှင့် ကိုက်ညီကြောင်း အိန္ဒိယလျှပ်စစ်ဓာတ်အားဝန်ကြီး ပီယွတ်ဂိုယယ်က ပြောကြားသည်။

၂၀၁၀ ပြည့်နှစ်တွင် အိန္ဒိယအစိုးရအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သော အစီအစဉ်တစ်ရပ်အရ ၂၀၃၂ ခုနှစ်အရောက်တွင် နျူကလီးယား လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၃၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိလာစေရန် မျှော်မှန်းသည်။

## ကန့်ကွက်

သို့ရာတွင် ၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံ၌ ဆူနာမီရေလှိုင်းရိုက်ခတ်မှုကြောင့် ဖူကဲရှိမအဏုမြူစက်ရုံတွင် မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ၌ နျူကလီးယားဓာတ်အားပေး စက်ရုံများတည်ဆောက်ရန် အစိုးရ၏ အဆိုပြုချက်ကို ကန့်ကွက်မှုများ ရှိလာသည်။ အထူးသဖြင့် နျူကလီးယားစွမ်းအင်စီမံကိန်းများအကောင်အထည်ဖော်မည့် ဒေသများရှိပြည်သူများက ၎င်းတို့၏ဒေသများအတွင်း နျူကလီးယားဓာတ်အားပေး စက်ရုံများတည်ဆောက်ခြင်းကို ကန့်ကွက်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။ ဤသို့ဖြင့် အဏုမြူစွမ်းအင်ကို သန့်ရှင်းသောစွမ်းအင်၊ ရုပ်ကြွင်းလောင်စာများကို အစားထိုးမည့် စွမ်းအင်အဖြစ် အသုံးချနိုင်ရန် အစိုးရက လုပ်ဆောင်နိုင်စွမ်းရှိ၊ မရှိ မေးခွန်းထုတ်လာမှုများ ရှိလာခဲ့ရသည်။

အိန္ဒိယနိုင်ငံ မဟာရာရှတြာပြည်နယ်၌ မဂ္ဂါဝပ် ၉၉၀၀ ထုတ်လုပ်နိုင်မည့် ပြင်သစ်နည်းပညာသုံး ဂျေတာပူရ် နျူကလီးယားဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် ပတ်သက်၍လည်းကောင်း၊ တမီလ်နာဒူးပြည်နယ်၌ မဂ္ဂါဝပ် ၂၀၀၀ ထုတ်လုပ်နိုင်မည့် ရုရှားနည်းပညာသုံး ကူဒန်ကူလမ် နျူကလီးယားဓာတ်အားပေးစက်ရုံစီမံကိန်းနှင့်ပတ်သက်၍လည်းကောင်း ဒေသခံပြည်သူများ၏ ကန့်ကွက်ဆန္ဒပြမှုများကို အစိုးရအဖွဲ့ ရင်ဆိုင်တွေ့ကြုံခဲ့ရသည်။

အနောက်ဘင်္ဂလားပြည်နယ်အစိုးရအဖွဲ့သည် ဟာရီပူရ်မြို့၌ နျူကလီးယားဓာတ်အားပေးစက်ရုံစီမံကိန်းနှင့်ပတ်သက်၍ အဆိုပြုတင်ပြလာမှုကိုလည်း ပယ်ချခဲ့သည်။ ယင်းစီမံကိန်းအရ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိသော ရုရှားလုပ် ဓာတ်ပေါင်းဖိုခြောက်လုံးကို တည်ဆောက်ရန်ဖြစ်သည်။ အဆိုပါပြည်နယ်ရှိ အများပြည်သူဆိုင်ရာ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးအဖွဲ့က အစိုးရအဖွဲ့၏ နျူကလီးယားအစီအစဉ်ကို တရားရုံးချုပ်မှတစ်ဆင့် တရားဝင်ကန့်ကွက်ခဲ့သည်။

## စွမ်းအင်အရင်းအမြစ်

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေဖို့ စွမ်းအင်အရင်းအမြစ်များက များစွာအရေးပါလှသည်။ စက်မှုလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ချဲ့ထွင်လာမှုနှင့်အတူ စွမ်းအင်အရင်းအမြစ်များ၏ လိုအပ်ချက်မှာ ပိုမိုကြီးထွားလာရပေသည်။

သို့ဖြစ်ရကား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းအင်လိုအပ်ချက်တို့ ဆက်နွှယ်လျက်ရှိသည်။ လုပ်ငန်းကဏ္ဍများအတွက် စွမ်းအင်လိုအပ်ဘိသကဲ့သို့ အများပြည်သူတို့၏ နိစ္စဓူဝလူနေမှုဘဝအတွက်လည်း စွမ်းအင်လိုအပ်သည်။

အိန္ဒိယနိုင်ငံသည် စွမ်းအင်နည်းပညာသစ်များကို ရှာဖွေဖော်ထုတ်နေစဉ်မှာပင် ကျောက်မီးသွေးကို နိုင်ငံတော်၏ အဓိကစွမ်းအင်အရင်းအမြစ်တစ်ခုအဖြစ် ဆက်လက်သုံးစွဲနေရသည်။ လာမည့်ဆယ်စုနှစ်သုံးစုတာကာလပတ်လုံး ကျောက်မီးသွေးကို ဆက်လက်သုံးစွဲနေရဦးမည်ဖြစ်ကြောင်း အစိုးရအဖွဲ့၏ မူဝါဒရေးရာအကြံပေးအဖွဲ့တစ်ဖွဲ့က ထုတ်ပြန်သောအစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ကျောက်မီးသွေးထုတ်လုပ်မှု တတိယအများဆုံးနိုင်ငံဖြစ်ပြီး ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု တတိယအများဆုံးနိုင်ငံလည်းဖြစ်သည်။ နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်တွင် ငါးပုံသုံးပုံခန့်မှာ ကျောက်မီးသွေးအပေါ် မှီခိုအားထားနေရဆဲဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ ကျောက်မီးသွေးထုတ်လုပ်မှုကို တန်ချိန် ၁ ဒသမ ၅ ဘီလီယံအထိ နှစ်ဆတိုးထုတ်ရန် ရည်မှန်းထားသည်။

အိန္ဒိယနိုင်ငံ၏ ကျောက်မီးသွေးထုတ်လုပ်ရေးစီမံကိန်းများတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများမှာ တစ်စစကျဆင်းလာနေသော်လည်း အိန္ဒိယ၏ နေစွမ်းအင်စီမံကိန်းများတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ တစ်စစတိုးလာနေကြောင်း ကမ္ဘာ့ပတ်ဝန်းကျင်သိပ္ပံ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်းအစီအစဉ်တွင် ပါဝင်ခြင်းမရှိသော်လည်း တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို လက်ခံထားသည်။ တရုတ်ကုမ္ပဏီများသည် အိန္ဒိယ၏ နေစွမ်းအင်စီမံကိန်းများတွင် သိသိသာသာ ရင်းနှီးမြှုပ်နှံလာနေကြောင်း တွေ့ရှိရသည်။ ။


ဓာတ်ပုံ – thehindu.com

- Reference -
Cabinet clears proposal to build 10 atomic reactors (thehindu.com)

# ကောလာဟလများအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

***ယခုသီတင်းပတ်အတွင်း ပေါ်ထွက်လာခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေအထဲက စိတ်ဝင်စားစရာအကောင်းဆုံး သတင်းတွေကို ကြေးမုံပရိသတ်တွေအတွက် ရွေးချယ်ဖော်ပြလိုက်ရပါတယ်။***

## ချစ်သူကိုထောက်လှမ်းဖို့အတွက် ကိုယ်ပိုင်စုံထောက်ငှားထားတဲ့ ဂျနီဖာလိုပက်ဇ်

အောင်မြင်တဲ့တေးသံရှင်တွေထဲမှာ စွဲဆောင်မှုရှိလှတဲ့အလှတရားတွေကို ပိုင်ဆိုင်ထားတဲ့ ပေါ့ပ်ဂီတကြယ်ပွင့် ဂျနီဖာလိုပက်ဇ်ဟာ လတ်တလောမှာ သူနဲ့ချစ်သူတွေအဖြစ်လက်တွဲနေတဲ့ အဲလက်ဇ်ရော့ဒရီးဂွက်စ်ကို နောက်ကွယ်ကနေ စုံစမ်းထောက်လှမ်းမှုတွေပြုလုပ်ဖို့အတွက် ကိုယ်ပိုင်သီးသန့်စုံထောက်တစ်ဦးကို ငှားရမ်းထားကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၄၇)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်ဟာ အဲလက်ဇ်ရော့ဒရီးဂွက်စ်ရဲ့ နောက်ကနေသွားသမျှနေရာတွေကို လိုက်ပါကာ ဘာတွေလုပ်နေလည်းဆိုတာကို စုံစမ်းထောက်လှမ်းပေးဖို့ မကြာသေးမီက စုံထောက်တစ်ဦးကို ငှားခဲ့တာဖြစ်ပြီး အဲလက်ဇ်အနေနဲ့ သူ့ရဲ့အချစ်အပေါ်မှာ လိမ်လည်လှည့်ဖျားကာ သစ္စာဖောက်နေခြင်းရှိ၊ မရှိကို စုံစမ်းဖို့အတွက် ကိုယ်ပိုင်စုံထောက်ငှားရခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

အဲလက်ဇ်ရော့ဒရီးဂွက်စ်ဟာ မကြာသေးမီက ဂျနီဖာလိုပက်ဇ်အပေါ် လှည့်ဖျားမှုတွေပြုလုပ်နေကြောင်း ကောလာဟလတွေ ပေါ်ထွက်လာခဲ့ပါတယ်။ အဲလက်ဇ်ဟာ သူ့ရဲ့ အရင်ဇနီးဟောင်း စင်သီယာစခရူတီစ်နဲ့ တွေ့ဆုံမှုတွေ ရှိခဲ့တယ်လို့ မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပြီးတဲ့နောက် အဲလက်ဇ်ရဲ့ လှည့်စားခြင်းခံရမှာကို စိုးရိမ်နေတဲ့ ဂျနီဖာလိုက်ပက်ဇ်က ယခုလို စီစဉ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ အဲလက်ဇ်နဲ့ စင်သီယာတို့ဟာ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်အတွင်း တရားဝင်လမ်းခွဲခဲ့ကြသူတွေလည်း ဖြစ်ကြပါတယ်။ စင်သီယာရဲ့ နောက်ကွယ်မှာ အဲလက်ဇ်ဟာ နာမည်ကျော် ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ မက်ဒေါနားနဲ့ ဇာတ်လမ်းတွေဖြစ်ခဲ့ကြဖူးတာကြောင့်လည်း လတ်တလောမှာ ဂျနီဖာလိုပက်ဇ်က အဲလက်ဇ်အနေနဲ့ သူနဲ့လက်တွဲနေစဉ် နောက်ကွယ်မှာ အချစ်သစ်ရှာနေမှာကိုစိုးရိမ်ပြီး ချစ်သူအပေါ် တိတ်တဆိတ် စုံစမ်းမှုတွေ ပြုလုပ်လိုနေတာလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ဂျနီဖာလိုပက်ဇ်ဟာ အဲလက်ဇ်ရော့ဒရီးဂွက်စ်နဲ့ လက်တွဲနေစဉ်ကာလအတွင်းမှာလည်း ယခင်က အဲလက်ဇ်ရဲ့ အချစ်ဟောင်းတွေဖြစ်ခဲ့ဖူးသူတွေနဲ့လည်း တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။ ဂျနီဖာလိုပက်ဇ်ဟာ အဲလက်ဇ်ရဲ့ လမ်းခွဲခဲ့ပြီးဖြစ်တဲ့ချစ်သူတွေအနက် နာမည်ကျော်တွေဖြစ်ကြတဲ့ မင်းသမီးကိတ်ထ်ဟန်စန်၊ ကမ်မရွန်ဒီအက်ဇ်တို့နဲ့ တွေ့ဆုံကာ သူ့အနေနဲ့ အဲလက်ဇ်ကို ဆက်လက်လက်တွဲသွားဖို့ သင့်၊မသင့်ကို ဆွေးနွေးခဲ့ဖူးတယ်လို့လည်း သိရပါတယ်။

ဒီလိုကောလာဟလတွေပေါ်ထွက်နေချိန် တစ်ဖက်မှာလည်း အဲလက်ဇ်ရော့ဒရီးဂွက်စ်နဲ့ ဂျနီဖာလိုပက်ဇ်တို့နှစ်ဦးဟာ ဆက်ဆံရေးတွေ ပိုမိုခိုင်မာလာခဲ့ပြီဖြစ်ကာ လက်ထပ်ဖို့ပင် ဆွေးနွေးနေကြပြီဖြစ်ကြောင်းလည်း သိရပါတယ်။ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲလာခဲ့ကြတာ သုံးလခန့်သာ ကြာသေးပေမယ့် ဂျနီဖာလိုပက်ဇ်အနေနဲ့ကတော့ အဲလက်ဇ်ကသာ သူ့ကို လက်ထပ်ခွင့်တောင်းပါက ခေါင်းညိတ်ဖို့ရာ အဆင်သင့်ဖြစ်နေပြီဖြစ်တယ်လို့လည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

"Shades of Blue"တေးသီချင်းရဲ့ တေးသံရှင် ဂျနီဖာလိုပက်ဇ်ရဲ့ ဘဝတစ်လျှောက်မှာ အိမ်ထောင်တွေဟာ အချိန်ကြာကြာမြဲခဲ့တာ မတွေ့ရပါဘူး။ ဂျနီဖာလိုပက်ဇ်ဟာ ကျူးဘားလူမျိုးစားရေးဆရာတစ်ဦးဖြစ်တဲ့ အိုဂျန်နီနိုအာနဲ့ ၁၉၉၇ ခုနှစ်အတွင်း လက်ထပ်ခဲ့ပြီး ၁၉၉၈ ခုနှစ်အတွင်းမှာ ကွာရှင်းခဲ့ပါတယ်။ အဲဒီနောက် ၂၀၀၂ ခုနှစ်အတွင်းမှာတော့ သူ့ရဲ့အကအဖွဲ့ထဲမှ ခရစ်ဂျက်ဒ်နဲ့ လက်ထပ်ခဲ့ကာ ၂၀၀၃ ခုနှစ်မှာတော့ တရားဝင်လမ်းခွဲခဲ့တာဖြစ်ပါတယ်။ ဂျနီဖာလိုပက်ဇ်ရဲ့ အကြာဆုံးလက်တွဲခဲ့တဲ့ အိမ်ထောင်ဖက်ကတော့ တေးသံရှင်တစ်ဦးအဖြစ် ကျော်ကြားတဲ့ မက်ခ်အန်ထော်နီပဲ ဖြစ်ပါတယ်။ ဂျနီဖာလိုပက်ဇ်ဟာ မက်ခ်အန်ထော်နီနဲ့ အမြွှာရင်သွေးလေးနှစ်ဦးကို မွေးဖွားထားကာ အိမ်ထောင်သက် ခုနစ်နှစ်ကျော်ရပြီးနောက်မှ လမ်းခွဲခဲ့တာလည်း ဖြစ်ပါတယ်။



## ရွှေရောင်ဆံပင်ပိုင်ရှင်မလေးအတွက် နီနာကို ထားခဲ့တာတဲ့လား




ဟောလိဝုဒ်ရဲ့ နာမည်ကျော် သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ အော်စကာဆုရှင်မင်းသားကြီး လီယိုနာဒိုဒီကာပရီယိုဟာ လတ်တလောမှာတော့ သူနဲ့ တစ်နှစ်ခန့်လက်တွဲလာခဲ့တဲ့ချစ်သူ နီနာအက်ဂ်ဒယ်နဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပြီးနောက် ဒီလိုလမ်းခွဲခဲ့ရတဲ့အကြောင်းမှာ အခြားသော အမျိုးသမီးတစ်ဦးလည်း ပါဝင်နေတာဖြစ်တယ်လို့ သိရပါတယ်။ ဟောလိဝုဒ်မီဒီယာတစ်ခုဖြစ်တဲ့ အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ လီယိုနာဒိုဟာ ရွှေရောင်ဆံပင်လေးတွေကို ပိုင်ဆိုင်ထားတဲ့ ဗြိတိန်မော်ဒယ်မလေးတစ်ဦးကို လတ်တလောမှာတော့ မျက်စိကျနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

အသက် (၄၂)နှစ်အရွယ် လီယိုနာဒိုဟာ သူ့ရဲ့အချစ်ဟောင်းတစ်ဦးဖြစ်သူ ဒန်းနစ်ရှ်ဘေဘီနဲ့ ချစ်သူတွေအဖြစ် လက်တွဲခဲ့စဉ်ကာလကတည်းက ဗြိတိန်မော်ဒယ်လ် ရိုဇီအော်နာကို သဘောကျနေတာဖြစ်ပြီး မကြာသေးမီက လမ်းခွဲခဲ့တဲ့ နီနာအက်ဂ်ဒယ်နဲ့ လက်တွဲစဉ်ကာလအတွင်းမှာလည်း လီယိုနာဒိုဟာ ရွှေရောင်ဆံပင်ပိုင်ရှင်မလေး ရိုဇီကို စွဲလမ်းနေခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အခြားသောမီဒီယာတစ်ခုဖြစ်တဲ့ ရေဒါအွန်လိုင်းကလည်း လီယိုနာဒိုနဲ့ ရိုဇီတို့ဟာ လန်ဒန်မှာရှိတဲ့ ကလပ်တစ်ခုမှာ စတင်တွေ့ဆုံခဲ့ကြပြီး ဇာတ်လမ်းတွေဖြစ်ခဲ့ကြတာဖြစ်တယ်လို့လည်း ဖော်ပြခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ ချိန်းဆိုတွေ့ဆုံခဲ့တာတွေလည်းရှိခဲ့ပြီး အများအားဖြင့် နယူးယော့ခ်မှာ တွေ့ဆုံလေ့ရှိတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လတွေအတွင်းမှာလည်း သူတို့နှစ်ဦးဟာ ဖုန်းကနေတစ်ဆင့် မက်ဆေ့ချ်တွေ ရေးသားပေးပို့ခဲ့ကြကြောင်းနဲ့ သူတို့နှစ်ဦးအကြား သူငယ်ချင်းဆိုတဲ့ ဆက်ဆံရေးမျိုးသာ ရှိနေသေးတာဖြစ်ပေမယ့် လီယိုနာဒိုကတော့ နှစ်ဦးအကြားဆက်ဆံရေးကို တစ်ဆင့်တက်လိုနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

လီယိုနာဒိုဟာ လတ်တလောမှာ အသက် (၂၅)နှစ်ရှိပြီဖြစ်တဲ့ ဒိန်းမတ်ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်လ် နီနာအက်ဂ်ဒယ်နဲ့ မကြာသေးမီကမှ လမ်းခွဲခဲ့တာဖြစ်ပါတယ်။ ဒီလို နီနာနဲ့ လမ်းခွဲလိုက်တဲ့ သတင်းပေါ်ထွက်လာခဲ့ပြီးနောက် လီယိုနာဒိုရဲ့ အချစ်ဇာတ်လမ်းသစ်ဟာလည်း ဆက်တိုက်ဆိုသလို ပေါ်ထွက်လာခဲ့တာလည်း ဖြစ်ပါတယ်။



## တေလာဆွစ်ရဲ့အချစ်သစ်နဲ့ဇာတ်လမ်းဟာ အောက်တိုဘာကတည်းက စတင်နေခဲ့တာပါ

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပေါ်ထွက်လာခဲ့တဲ့ တေလာဆွစ်ရဲ့ အချစ်ဇာတ်လမ်းသစ်ကတော့ ဗြိတိန်မင်းသားတစ်ဦးဖြစ်သူ ဂျိုးအော်ဝင်န်နဲ့ ချစ်သူတွေအဖြစ် လက်တွဲနေပြီဖြစ်ကြောင်း ဝေဖန်ရေးသားခဲ့ကြတာဖြစ်ပါတယ်။ မီဒီယာတွေဟာ လတ်တလောမှာ တေလာဆွစ်အနေနဲ့ ဂျိုးအော်ဝင်န်နဲ့ လက်တွဲနေကြောင်း ဖော်ပြလာခဲ့တာဖြစ်ပေမယ့် သူတို့နှစ်ဦးဟာ မီဒီယာတွေ သတိမပြုမိအချိန်အတော်ကြာကတည်းက ဇာတ်လမ်းတွေစနေခဲ့ပုံရကြောင်းနဲ့ သူတို့နှစ်ဦးကို ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းက ဟိုတယ်တစ်ခုတည်းကို ဝင်ရောက်သွားခဲ့တာကို တွေ့ခဲ့ရကြောင်းလည်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၁၂ ရက်က တေလာဆွစ်ဟာ သူငယ်ချင်းတွေနဲ့အတူ ပါတီပွဲဆင်နွှဲခဲ့ပြီးနောက် နောက်ထပ်ပါတီပွဲတစ်ခုအတွက် ဘော်ဝီဟိုတယ်ကို သွားရောက်ခဲ့ကာ တစ်ညတည်းမှာပဲ ယင်းဟိုတယ်ကို ဂျိုးအော်ဝင်န်လည်း သူ့ရဲ့သူငယ်ချင်း စုံတွဲတစ်တွဲနဲ့အတူ ရောက်လာခဲ့တာကိုတွေ့ရပြီး ယင်းဟိုတယ်ကို ရောက်ရှိလာတဲ့ ကြယ်ပွင့်တွေရဲ့ ပုံရိပ်တွေပါဝင်နေတဲ့ ဗီဒီယိုဖိုင်တစ်ခုကို ပရိသတ်တွေက လတ်တလောမှာ အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒါ့ကြောင့် ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်နဲ့ ဗြိတိန်ကြယ်ပွင့် ဂျိုးအော်ဝင်န်တို့ရဲ့ ဇာတ်လမ်းဟာ မီဒီယာတွေသတိပြုမိတဲ့အချိန်ထက် များစွာစောကာ စတင်နေခဲ့တာဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ လတ်တလောမှာမှ ချစ်သူတွေဖြစ်နေကြကြောင်း ကောလာဟလတွေပေါ်ထွက်လာခဲ့ပေမယ့် လွန်ခဲ့တဲ့ ခုနစ်လခန့်ကတည်းက တွေ့ဆုံမှုတွေရှိနေခဲ့တာဖြစ်ကြောင်းလည်း အဆိုပါမီဒီယာက ဝေဖန်ရေးသားခဲ့ကြပါတယ်။

တေလာဆွစ်က လတ်တလောမှာ အသက် (၂၆)နှစ်ရှိပြီဖြစ်တဲ့ ဗြိတိန်မင်းသားတစ်ဦးဖြစ်တဲ့ ဂျိုးအော်ဝင်န်နဲ့ သူ့ရဲ့အကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး အထူးလျှို့ဝှက်ထားကြောင်းနဲ့ တေလာဟာ နယူးယော့ခ်မြောက်ပိုင်းမှာ အိမ်တစ်လုံးငှားရမ်းထားကာ သူ့ရဲ့ကိုယ်ပိုင်သီးသန့်ကမ္ဘာအဖြစ်ဖန်တီးထားကြောင်းလည်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေလာဆွစ်နဲ့ ဂျိုးအော်ဝင်န်တို့ဟာ ပြီးခဲ့တဲ့ နှစ်အတွင်း တေလာရဲ့ မိတ်ဆွေတစ်ဦးဖြစ်တဲ့ မင်းသမီးအမ်မာစတုန်းရဲ့ မိတ်ဆက်ပေးမှုကြောင့် စတင်တွေ့ဆုံခဲ့ကြတာဖြစ်ကြောင်းနဲ့ အမ်မာစတုန်းနဲ့ ဂျိုးအော်ဝင်န်ဟာ "The Favourite"ရုပ်ရှင်မှာ တွဲဖက်သရုပ်ဆောင်ခဲ့ကြသူတွေဖြစ်ကြောင်းလည်း သိရပါတယ်။ တစ်ချိန်တည်းမှာပဲ အချို့သောမီဒီယာတွေကတော့ သူတို့နှစ်ဦးဟာ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်လ် ဂျီဂျီဟာဒစ်ရဲ့ မိတ်ဆက်ပေးမှုကြောင့် သိခဲ့တာလို့လည်း ဆိုကြပါတယ်။ ဂျိုးအော်ဝင်န်ဟာ ဂျီဂျီနဲ့တွဲဖက်ကာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွက် "Vogue" မဂ္ဂဇင်းဓာတ်ပုံကို ရိုက်ကူးခဲ့တာလည်း ဖြစ်ပါတယ်။

လတ်တလောမှာ ပေါ်ထွက်လာခဲ့တဲ့ အချစ်ဇာတ်လမ်းသစ်မတိုင်မီ တေလာရဲ့ နောက်ဆုံးတွဲခဲ့တဲ့ ချစ်သူကတော့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ တွမ်ဟစ်ဒဲလ်စတန်ပဲ ဖြစ်ပါတယ်။ တွမ်နဲ့ တေလာတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၆ခုနှစ် စက်တင်ဘာလအတွင်း တရားဝင်လမ်းခွဲခဲ့ကြတာဖြစ်ကြောင်းလည်း သိရပါတယ်။ အချစ်သစ်တွေနဲ့မကြာမကြာတွေ့ရလေ့ရှိတဲ့ တေလာဆွစ်ဟာ လတ်တလောအချိန်အထိ နာမည်ကျော်များစွာနဲ့လက်တွဲခဲ့ဖူးပြီး သူနဲ့တွဲခဲ့တဲ့ချစ်သူတွေထဲမှာ လျှမ်းလျှမ်းတောက်အောင်မြင်နေတဲ့ ဟယ်ရီစတိုင်၊ ဂျွန်မေရာတို့လို အထင်ကရသူတွေလည်း ပါဝင်နေတာဖြစ်ပါတယ်။ ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်နဲ့ လမ်းခွဲခဲ့ပြီးတဲ့နောက် တေလာနဲ့ လက်တွဲခဲ့တဲ့ ချစ်သူသစ် တွမ်ဟစ်ဒဲလ်စတန်နဲ့ လတ်တလောမှာ သတင်းတွေထွက်နေတဲ့ ဂျိုးအော်ဝင်န်တို့နှစ်ဦးကတော့ သရုပ်ဆောင်မင်းသားတွေဖြစ်ကြတာ တွေ့ရပါတယ်။ ဒီတစ်ကြိမ်အချစ်ဇာတ်လမ်းသစ်မှာလည်း တေလာဆွစ်တစ်ယောက် ကံကောင်းပါစေလို့ဆုတောင်းပေးရင်း ကြယ်ပွင့်စုံတွဲသစ်ရဲ့ နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး တရားဝင်ဖော်ထုတ်လာမယ့် နေ့ကိုလည်း တေလာဆွစ်ရဲ့ပရိသတ်တွေနဲ့အတူ ရင်ခုန်မျှော်လင့်မိနေပါတယ်။

**အေးပြည့်-ရေးသားသည်**


GRAND WYNN GROUP OF COMPANIES
MOTHER'S CHOICE SOFT MARGARINE
Mom's Choice HOUSE BRAND
Mother's Choice နှင့် Mom's Choice မှကျင်းပသည့် 2017 Mother's Day
အမေများနှင့်သားသမီးများအားလုံးကို ပျော်ရွှင်စရာ အစီအစဉ်များနှင့် ဂုဏ်ပြုပွဲ
Grand Wynn Group မှ 2017 Mother's Day Mother's Choice Capital Hypermarket
Silver Shining Star Model Grand Wynn Group
Grand Wynn Group Grand Food Mart
Grand Food Mart (1) Grand Food Mart (2)
Grand Food Mart (3)
www.facebook.com/grandwynn , www.facebook.com/grandtwinbrother
grandfoodmart.ktd@gmail.com,
www.gwe-myanmar.com
Happy Mother's Day 2017
Mother's Choice နှင့် Mom's Choice ၏ Free Shopping
Cooking Demo
USA Fish Fillet Sampling
Mother's Choice ၏ Lucky Draw များ
I'm CoCo Biscuit
I'm CoCo Sampling
Grand Wynn Group Of Companies Products များ
Grand Wynn Group Of Companies
MOTHER'S CHOICE SOFT MARGARINE
I'M CoCo
NEW!
I'm CoCo
Biscuit Eggs Roll
Mom's Choice
USA French Fries Potato, Jam ,Balachaung,Mayonnaise,
Mom's Choice Dim Sum
Mom's Choice
VEGETABLE OIL
Saji
Vitamin E
Cholesterol Free
Good For Frying
Quality CPO
100% Pure ZADE
ZADE
Olive Oil & Sunflower Oil
France Chicken Whole
France Duck Whole
Salmon whole & Fillet
Tilapia Fish
Pangush Fillet
Dori Fillet Shrimp PUD Hilsa
Cheesy & Butter
Pascual
Halal Food Market
USA French Fries
Kawan
CHAPATI
Chicken Burger Meatballs
Gold Bullion Cake Margarine
Mariana Shortening
Westpro Unsalted Butter
Promex Unsalted Butter
Yeast
Hotel & Restaurant
Door to Door Delivery System
EU code no : YGN/079/TBS/DOF HACCP PLANT
Hotline : 01 9010045,9010277,9010522

**သီတဂူရွှေပြည်ဟိန်း ဓာတ္တုဒါနဆေးရုံ ဇွန်လ ၁၇ ၊ ၁၈ (၈၈) ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇွန်လ ၃ ရက်တွင် စတင်လက်ခံ၍ ဇွန်လ ၁၇၊ ၁၈ ရက်များတွင် ၈၈-ကြိမ်မြောက် ဦးရေ (၁၀၅၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သာဓုခေါ်ဆိုအပ်ပါသည်။

လှူဒါန်းရန်လိပ်စာ - သီတဂူရွှေပြည်ဟိန်း ဓာတ္တုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းရိပ်သာ၊ မြည်သာ၊ ရန်ကင်း။ (ကျိုက္ကဆံကွင်းအရှေ့ဘက်) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉

ရွှေပုံတိုင်ကမ္ဘာ့ဘဏ် - အရှင်ဓမ္မသိဒ္ဓိလက်ခံ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ ငွေလွှဲ၍ ထည့်သွင်းလှူဒါန်းနိုင်ပါသည်။




**H&H**

**A0 / A1** ဆိုက်ကြီး အထူး ပုံထုတ် မိတ္တူ

**A1-Drawing** မြေပုံ(၁ရွက်လျှင်၇၀၀ကျပ်)

[illegible]

အမှတ်(၁၂၂)၊ (၃၃) လမ်း(အလယ်)၊ ဖုန်း ၀၉ ...

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဦးသန်းစိန် ကိုယ်ပိုင်အထက်တန်းကျောင်း အဌမတန်း(A)မှ မောင်စိုးခိုင်ခန့်ပြည့်စုံ၏ ဖခင်အမည်မှန်မှာ [၁/ဗမန(နိုင်)၀၃၉၅၄၉]အရ ဦးစိုးအောင်ကျော်ဝင်း ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ICEC ကိုယ်ပိုင် အထက်တန်းကျောင်း၊ ဒသမတန်းမှ မနန်းမြမွန်အောင်၏ ဖခင်အမည်မှန်မှာ [၁/ဗမန(နိုင်)၀၃၉၅၄၉] အရ ဦးစိုးအောင်ကျော်ဝင်း ဖြစ်ပါကြောင်း။

**အမည်ပြောင်းခြင်း**

ဦးတင်အောင်-ဒေါ်တူးတူး၏ သမီး မအေးစုအောင် မှတ်ပုံတင်အမှတ်[၆/မမန(နိုင်)၁၅၈၈၅၀] ကိုင်ဆောင်သူအား မသြမြတ်မေဟု ပြောင်းလဲခေါ်ပါရန်။

ကြော်ငြာ

09 4200 35882

09 4200 35884







**အများသိစေရန်ကြေညာချက်**

[illegible]

**အမည်မှန်**

သန်လျင်မြို့၊ မြို့ဟောင်းအရှေ့၊ သောက်တော်တွင်း (၅)လမ်းနေ ဦးသောင်းစိုး - ဒေါ်တင်တင်လှတို့၏ သားဖြစ်သူ မောင်သော်တာစိုး၏ အမည်မှန်မှာ မောင်သက်မင်းစိုး ဖြစ်ပါသည်။ **မောင်သက်မင်းစိုး**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကရင်စုကျေးရွာအပိုင်၊ ထိန်ပင်ကွင်းကျေးရွာနေ အ-ထ-က (ညောင်ပင်ကွင်း)ကျောင်း ဒသမတန်း(B)မှ မမြတ်မို့မို့နှင့် အ-မ-က (ထိန်ပင်ကွင်း)ကျောင်း ဒုတိယတန်းမှ မောင်ဝေယံလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးသေး[၁၂/ခရန(နိုင်)၁၀၇၀၅၉]ဖြစ်ပါသည်။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

[illegible]

**ပိုင်ရှင်ကိုယ်တိုင်အထူးဈေးနှုန်းဖြင့် အမြန်ရောင်းမည်**

သစ္စာလမ်းမပေါ်ရှိ ပေ(၂၀×၆၀)၊ ဂရန်အမည်ပေါက် မြေကွက် ဈေးနှုန်း-သိန်း-၃၁၀၀ကျပ်၊ ဘဏ်၊ ဆေးရုံ၊ ဆေးခန်း၊ စားသောက်ဆိုင်၊ တည်းခိုခန်း၊ သင်တန်းကျောင်းများ ဆောက်လုပ်ရန် သင့်တော်သည်။

Ph:09-5064607, 09-43089586, 09-421048978, 09-969907060, 09-969907070

**အများသိစေရန်ကြေညာချက်**

[illegible]

**ကန့်ကွက်နိုင်ပါသည်။**

[illegible]

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဝေဇယန္တာဥယျာဉ်နေ

ဦးသောင်းဟန်(ဥက္ကဋ္ဌ-မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း)-ဒေါ်ကြည်ကြည်ဝင်းတို့၏ တစ်ဦးတည်းသောသား

**ဒေါက်တာဝင်းထွဋ်ကို**

M.B.,B.S (Ygn),MBE (U.S.A),MBA (U.S.A)

နှင့်

ရန်ကုန်မြို့၊ သံလွင်လမ်း၊ ဦးအောင်ဘိန်းလမ်းသွယ်နေ

ဦးကျင်အေးလှိုင်-ဒေါ်ခင်ခင်စန်းတို့၏ တစ်ဦးတည်းသောသမီး

**ဒေါက်တာဟေမီမီ**

M.B.,B.S (Ygn),M.D.(U.S.A),

Resident Physician,Nassau University Medical Center(New York)

တို့၏ ၅-၅-၂၀၁၇ရက် Melia Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော ဒေါ်ခင်မေရီ(ဒုတိယညွှန်ကြားရေးမှူး)ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၁၄-၅-၂၀၁၇ ရက်တွင် Sedona Hotel (Grand Ball Room)တွင်ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော သီရိပျံချီ ဦးခင်မောင်စိုး (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်ဇနီးဒေါ်နီနီ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဦးမြင့်ဇော်(ဒုတိယဝန်ကြီး-ငြိမ်း)စွမ်းအင်ဝန်ကြီးဌာနနှင့်ဇနီးဒေါ်အေးအေးသင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ဧည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော The Rich Gems မှ အန်တီလုလု၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီကျူးပေးပါသော နိုင်ငံကျော်တေးသံရှင်ဒေါ်ခင်စိုးဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော သမီးငယ်မဟေသာထင်ဇော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကလပ် ကိုင်ဆောင်ပေးပါသော ဒေါက်တာချမ်းငြိမ်းသူ၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မယုဝါအောင်၊ မင်္ဂလာသတို့သား၊ သတို့သမီးအရံများ အဖြစ်ကူညီပေးပါသော Dr. ဝင်းထင်ကိုကို၊ Dr. ရဲလင်းကျော်၊ Dr. ဖြူမင်းသက်၊ မအေးမြတ်သူ၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော မေဦးမောင်(တော်ဝင်သူ)အဖွဲ့၊ လက်မှတ်ရေးထိုးပွဲ၊ မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် မင်္ဂလာညစာစားပွဲဝတ်စုံများကို စိတ်တိုင်းကျချုပ်ပေးသော Won Yone နှင့်အဖွဲ့၊ မိတ်ကပ်နှင့်ဆံပင်အလှပြုပြင်ပေးသော မေဦးနှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနားပန်းအလှဆင်ပေးပါသော His & Hers အဖွဲ့၊ Pre Wedding အလှ ဓာတ်ပုံရိုက်ကူးပေးပါသော My Dream အဖွဲ့၊ မင်္ဂလာအခမ်းအနား Video နှင့်ဓာတ်ပုံများရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး(Focus Daily) အဖွဲ့၊ အခမ်းအနားအောင်မြင်ပြီးမြောက်အောင် စီစဉ်ပေးပါသော Sedona Hotel နှင့် KandawGyi Palace Hotel မှ ဝန်ထမ်းများ၊ မေတ္တာဖြင့် DJ တီးခတ်ပေးသော Dr. သစ်မင်းဆွေ၊ မင်္ဂလာညစာစားပွဲ MC Presenter အောင်ပြည့်ဖြိုးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာဝင်းထွဋ်ကို-ဒေါက်တာဟေမီမီ**



ရဟန်းသာမဏေ (၂၁) ပါး၊ သူငယ်တန်းမှ (၁၀) တန်းတိုင်အောင် ကျောင်းသူကျောင်းသား (၃၅၀) ကျော်တို့အား အခမဲ့ပညာဒါန သင်ကြားပေးလျက် ရှိသော မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာအုပ်စု၊ လေးထောင့်ကန် စံပြကျေးရွာ၊ ဝင့်ကြွေးတော်မြေ ပရဟိတ ပညာဒါန ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဖြစ်သော -
**MRTV - 4 ဆရာတော် အရှင်ကဉ္စနောဘာသ** မှ ဆောက်လုပ် လှူဒါန်းနေသော **ပုညကာရီသုံးထပ်ကျောင်းဆောင် သစ်ကြီး** တွင် -

| | | |
|---|---|---|
| - အလျားပေ ၉၀ အနံ ပေ ၄၀ | တစ်ထပ်လျှင် | ၇၆၀ သိန်း |
| | သုံးထပ်လျှင် | ၂,၂၈၀ သိန်း |
| - တစ်ပေ ပတ်လည် | တစ်ကွက်လျှင် | ၂၅၀၀၀/- ကျပ် |
| - ဘုရားခန်းလှူဒါန်းလိုလျှင် ဘုရားနှင့် အခန်း အပြီးအစီး | | ၇၀ သိန်း |
| - သံဃာ နှစ်ပါးခန့် (၁၀)ခန်း၊ တစ်ခန်းလျှင် | | ၂၅ သိန်း |
| - သံဃာတော်များ ဆွမ်းစားဆောင်အတွက် | | ၁၀၀ သိန်း |
| - ကျောင်းသား(၁၀၀) ဆံ့ စာသောက်ခန်းအတွက် | | ၂၀၀ သိန်း |
| - မီးဖိုဆောင်အတွက် | | ၁၀၀ သိန်း |
| - ဧည့်ဆောင် | | ၅၀ သိန်း |
| - လှေကား (တစ်ဖက်) | | ၅၀ သိန်း |
| - ကုဋီ / အိမ်သာ တစ်ခန်းလျှင် | | ၆ သိန်း |

နှုန်းများဖြင့် အောက်ပါ ဖုန်းနံပါတ်များ သို့ ဆက်သွယ် လှူဒါန်း နိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသည်။

ဖုန်း - ၀၉-၅၀၇၈၆၅၉၊ ၀၉-၂၅၀၂၉၀၃၉၄၊ ၀၉-၇၉၀၉၆၉၉၆၉

Bank Account: VEN KANCANOBHASA 04230104201381001 (KBZ BAHAN) Facebook - Ven Kancano Basa



STI MYANMAR UNIVERSITY

in partnership with University of Bedfordshire

STI MYANMAR UNIVERSITY

# Scholarship Program

www.stiedu.net

* MBA (General)
* MBA (Hospital & Health Services Management)
* MSc (Nutrition & Dietetics)

* BEng (Hons) Civil Engineering
* BEng (Hons) Architectural Engineering
* BEng (Hons) Civil & Architectural Engineering
* BEng (Hons) Electronic Engineering

* BBA in Business Management
* BA (Hons) Business Administration
* BA (Hons) Accounting



## Scholarship လျှောက်ထားနိုင်သူများ

- ဘွဲ့ကြိုအတွက် တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ (သို့မဟုတ်) IGCSE 'O' Level အောင်မြင်ထားသူများ၊ တက္ကသိုလ်တက်ရောက်နေသူများ၊ လုပ်ငန်းခွင်ဝင်နေသူများ
- ဘွဲ့လွန်အတွက် အသိအမှတ်ပြု ဘွဲ့ တစ်ခုခုရရှိထားသူများ၊ လုပ်ငန်းခွင် လုပ်သက် အတွေ့အကြုံ ရှိသူများ

တက္ကသိုလ်ဝင်တန်း နှင့် IGCSE 'O' Level အောင်မြင်ထားသော ထူးချွန်ဘွဲ့ကြို ကျောင်းသားများအား ကျောင်းလခ (၁၀၀)% အထိ၊ ထူးချွန်ဘွဲ့လွန် ကျောင်းသားများအား ကျောင်းလခ (၅၀)% အထိကို ကျောင်းသားတစ်ဦးစီ၏ အရည်အချင်းပေါ် မူတည်၍ စိစစ်အကဲဖြတ် ရွေးချယ်ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

စုစုပေါင်းပညာတော်သင် ဆု အရေအတွက် (၅၀)ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသဖြင့် ဘွဲ့ကြိုကျောင်းသား/သူများ၊ ဘွဲ့လွန်ကျောင်းသား/သူများသည် **မေလ (၂၉)ရက်** နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ e-mail ဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ လျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်းနံပါတ် ၀၁-၅၀၇၁၅၁/၅၂ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**YANGON**
Block-10, Phase-3, MICT Park, လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-507151/52
**MANDALAY**
B 15/16 ၊ ၆၆လမ်းနှင့် ၁၁၈လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
Ph: 09-783800062/63/64







# A LIFESTYLE LIKE NEVER BEFORE




MIN Residences is a brand new mixed development comprising residential, retail, office, childcare, located near Yangon International Airport, 5 minutes to new CBD, your perfect sanctuary in this bustling and fast-growing city. MIN Residences consists of apartments ranging from 2 bedroom, 3 bedroom, 4 bedroom and Penthouse with private pool. With such a large variety of apartments available, this 20-level residence offers something for everyone. Towering high above its surroundings, MIN Residences blend stylish aesthetics with exclusive touches for the residence of your dreams.

FOR SALES ENQUIRIES. PLEASE CALL

HRC REAL ESTATE SERVICES 09 798 460 148

TSC 09 425 425 400

K.A.E INTERNATIONAL 09 799 226 066

A Prestigious Development By

OXLEY HOLDINGS LIMITED

Mottama Holdings Ltd.

ကြိုတင်ဝင်ငွေခွန် ပေးဆောင်ရန်မလိုပဲ ဝယ်ယူနိုင်မည့် ALL NEW CX-5 SKYACTIV

mazda




အရေအတွက် အကန့်အသတ်ဖြင့်သာ

Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.

Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991

Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05

Made in JAPAN

ရွှေနန်းစံ

အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှု (မြို့တွင်း/နယ်ဝေး)

Ph: 09-425308777, 09-770639155, 09-261111549

အောင် (ဆေးသုတ်အဖွဲ့)

United = 150-200

Orient = 200-250-300

Premier = 250-300-350

09-420118663, 09-799119749

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Honda Fit Shuttle hyb 2011,Smart selection

GP2,Gray Colour (1300 cc),Smart Key,

(185) သိန်း၊ BGO-2N.......

Ph:09-448012251,09-799716395

တိုက်ခန်းများ ရောင်းရန် ရှိသည်

PH: 09 50 42 919



KER

Kabar aye Executive Residence

CONGRATULATIONS

Super Structure Construction လုပ်ငန်းများ(၁၀၀%) ပြီးစီးနေပြီးဖြစ်သည့်

Kabar aye Executive Residence (KER) Project

[အမှတ်(၆၅)၊ကမ္ဘာအေးဘုရားလမ်း]အားနိုင်ငံတကာ

သက်မှတ်စံချိန်စံညွှန်းများအတိုင်းအရည်အသွေးပြည့်မီစွာ တည်ဆောက်ပေးခဲ့သည့်

A1 CONSTRUCTION CO.,LTD.

သည် (၇.၅.၂၀၁၇)ရက်နေ့တွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ကြီးမှူးသော

အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ ကုမ္ပဏီများအဆင့်သက်မှတ်ချက်

အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားတွင် အမြင့်ဆုံးအဆင့်ဖြစ်သည့်

Grade A

အဖြစ် သက်မှတ်ချီးမြှင့်ခြင်းခံရ၍

A1 မိသားစုနှင့်ထပ်တူ ဂုဏ်ယူ

ဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

LAND DEVELOPER

EverSeiko

A Living Square

TEL : 09799755811 , 095166291 , 095124682



ကြော်ငြာ


**Y.E.S. International English Language Centre**
Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)

| | |
|---|---|
| **Basic Spoken English** | Mon to Thurs-1:00-2:30pm 22 May |
| Sat & Sun - 12:30 -3:30pm 20 May | **Structure & Written Expression** |
| Mon to Thurs -7:30-9:30am 22 May | Mon to Thurs - 1:00-3:00pm 15 May |
| Mon to Thurs - 1:00-3:00pm 22 May | Sat & Sun - 9:00-12:00am 20 May |
| Mon to Thurs - 5:30-7:00pm 22 May | Sat & Sun - 3:30-6:30 pm 27 May |
| Mon to Thurs -7:30-9:30 am 29 May | **Academic Preparation For IELTS (API)** |
| Mon to Thurs -10:00-12:00am 29 May | Mon to Thurs - 10:30 - 12:30am 15 May |
| **Pre-Intermediate English** | **IELTS**(Foundation) Mon to Thurs 1:30 to 7pm 15 May |
| Mon to Thurs-10:30-12:30 am 8 May | **IELTS**(Test Practice) Sat&Sun 10:30 to12:30am 13 May |
| Mon to Thurs-1:00-3:00pm 15 May | **IELTS(Speaking)** Sat&Sun 1:00to3:30pm 13 May |
| Mon to Thurs - 5:30-7:00pm 29 May | **Academic Writing Course** |
| **Intermediate English Proficiency** | Sat & Sun - 5:00 - 7:00 pm 13 May |
| Mon to Thurs-1:00-3:00pm 15 May | |
| **Grammar Foundation Course** | |

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

**အင်္ဂလိပ်စာ/စကားပြောသင်တန်းများ**
(Top English) Saya William
- General English 4 Skills
- Grammar+Writing
- Phonetics
EVER TOP
Ph: 09254903604, 09799656514, 0973040610

**ဟန်းဂုခ် (HANGUK) ကိုရီးယားဘာသာစကားသင်တန်း**
EPS
www.facebook.com/HANGUK Korean Languages Center
09-784899914,09-784899915

**Edu Study Guide**
(Int'l School & မူကြို)
Teaching & Guide
09-43118125, 09-5412613, 09-43192684

**ကိုကျော်နိုင် CAR RENTAL**
ALPHARD, HIACE
09 25 358 2510

**ဒေါ်ခိုင်ခိုင်ဝင့်**
B.Sc (Chem), DA, LCCI (UK), ACCA Part II
**LCCI, ACCA**
Diploma
Ph : 095067748, 09254715990, 09965067748

**Photoshop Design**
09788845507 KAMAYUT YANGON

**T.V (ရန်ကုန်)**
ကားမောင်း--စက်ပြင်သင်တန်း
09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
09-260111942, 09420066955
09-440051112, 09-44051113


**DOZO**
FASHION DESIGN TECHNICAL SCHOOL
Daw Thida Win, B.Sc (Dip in Fashion Design, Japan)
Thet Hnin Aye (BA.Fashion Design, Japan)
1991 ခုနှစ် မှစ၍ Fashion Design School ဖြစ်သည်။ Design, Pattern, Cutting, Sewing များကို Japan နိုင်ငံမှ သင်ကြားပေးလျက်ရှိသည်။
Courses - Basic, Advance, Fashion Illustration, Pattern Magic, Drapping, Hand Made, Wedding Dress, Children Wear's, ORIGAMI & DRAPPING (TR technique)
Start Date (ရန်ကုန်): 5.6.17(Mon,Tue), 9.7.17(Sat,Sun), 10.7.17 (Mon, Tue)
Yangon - No.506, Damaryone St, Hlaing T/S, 10 Qr, 6 ½ Miles
Mandalay - No.(Nagyi-2/94),Between 63 × 64 Street, Chan Mya Thar Zi T/S
Phone- 09420301999, 09 5004830 www.dozofashion.com

**KINGCAT PAINT**

**SYP ဆေးရိုးပင်**
ကိုထွန်းနိုင် + မပိုပိုအေး
Ph: 01645757, 095145162, 09965145162, 0973021997, 09455081166, 095408777

**ရွှေကိန္နရီ** (MOVING HOUSING SERVICE)
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
10', 14', 15', 16', 17', 24', 10 ဘီး၊ 12 ဘီး
Ph: 09 2532 77776, 09 2532 66667
09 2532 66668, 09 2532 66669

**NAING EMPIRE**
*Build Your Future*
MOVING IN SALE
22nd until 31st May 2017
5 to 85% Off
Available Products
Sanitary Wares | Elevator | Aluminiums | Tiles | Laminates | Doors | Safety & Security | Steel Tank | Marble | Patty | Swimming Pool Tiles & accessories | Metal Trunking | Decking
NEW SHOWROOM IS OPENING NOW!
Warmly Welcome to our new showroom
10 Mile (II) (Sales Center)
No. 681 | Pyay Rd | 10-mile | Insein Tsp | Yangon.
Hotline : +95 9 444489984 | +95 9 964683444 | +95 9 421025234
ANY PURCHASE GET


SAMSUNG
Galaxy S8 | S8+
Unbox your Phone
Best Signal
Premium Care Service
No worry crack
from 12 May 2017 to 12 May 2018
MPT
လစဉ် ၅,၀၀၀ ကျပ်ငွေဖြည့်ပြီး အခမဲ့
အင်တာနက် လစဉ် 1.5 GB (၆) လ ရယူပါ။
ငွေဖြည့်နည်းများ သတ်မှတ်ချက်ရှိသည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့ အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
7AM to 11PM

# ကြော်ငြာ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

## ဒေါ်မြတင် (ထားဝယ်) (၉၃)နှစ်

ရန်ကုန်မြို့၊ အမှတ် (၇/ဘီ)၊ ၆-မိုင်၊ ပြည်လမ်း၊ လှိုင်မြို့နယ်နေ (ဦးတိုးခင်-ဒေါ်ကြည်မျှင်)တို့၏ သမီး၊ (ဦးရန်းနား-ဒေါ်အင်သီ)တို့၏ သမီးချွေးမ၊ ဦးကြည်လင်(ဒုညွှန်မှူး-ငြိမ်း၊ ရေနံဓာတု၊ ရန်ကုန်မြို့-ထားဝယ်အသင်းနာယက)၏ ဇနီး၊ (ဦးဆင်ကီ-ဒေါ်ဂင်စိန်)၊ (ဦးချင်ပို-ဒေါ်ဂင်ကြည်)၊ (ဦးကြည်ဝွမ်-ဒေါ်ဂင်လှိုင်)၊ (ဦးဂျူအေ-ဒေါ်မြလှိုင်)၊ (ဒေါ်မြကြည်)၊ (ဦးဘွန်ကြည်-ဒေါ်သောင်းကြွယ်)၊ (ဒေါ်မြရှိန်)၊ (ဒေါ်ကြည်ပို)တို့၏ညီမ၊ (ဒေါက်တာသန်းခင်-ဒေါ်ငွေကြည်)၊ (ဦးအံ့ချိန်)-ဒေါ်လှကြည်၊ ဒေါ်စိန်တင်၊ ဦးနေအောင်-ဒေါ်ခင်ဟုန်၊ (ဦးကြည်စိန်-ဒေါ်တင်နွယ်ခ)တို့၏အစ်မသည် ၁၉-၅-၂၀၁၇ (သောကြာနေ့) ည ၁၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

## ဒေါ်မြတင် (ထားဝယ်) (၉၃)နှစ်

ရန်ကုန်မြို့၊ အမှတ် (၇/ဘီ)၊ ၆မိုင်၊ ပြည်လမ်း၊ လှိုင်မြို့နယ်နေ (ဦးတိုးခင်-ဒေါ်ကြည်မျှင်)တို့၏သမီး၊ (ဦးရန်းနား-ဒေါ်အင်သီ)တို့၏ သမီးချွေးမ၊ ဦးကြည်လင် (ဒုညွှန်မှူး-ငြိမ်း၊ ရေနံဓာတု၊ ရန်ကုန်မြို့ထားဝယ်အသင်း နာယက)၏ဇနီး၊ ဦးဘုန်းဇော်-ဒေါ်မေသူအောင်(ခ)ဒေါ်မသန်းငွေ၊ ဦးစောနိုင်-ဒေါ်သန္တာလင်း၊ ဦးကိုကိုကြီး-ဒေါ်ခိုင်ဇင်လင်း၊ ဒေါက်တာအောင်သူရ-ဒေါ်လင်းလင်းနွယ်တို့၏ချစ်လှစွာသောမွေးသမိခင်၊ မောင်ဇော်ထိုက်လင်း-ဒေါက်တာ ဇင်နှင်းသက်၊ ဒေါက်တာဖူးနှင်းသက်၊ ဒေါက်တာမျိုးမင်းဆက်ကိုကို၊ မောင်ရဲမင်း ဆက်ကိုကို (Grade-9၊ အထက-၂၊ ကမာရွတ်)၊ မောင်ဖြိုးနေအောင် (1st MB, IM.1)၊ မမေလင်းလက်အောင်(Grade-8, ISM)တို့၏ ချစ်လှစွာသောအဘွား၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၉-၅-၂၀၁၇(သောကြာနေ့) ည ၁၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မွေ့ရုံ ဒါယိကာမကြီး**

## ဒေါ်သင်းသင်းဆက်

**B.Sc (Hons) (Zoo) 1995 Batch, DMA, MBA**

**(Director) (Zifam Pyrex Myanmar Co., Ltd)**

## အသက် (၄၆)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ ကျောင်းလမ်း၊ အမှတ်(၃)နေ [ဦးမောင်မောင်ဆက်(မြန်မာ့လေကြောင်းအင်ဂျင်နီယာမှူးကြီး-ငြိမ်း)]-ဒေါ်အောင်မေလှ၏တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်နေ ဦးတင်ကွီး-(ဒေါ်တင်တင်အေး)တို့၏ သမီးချွေးမ၊ ဦးကျော်နိုင်စိုး (Director-Princess Amara Travel & Tour)၏ ချစ်လှစွာသောဇနီး၊ ဦးစိုးမင်းဆက်၊ ဦးထွန်းမင်းဆက်တို့၏အစ်မ၊အမရာကျော်ဆက်(DSY Grade-7)၊ ဒီပါကျော်ဆက်(DSY Grade-5)တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၁၉-၅-၂၀၁၇ (သောကြာနေ့) ည ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးစိုးမြင့် (၆၂)နှစ်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

ညောင်ဦးမြို့နယ်၊ အိုရင်းရွာနေ (ဦးအောင်ရှိန်-ဒေါ်တင်နု)တို့၏သား၊ ညောင်ဦးမြို့၊ ကန်သာယာရပ်နေ (ဦးအောင်ငွေ-ဒေါ်ခင်စန်းမြင့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဈေးမြောက်လမ်း၊ E-ကွန်ဒို၊ အခန်းအမှတ်(A-1/1)နေ ဒေါ်ခင်နီလာ (အလပြ၊ အထက-၂ လသာ)၏ ချစ်လှစွာသောခင်ပွန်း၊ မသန္တာဆွေ (ဆေးတက္ကသိုလ်-၁၊ Final PartII)၏ ချစ်လှစွာသော မွေးသဖခင်သည် ၁၇-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးမျိုးထွန်း(ခ) ဘိုဘို(ခ) ကိုဘိုကြီး(ဇီးကုန်း)

## အသက် (၅၃)နှစ်

သန်လျင်မြို့၊ (၈၆၄) တိုက်ကြီးကုန်း၊ ရေနံအရာထမ်းရပ်ကွက်နေ ဦးယောမောင်-ဒေါ်ကြည်ကြည်တို့၏ချစ်လှစွာသောသားကြီး၊ ဦးတင်ထွန်းလင်း-ဒေါ်ခင်မမိုးတို့၏ ချစ်လှစွာသောအစ်ကို ဦးမျိုးထွန်း(ခ)ဘိုဘို(ခ) ကိုဘိုကြီးသည် ၁၉-၅-၂၀၁၇ ရက် ညနေ ၅း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၅-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ အမိုးနီခရစ်ယာန်ဂိုဏ်း ပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်း၍ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်စန်းမြင့် (၆၉)နှစ်

**(M.P.P.E)**

သန်လျင်မြို့နယ်၊ ကွမ်းခြံကုန်းကျေးရွာနေ (ဦးချစ်ပု)-ဒေါ်ချစ်တို့၏ သမီးထွေး၊ တာမွေမြို့နယ်နေ (ဦးဘကြိမ်း-ဒေါ်ကျင်)တို့၏ သမီးချွေးမ၊ ဦးဘမြင့် (ဌာနခွဲမှူး၊ M.P.P.E၊ ငြိမ်း)၏ ဇနီး၊ ဦးနေကျော် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဒဂုံအရှေ့)-ဒေါ်ကေသွယ်စိုး၊ ဦးဝင်းမင်းလတ်-ဒေါ်ကေခိုင်ဖြိုး၊ ဦးအောင်ငြိမ်းကျော်-ဒေါ်သိမ့်လဲ့လဲ့နိုင်၊ ဦးချမ်းငြိမ်းအောင်-ဒေါ်မေဖြိုးပိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၉-၅-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရပ်ကွက်၊ ရန်ပြေ (၁၄)လမ်းအရှေ့၊အမှတ်(၅၉)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးချစ်သိန်း(ခ)ဦးငယ်

## အသက် (၅၇)နှစ်

စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ်(၆၂)၊ငါးလွှာနေ ဒေါ်အေးမြင့်ဦး၏ခင်ပွန်း၊ ဖုန်းမြင့်ဇော်(ခ)ဖိုးသား (PIA SHIP MANAGEMENT) (Happy Mom Restaurant)၊ သူထူးစံ (PIA SHIP MANAGEMENT)၊ လင်းနန္ဒီသော်(ခ)မီးမီး (MRTV-4, Forever Group)တို့၏ဖခင်သည် ၂၀-၅-၂၀၁၇ ရက် နံနက် ၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၇ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်း ဒါယကာကြီး**

## ဦးလှမြင့်(စမ်းချောင်း) (၇၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးအုန်းသော်-ဒေါ်တင်ရီ)တို့၏ သားကြီး၊ အမှတ်(၂၇၉/က)၊ ခေမာသီလမ်းမကြီး၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်သိန်းဦး၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သိန်း-(ဒေါ်နုနုရီ)၊ ဒေါ်နုနုကြည်(လူမှုဝန်ထမ်းဦးစီးဌာန-ငြိမ်း)၊ ဒေါ်နွဲ့နွဲ့ရီ (အထက-၁၊ ကြည့်မြင်တိုင်၊ ငြိမ်း)၊ ဦးထွန်းဝေ-ဒေါ်ယဉ်ယဉ်ခိုင်၊ ဦးမြဝင်း-ဒေါ်ခင်မိုးဝေ (T.T.C)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဒေါ်မာလာသီ (စာရင်းကိုင်-၁၊ ထုတ်လုပ်ရေးဌာနခွဲ၊ Y.C.D.C)၊ ဦးအောင်သိန်းဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၉-၅-၂၀၁၇ (သောကြာနေ့) ည ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဝင်း(ခ)ဦးခင်မောင်စိုး(သက္ကလ) (၅၉)နှစ်

**(B.Sc Math;)**

**ကားကြီးပွဲစား**

ရန်ကုန်မြို့၊ အမှတ်(၇)၊ ၁၆၁လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်နေ [ဦးမူဂူကပွါး(ခ)ဦးအေးမောင်-ဒေါ်သိန်းကြည်]တို့၏သား၊ (ဦးမျိုးညွှန့်)-ဒေါ်မူမူမြင့်၊ ဒေါ်ရီငွေ (ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ သူနာပြု)၊ ဒေါ်ခင်နွဲ့ရီတို့၏ ညီ/မောင်၊ ဦးအောင်ကြည်လင် - ဒေါ်စန်းစန်းဝင်းတို့၏ အစ်ကို၊ မောင်ကျော်သီဟ၊ မောင်ဟန်ထွန်းနိုင်၊ မောင်ရန်ပိုင်ဦး-မချစ်ပွင့်ဖြူ၊ မထက်ထက်အောင်ကြည်ဝင်းတို့၏ ဦးလေး/ဘကြီး ဦးကျော်ဝင်း(ခ)ဦးခင်မောင်စိုးသည် ၁၉-၅-၂၀၁၇ရက် နံနက် ဝ၀း၄၅နာရီတွင် SSC ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်ဝင်း (၅၆)နှစ်

**ဌာနခွဲစာရေးကြီး(ငြိမ်း)၊ ဆေးသိပ္ပံပညာဦးစီးဌာန**

ညောင်လေးပင်မြို့နယ်၊အလယ်ရွာနေ (ဦးစန်းမြင့်-ဒေါ်အေး)တို့၏ သား၊ ရန်ကုန်မြို့နေ [ဦးကျော်မွှေး(ညွှန်/မှူး-ငြိမ်း၊ ဆေးသိပ္ပံပညာဦးစီးဌာန)]၏ သားသမက်၊ ဦးသောင်းညွှန့် (ညွှန်/မှူး-ငြိမ်း၊ ဆေးသိပ္ပံပညာဦးစီးဌာန)၊ ဒေါ်နုဝင်းတို့၏ညီ၊ ဒေါ်ညိုညိုဆန်း၏မောင်၊ ဦးထွန်းသိန်း-ဒေါ်စန်းစန်းအေး၊ ဦးကြည်ဝင်း-ဒေါ်အေးအေးစိုးတို့၏အစ်ကို၊ ဆေးတက္ကသိုလ်-၁ (လမ်းမတော်) အရာရှိရိပ်သာတိုက်(၁)၊ အခန်း(၅)နေ ဒေါ်မြမြမူ(မော်ကွန်းထိန်း၊ ဆေးတက္ကသိုလ်-၁)၏ခင်ပွန်း၊ မညိမ်းအိကျော်(ကျောင်းသားရေးရာဌာန၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်)၊ မောင်အောင်ကိုမင်း(ဒုတိယနှစ်မြို့ပြ၊ အစိုးရစက်မှုလက်မှုသိပ္ပံ-မန္တလေး)တို့၏ဖခင်သည် ၂၀-၅-၂၀၁၇ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၇ ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းနိုင်ဦး(ခ)ကိုငယ် (၅၅)နှစ်

**(ထားဝယ်)**

ထားဝယ်မြို့၊ အမှတ်(၉၅)၊ ဦးကျော် ရင်လမ်းနေ (ဦးတန်ရှင်-ဒေါ်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ အမှတ်(၃၇)နေ ဦးအောင်နိုင်ဦး(ခ)ကိုချို၏ညီ၊ ထားဝယ်မြို့နေ ဦးငွေဝင်း-မစုစုကြည်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးစံညွှန့်လမ်း၊ အမှတ်(၅)နေ ကိုရန်နိုင်-မယဉ်ယဉ်နိုင်တို့၏အစ်ကို၊ မောင်ဖြိုးအောင်ကျော် (MBBS)၊ မအိအိခိုင် (Gusto HND Student)၊ မောင်စိုင်းကျော်ဇေယျာ၊ မောင်စိုင်း တေဇကျော်တို့၏ ဦးလေး ဦးသန်းနိုင်ဦးသည် ၁၈-၅-၂၀၁၇ ရက်တွင် ရန်ကုန် ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇ ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၃၇၊ ကျွန်းတောကျောင်းလမ်း၊ ကျွန်း/တောင် ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ကျော်မြင့်(ခ)ကိုအောင် (၄၄)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၁၂၇၀)နေ ဦးကျော်စိုး(စည်ပင်သာယာ-ငြိမ်း)-ဒေါ်မြင့်မြင့်သန်း (ငွေဆည်းဆာစတိုး)တို့၏သား၊ ဦးဟိန်းလတ်-ဒေါ်ငုယင်တို့၏ညီ၊ ကိုမင်းဟန်-မခိုင်ရွှေသိမ်း၊ မမြချမ်းငြိမ်းတို့၏အစ်ကိုသည် ၁၈-၅-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မာလေး

## အသက် (၅၇)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ရန်အောင်မြင်ရပ်ကွက်၊ ထောင်ဇားစုရပ်နေ ဦးမောင်သိန်းဟန် (အလပြ-၃၊ အမက၊ ဘုရားကြီးကုန်း)၏ဇနီး၊ မခင်စုလှိုင်၊ မခင်သီတာလှိုင်တို့၏ ချစ်လှစွာသောမိခင်၊ ဒေါ်ခင်နု၊ ဦးခင်မောင်လွင်တို့၏ညီမ ဒေါ်ခင်မာလေးသည် ၂၀-၅-၂၀၁၇ (စနေနေ့) နံနက် ၂ နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွယ်ကဘော ပုဂ္ဂလိကဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အခန်း-၀၀၁၊ တိုက်(၁၀)၊ ငုဝါလမ်း၊ အေဘာလောက်၊ ယုဇနဥယျာဉ်မြို့တော် နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးလှိုင်ညွှန့်(ခ)ဦးရွှေဖလား

## အသက် (၇၄)နှစ်

**ဌာနစုမှူး(ငြိမ်း)၊ ငွေစာရင်းဌာန၊ ကျန်းမာရေးဦးစီးဌာန**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၁) ရပ်ကွက်၊ စိုက်ပျိုးရေးပဒေသာလမ်း၊ အမှတ်(၇၄)နေ (ဦးဆိပ်-ဒေါ်မြခိုင်)တို့၏သား၊ (ဦးတရုပ်-ဒေါ်သိန်းကျင်)တို့၏ သားသမက်၊ ဒေါ်သန်းငွေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းညွှန့်ဦး-ဒေါ်နီနီအောင်တို့၏ ချစ်လှစွာသောဖခင်၊ မလင်းလဲ့ရည်မင်း၊ မရွှန်းလဲ့ရည်မွန်တို့၏အဘိုး ဦးလှိုင်ညွှန့်သည် ၂၀-၅-၂၀၁၇ (စနေနေ့) နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

# အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်လှ (အင်းစိန်/မဲဇာလီ)

## အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဉ့်ကူးရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ် (၇၂၇)နေ (ဦးအောင်တိုး-ဒေါ်အေးကြင်)တို့၏သမီး၊ (ဦးကြာညွှန့်-ဒေါ်လုံမလေး)တို့၏ သမီးချွေးမ၊ (ဦးကျော်ရွှေ)၏ ဇနီး၊ (ဦးကြီးရွှေ-ဒေါ်ထားရီ)၊ (ဦးသန်းကြည်)-ဒေါ်မြမြ၊ (ဦးခင်စိုး)၊ ဦးတင်မောင်ညွှန့်-ဒေါ်ခင်ခင်မြင့်၊ (ဦးဝင်းစိုး)-ဒေါ်ညိုညိုမြင့်၊ ဦးမြစိုး-ဒေါ်ယုယုမော်တို့၏ မွေးသမိခင်၊ မြေး ၁၄ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွား ဒေါ်တင်လှသည် ၁၉-၅-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁း၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ် (၇၂၇)၊ စဉ့်ကူးရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အင်းစိန်မြို့နယ်၊ စောင်(၂)မှတ်တိုင် နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

**ထားဝယ်အသင်း**

## ဒေါ်မြတင်(ထားဝယ်)

## အသက်(၉၃)နှစ်

**သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ အမှတ်(၇/ဘီ)နေ (ဦးတိုးခင်-ဒေါ်ကြည်မျှင်)တို့၏ သမီး၊ ဦးကြည်လင် (နာယက-ထားဝယ်အသင်း)၏ ဇနီး အသင်းဝင်အမှတ်(၃၂၃၈) ဒေါ်မြတင်သည် ၁၉-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အသင်းမှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့၊ ထားဝယ်အသင်း

---

## ဦးသိန်းသန်း (၇၈)နှစ်

**အင်ဂျင်နီယာမှူးကြီး၊ မြန်မာ့ဆက်သွယ်ရေး(ငြိမ်း)**

**မော်လမြိုင်**

မော်လမြိုင်မြို့နေ (ဦးအေးကြည်၊ ဒေါ်အေးအေးကြီး)တို့၏ သားကြီး၊ ဦးတင်လှ-ဒေါ်မြသီ၊ (ဦးသန်းလွင်)တို့၏အစ်ကို၊ ရန်ကုန်မြို့နေ ဒေါ်တင်တင်စိန်(ကုန်သွယ်ရေး-ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာစိုးညွှန့်ဝင်း-ဒေါ်မိမိစိန် (AGD Bank)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဦးခင်မောင်မြင့်-ဒေါ်မြင့်မြင့်သန်း (SPA)၏ ကျေးဇူးရှင်ဦးလေး၊ မအမရာဝင်း(4th Grade, YIS)၏ အဘိုးသည် ၁၉-၅-၂၀၁၇ (သောကြာနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၇ (စနေနေ့)တွင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးလှမောင်(စစ်တွေမြို့)

**B.Com (A.A)1975**

**AGM (Audit & Inspection Department)**

**KMA Groups of Company**

## အသက် (၆၃)နှစ်

စစ်တွေမြို့နေ (ဦးမောင်ထွန်းအောင်-ဒေါ်လှမြစိန်)တို့၏ သား၊ (ဦးလှကျော်-ဒေါ်ဦးဝေ)တို့၏ သားသမက်၊ ဒေါ်ဦးစိန်လှ၏မောင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သြဘာလမ်း၊ တိုက်(၉၂)၊ လေးလွှာ(B)နေ ဒေါ်ဘူဘူစိန်၏ခင်ပွန်း၊ ဦးဝင်းထွန်း-ဒေါ်စုစုသွယ်၊ ဦးကျော်ငြိမ်းထွန်း (ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး၊အမ်းမြို့)-ဒေါ်ဖြိုးစန္ဒာသွယ် (အလပြ)၊ ဒေါက်တာ နေလင်းထွေး (တိုက်နယ်ဆရာဝန်၊ အပေါက်ဝ)-ဒေါ်ဖြိုးဝေဇံတို့၏ဖခင်၊ မောင်ညဏ်လင်းအောင်၊ မဆုမြတ်ဖြူစင်၊ မောင်ကောင်းညဏ်လင်းတို့၏ အဘိုးရှင် ဦးလှမောင်သည် ၂၀-၅-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ နာဂ

**ဟံသာရုံကျောင်းတိုက်၊ ကညင်နှစ်ပင်ကျေးရွာ**

## သိက္ခာတော်(၅၄)ဝါ၊ သက်တော်(၇၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ ကညင်နှစ်ပင်ကျေးရွာ၊ ဟံသာရုံကျောင်းတိုက်ကြီး၏ဦးစီးနာယက ဆရာတော်ဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်သံဃာ့သမ္မတိရ ကိုယ်စားလှယ်ဖြစ်တော်မူသော ဘဒ္ဒန္တနာဂအရှင်မြတ်သည် (၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်)၊ ၁၈-၅-၂၀၁၇ ရက် နံနက် ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်) ၂၂-၅-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် စံကျောင်းချပူဇော်မည်ဖြစ်ပြီး (၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၇ ရက်) ၁-၆-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဆရာတော် ဘဒ္ဒန္တ တိက္ခ

## သိက္ခာတော် (၅၁) ဝါ၊ သက်တော် (၇၁) နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ကြို့တဲရွာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တိက္ခ အရှင်သူမြတ်သည် (၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်) ၂၀-၅-၂၀၁၇ (စနေနေ့) နံနက် ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း။ (ဈာပနကျင်းပမည့်ရက်ကို ဆက်လက်ကြော်ငြာပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ

ကြို့တဲရွာမကျောင်းတိုက်

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဥူးဝါယမ (ခ) ဦးလှဝင်း (ပြင်ဦးလွင်)

## ဝါတော် (၃) ဝါ၊ သက်တော် (၅၈) နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ အမှတ်(၁၆၈/၁၆၉)၊ (၂၈)၊ သုမင်္ဂလာရပ်နေ (ဦးမောင်ကို-ဒေါ်ကြင်ငွေ)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးတင်မြင့်-ဒေါ်ကျင်စွမ်)တို့၏သားသမက်၊ ဒေါ်အေးအေးမြင့် (အထက-၄၊ ပြင်ဦးလွင်)၏အစ်ကို၊ မကေသွယ်ခိုင်(Win thin & Associates)၊ မအေးသီတာခိုင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ကျင်မြင့်၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၅-၂၀၁၇(သောကြာနေ့) နံနက် ၆း၂၀နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၇(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ(၂)၊ ဆယ်သိန်းရပ်ကွက်၊ နဝရတ်လမ်း၊ တိုက်(၁၂)၊ အခန်း(၄၀၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမြင့်ဆွေ(တကကက-ငြိမ်း) (၇၉)နှစ်

ရေနံချောင်းမြို့နယ်နေ (ဦးစိန်မောင်-ဒေါ်မြရင်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာစခန်း၊ တိုက် (၁၆/၄)နေ (ဦးစိန်လှမောင်)-ဒေါ်စိန်ရီတို့၏ ညီ/မောင်၊ ဦးသန့်ဇင်-ဒေါ်အေးအေးချို (အမေ့အိမ်မိသားစု)၊ ဦးအောင်မြတ်-ဒေါ်ခင်ဆွေဝင်း၊ ဦးမြင့်စန်း-ဒေါ်အေးအေးမော်၊ ဦးကျော်အောင်-ဒေါ်စုစုခိုင်၊ မသက်သက်အောင်တို့၏ဦးလေး၊ ကိုဇင်လင်းထွဋ်-မနွေးဇာခြည် ၊ မောင်ကောင်းဆုဟိန်း၊ မောင်အာကာပြည့်ဖြိုး၊ မသုဆက်ခြူးအိမ်၊ မောင်အားမာန်ပြည့်ဖြိုးတို့၏ အဘိုးလေးသည် ၁၉-၅-၂၀၁၇ (သောကြာနေ့) ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [၂၅-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်မောင်အေး(ပြည်မြို့) (လ/ထ ညွှန်ကြားရေးမှူး-စက်မှု)

**စက်မှုအလုပ်ရုံအဆင့်(ခ)၊ စက်မှုတိုင်း(၃)**

## အသက်(၅၉)နှစ်

မန္တလေးမြို့နေ [ဦးလေးမောင် (ဦးစီးအရာရှိ-ငြိမ်း)]၊ (ဒေါ်ခင်ကျော်ကျော်)တို့၏ သား၊ ဒေါ်ခင်နွဲ့ရီ (ကျောင်းအုပ်၊ အထက-ဟန်မြင့်မိုရ်)၊ အောင်လံမြို့နေ ဦးကျော်ကျော်ခိုင်၊ ဒေါ်လှလှမိုးတို့၏အစ်ကိုကြီး၊ ဒိုက်ဦးမြို့နေ (ဦးတင်ဦး-ဒေါ်ခင်သစ်)တို့၏သားသမက်၊ မိတ္ထီလာမြို့နေ ဒေါ်သန်းသန်းဦး၏ချစ်လှစွာသောခင်ပွန်း၊ မအေးမို့မို့ဟန်သာကျော်၊ မောင်အောင်ပြည့်စုံကျော်တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၀-၅-၂၀၁၇(စနေနေ့) နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇ရက် ညနေ ၅ နာရီတွင် မိတ္ထီလာမြို့နေအိမ်မှ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်တွေတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်ဒါယိကာမကြီး**

## ဒေါ်ကျင်ပို့(ခ)ဒေါ်ပိုးတီ

## အသက်(၉၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင် တောင်ရပ်ကွက်၊ ဆင်ဝင်လမ်း၊ အမှတ်(၈)နေ (ဦးစိန်-ဒေါ်ပု)တို့၏ သမီး၊ ဦးကြည်(ခ)ဦးစွန်လင်း၏ဇနီး၊ ဦးခင်အောင်လွင် - ဒေါ်အုန်းကြည်(ခ) အလိန်း၊ ဦးမောင်မောင်အေး-ဒေါ်စန်းဝိုင်း(အထက-၄၊ အလုံ) တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ဒေါ်ငွေငွေဝင်း(ခ) အာကြီး၏ အဒေါ်၊ ဦးရန်လင်းဦး-ဒေါ်မြတ်သန္တာထွေး၊ ကိုကျော်လင်းဦး၊ ကိုသော်နိုင်ထွန်း-ဒေါက်တာအေးမြတ်မွန်၊ ဒေါက်တာမြတ်သူဟန်၊ ကိုအောင်ဟိန်းကိုတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားသည် ၁၉-၅-၂၀၁၇ (သောကြာနေ့) နံနက်၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ အားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မာမာ(ခ)ဒေါ်ခင်သန်းနှစ်

## အသက် (၆၇)နှစ်

**အထက(၂)၊ ဗိုလ်တထောင်(ငြိမ်း)**

ထားဝယ်မြို့နေ (ဦးဦးအုန်း-ဒေါ်စောညွှန့်)တို့၏ သမီး၊ (ဒေါက်တာဆွေမျိုးချစ်)၏ ဇနီး၊ [ဦးသိန်းဆင့် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)]-ဒေါ်ခင်သန်းနွဲ့(ခ)ဒေါ်တူးတို့၏ ညီမ၊ ဦးသက်မောင်မောင် - ဒေါ်သရဖီမျိုးတို့၏ ချစ်လှစွာသောမိခင်၊ ဦးဝင်းမော်-ဒေါ်ပွင့်ဝါဝါဆင့်၊ ဦးကျော်စွာထွတ်-ဒေါ်ဝင်းမာလာဆင့်တို့၏ အဒေါ်၊ မောင်မိုးဆက်အောင် - မယဉ်ပိုပိုဦး၊ မအေးချမ်းပိုပိုဦး၊ မောင်ဆက်နိုင်ထွဋ်တို့၏ အဘွားသည် ၁၉-၅-၂၀၁၇ (သောကြာနေ့) နံနက် ၇း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၇ (တနင်္ဂနွေနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၅-၂၀၁၇(ကြာသပတေးနေ့) နံနက်တွင် အမှတ်(၇၅၈)၊ ဇာဒက်ကြီးကျွန်းလမ်း(၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



GFA နှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်နေစဉ်။

# ဟံသာဝတီအသင်း နိုင်ပွဲဆက်

**ရန်ကုန် မေ ၂၀**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄)ပထမနေ့ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ ဟံသာဝတီအသင်းက GFA အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၁၂) အထိ နိုင်ပွဲ တစ်ပွဲသာရသေးသည့် ဟံသာဝတီအသင်းသည် နှစ်ပွဲဆက်အနိုင်ရပြီး တန်းဆင်းဇုန်မှရုန်းထွက်နိုင်ရန် အခြေအနေကောင်း သွားခဲ့သည်။ ယခုပွဲရှုံးပွဲမှာ GFA အတွက် အထိနာစေခဲ့ပြီး တန်းဆင်းဇုန် အတွင်းမှ ရုန်းထွက်နိုင်ခြင်းမရှိသေးပေ။ ဟံသာဝတီအသင်းသည် လက်ရှိ ခြေစွမ်းဆက်ထိန်းနိုင်ခဲ့ပါက ရာသီကုန်တွင် အမှတ်ပေးဇယားအလယ်၌ ရပ်တည်နိုင်ဖွယ်ရှိနေသည်။

ဟံသာဝတီအသင်းသည် ပြိုင်ပွဲနှစ်ခုဆက် ဟက်ထရစ်သွင်းထားသည့် တိုက်စစ်မှူး မာစီယိုကို ဒဏ်ရာပြဿနာကြောင့် ပွဲထွက်လူစာရင်းတွင်အသုံး မပြုခဲ့ဘဲ ကျန်ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ GFA အသင်းသည် လူစုံသုံးခဲ့သော်လည်း ရှမ်းယူနိုက်တက်ကို အဝေးကွင်း၌သရေကစားခဲ့သည့် ခြေစွမ်းမျိုးပြသနိုင်ခြင်းမရှိခဲ့ပေ။ ပွဲအစ ၁၂ မိနစ်တွင် ဟံသာဝတီအသင်း ဂိုးစရခဲ့ပြီး တိုက်စစ်မှူး ပြည်မိုးက GFA နောက်ခံလူများကိုကျော်ဖြတ်ကာ သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးရပြီးနောက်ပိုင်းတွင် GFA အသင်း ချေပဂိုး ရရန် ကြိုးပမ်းခဲ့သော်လည်း အရာမထင်ခဲ့ဘဲ ၄၂ မိနစ်တွင် မောင်မောင်လွင်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းကာ ဟံသာဝတီအတွက် ဒုတိယဂိုးရယူခဲ့ သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

စာ - ၁၆၊ ၁၇



# ရှေးဟောင်းကြေးဝါခမောက်နှင့် ဖန်ထည်ပစ္စည်းများ အောင်လံမြို့ (မြေထဲမြို့ရိုးဟောင်းအနီး)၌ တွေ့ရှိ

**အောင်လံ မေ ၂၀**

မြေထဲမြို့ဟောင်းသည် အောင်လံမြို့မြောက်ဘက် နှစ်မိုင်ခန့်အကွာ မိုးဖုံးကျေးရွာ၏ တောင်ဘက်တွင်တည်ရှိပြီး မြို့ရိုးသုံးထပ်ဖြင့်ကာရံထားသော ရှေးမြို့ဟောင်းတစ်ခုဖြစ်ခဲ့ကာ မြို့ရိုး နေရာများကို ယခုထက်တိုင်တွေ့မြင်နိုင်သည်။ ယင်းမြေထဲမြို့ရိုးဟောင်းအနီး ကွင်းအမှတ် (၁၈) ရွှေကျောင်းကွင်းအတွင်းတွင် ယနေ့နံနက် ၈ နာရီခန့်က မိုးဖုံးကျေးရွာနေ ကိုကြည်ခိုင်သည် လယ်ထွန်စက်ဖြင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

# အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ မြန်မာ တတိယနေရာရရှိ

**ဗီယင်ကျန်း မေ ၂၀**

၂၀၁၇ ရာသီ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ တတိယနေရာလု ပွဲကို ယနေ့ညနေပိုင်းက လာအို နိုင်ငံ၌ ကျင်းပရာ မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး တတိယနေရာ ရရှိခဲ့သည်။

မြန်မာအသင်းသည် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သော်လည်း တတိယနေရာ ရရှိရန် အားထည့်ကစားခဲ့ပြီး ပထမ ပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူကာ အနိုင်ရခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းအတွက် ဂိုးများကို ၂၈ မိနစ်တွင် ဇင်မာထွေး၊ မိနစ် ၃၀ တွင် ဆုပြည့်ပြည့်ကျော်၊ မိနစ် ၈၀ တွင် မြတ်နိုးခင်တို့က သွင်းယူခဲ့ပြီး ဒုတိယပိုင်းတွင် ချေပဂိုး တစ်ဂိုး ပြန်ပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ် တွင် ဖိလစ်ပိုင်အသင်းကို ရှုံးနိမ့်ခဲ့ သောကြောင့် တတိယနေရာလုပွဲသာ ကစားရခြင်းဖြစ်သည်။

**(ဖိုးသော်ဇင်)**




# အစိုးရနည်းပညာအထက်တန်းကျောင်း ကောလင်းမြို့၌ ဖွင့်လှစ်ရန်အစီအစဉ်မရှိသေးဟုဆို

**ကောလင်း မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ခွင့်ပြုခြင်းသည် ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုခြင်းဖြစ်သဖြင့် ပြည်ထောင်စုအဆင့်မှသာ ဆောင်ရွက်၍ရပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကောလင်းမြို့နယ်တွင် အစိုးရနည်းပညာ အထက်တန်းကျောင်း ဖွင့်လှစ်ရန်အစီအစဉ်မရှိပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းထံမှ သိရသည်။

ကောလင်းမြို့နယ်တွင် အစိုးရနည်းပညာ အထက်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်ပေးနိုင်ပါရန်နှင့် အကယ်၍ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိကို သိရှိလိုပါကြောင်း ကောလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်းက မေ ၁၉ ရက်တွင် ကျင်းပသော ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးစတုတ္ထနေ့တွင် ကြယ်ပွင့်ပြ မေးခွန်းအဖြစ် မေးမြန်းရာ ဒေါက်တာဇော်ဝင်းက ပြန်လည်ဖြေကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐**



မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

မေ ၂၁၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# တပည့်ကျော်လေး စွမ်း

**စျာန်ဇာနည်**
**B.Sc (Physics)**



“ဟင်- ဟုတ်ရဲ့လား”

စိတ်ထဲက မယုံချင်ပေမယ့် ဆရာမ ဒေါ်မိုးသူဇာ ကိုယ်တိုင်တွေ့ခဲ့တာဆိုတော့ မယုံလို့မရ။ ပြဿနာက ကျွန်မအတန်းထဲက ကျောင်းသားတွေ မနေ့ညနေက ကျောင်းပြေးပြီး ထန်းရည်သောက်နေကြတာကို အလုပ်ကိစ္စတစ်ခုနဲ့ အပြင်ခဏသွားတဲ့ ဒေါ်မိုးသူဇာက တွေ့ခဲ့တာ။ စပြောကတည်းက ဘယ်သူတွေ ဖြစ်မယ်ဆိုတာကို ကျွန်မတွေးလိုက်မိပြီးသား။ အတန်းထဲက အောင်နိုင်တို့၊ အေးဝင်းတို့ပဲ နေမှာပေါ့။ ဒီကလေးတွေက အတန်းထဲမှာ စာကလည်း တစ်လုံးမှမရ။ ဆိုးလိုက်တာကလည်း တာတေကိုလန်ရော။ ထန်းရည်ခိုးသောက်၊ ဆေးလိပ်ခိုးသောက်တဲ့ သတင်းတွေကလည်း ခဏခဏကြားနေကျ။ ကျောင်းချိန်အတွင်းမှာမဟုတ်လို့ ဘာမှမပြောသေးဘဲနေခဲ့တာ။ ခုက ကျောင်းပြေးပြီး သောက်တယ်ဆိုတော့ သေသေချာချာကို ဆုံးမရမယ်လို့ တွေးထားပြီးသား။ ဒေါ်မိုးသူဇာ ဆက်ပြောတဲ့စကားကိုကြားရမှ ကျွန်မ ဒေါသအိုးက ပိုလို့ကို ပွက်ပွက်ထရတော့တာ။

“အောင်နိုင်ရယ်၊ အေးဝင်းရယ်၊ နောက် ဘယ်သူပါသေးတယ်ထင်လဲ။ နင့် တပည့်ကျော်လေး စွမ်းရယ်”

“ဘယ်လို စွမ်းလည်းပါတယ်။ ဟုတ်လား”

“ဟုတ်တယ်။ စွမ်းလည်း ပါတယ်။ ထန်းရည်ခွက်ကိုမော့နေတာများ နင့်ကို ပြလိုက်ချင်သေးတယ်”

ကျွန်မ အံကိုကြိတ်ပြီး ခပ်တင်းတင်းလေး ရေရွတ်လိုက်မိတယ်။

“စွမ်း. . . စွမ်း. . . တော်တော်လေး စွမ်းနေတယ်ပေါ့လေ”

မှတ်မိနေသေးတယ်။ ကျွန်မ ဒီကျောင်းကို စရောက်တော့ စွမ်းလေးက ငါးတန်းရှိဦးမယ်။ အများနဲ့မတူ တစ်မူထူးခြားတဲ့ကလေးမို့ စွမ်းလေးရဲ့ အတန်းကိုသွားပြီး တကူးတကကို ကြည့်ခဲ့မိသေးတာ။ နောက်များတော့လည်း အမှုမဲ့အမှတ်မဲ့နေလာခဲ့ရာက ဒီနှစ်မှာတော့ စွမ်းက ဆယ်တန်းကျောင်းသားကြီးဖြစ်ပြီး ကျွန်မ အတန်းပိုင်လုပ်ရတဲ့အခန်းကိုမှ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့တယ်။

ကျောင်းစဖွင့်တဲ့နေ့ကများဆို အရင်နှစ်တွေကလိုမဟုတ်ဘဲ ထူးထူးခြားခြား စိတ်တွေလှုပ်ရှားနေခဲ့မိတာ ရှေ့ဆုံးတန်းမှာထိုင်နေတဲ့ စွမ်းလေးကြောင့်ပေါ့။ သင်ခန်းစာ စသင်ဖို့ လုပ်တော့ ကျောင်းသား ကျောင်းသူတွေ အားလုံး လွယ်အိတ်အသီးသီးက စာအုပ်၊ ဘောပင်တွေ ကိုယ်စီထုတ်ကြတော့ စွမ်းရဲ့ ရှေ့မှာရှိတဲ့ ကျောပိုးအိတ်လေးကို စိတ်ဝင်တစား ကြည့်မိပြန်ရော။

“သား သူ့စာအုပ်ကို ထုတ်ပေးလိုက်လေကွယ်”

စွမ်းဘေးနားမှာထိုင်တဲ့ ကလေးကို ပြောမိတော့

“ရတယ် ဆရာမ။ သားဘာသာလုပ်မယ်”

စွမ်းရဲ့အသံလွင်လွင်လေးကို ပထမဆုံး ကြားရတယ်။ ညာဘက်တစ်ဖက်တည်းမှာသာ ရှိတဲ့ တစ်ထွာလောက်လက်ကလေးနဲ့ ဘယ်လိုလုပ်မှာလဲ။ ကျွန်မစိတ်ဝင်တစားနဲ့ စောင့်ကြည့်မိပြန်တယ်။ လက်ကလေးရဲ့ထိပ်မှာရှိတဲ့ ခက်ရင်းခွလို လက်ချောင်းကလေး နှစ်ချောင်းရယ် မေးစေ့လေးရယ်ပေါင်းပြီး ကျောပိုးအိတ်ကို ထိုင်ခုံပေါ် ချတယ်။ ခြေထောက်နှစ်ဖက်နဲ့ ကျောပိုးအိတ်ထဲက စာအုပ်ကိုထုတ်ပြီး ဘောပင်ကို ခြေမနဲ့ ခြေညှိုးကြားမှာ ဟန်ပါပါ ညှပ်ထားလိုက်တဲ့ စွမ်းလေးက ကျွန်မအတွက်တော့ မဟာသူရဲကောင်းကို ဖြစ်တာပါပဲ။

“သူ့ကိုဝိုင်းလုပ်ပေးရင် မကြိုက်ဘူး ဆရာမရဲ့”

ဘေးနားက ကောင်လေးရဲ့စကားက စွမ်းရဲ့ လောကဓံအပေါ် တုံ့ပြန်တဲ့စိတ်ဓာတ်ကို လှစ်ဟပြလိုက်တယ်လို့ ထင်မိတယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ အတန်းရှေ့မှာရှိတဲ့ သောက်ရေအိုးထဲကရေကို ကိုယ်တိုင်ခပ်သောက်နိုင်တယ်။ ကျောင်းဆင်းချိန်တွေမှာ ကျောင်းဝင်းထဲက ခြင်းကွင်းမှာ ခြင်းခတ်နိုင်တယ်။ သန့်ရှင်းရေးအသင်းကျတဲ့နေ့ဆို ခြေထောက်လေးနဲ့ အမှိုက်တွေလိုက်ကောက်တယ်။ တခြား ကျောင်းသား ကျောင်းသူတွေ လုပ်နိုင်တဲ့အရာမှန်သမျှ စွမ်းက ကြိုးစားပြီး လိုက်လုပ်ရှာတယ်။

အမြဲတမ်း ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ စွမ်းလေးက လူကောင်းလေးတစ်ယောက်လိုပါပဲ။ စာအတော်ကြီး မဟုတ်ပေမယ့် စာရတဲ့ အထဲမှာတော့ပါတယ်။ ခြေထောက်နဲ့ရေးတဲ့ လက်ရေးလေးတွေက ညီညီညာညာကြီး မဟုတ်ပေမယ့်လည်း ကျွန်မကတော့ လှတယ်လို့ကို ထင်နေမိတာ။ ဒီလိုနဲ့ အပြောလေးချိုပြီး လိမ္မာယဉ်ကျေးတဲ့ စွမ်းက အတန်းပိုင်ဆရာမဖြစ်တဲ့ ကျွန်မရဲ့အချစ်တော် တပည့်ကျော်လေး ဖြစ်လာခဲ့တာပေါ့။

ခုတော့လည်း ဒီကောင်လေးက ကျောင်းပြေးပြီး ထန်းရည်တောင်မှ ခိုးသောက်တတ်နေပြီဆိုတော့ တွေ့မယ် စွမ်းရေ။ တွေ့မယ်။ မှတ်လောက်အောင်ကို ဆုံးမမှရမယ်။

“ရွှမ်း”

စားပွဲကို ကြိမ်လုံးနဲ့ထိတဲ့အသံက တိတ်ဆိတ်နေတဲ့အခန်းထဲမှာ ဟိန်းထွက်သွားတယ်။ ဒေါသထွက်ခဲလှတဲ့ကျွန်မ ဒေါသထွက်နေပြီဆိုတော့လည်း အတန်းထဲက ကလေးတွေ တုတ်တုတ်တောင်မလှုပ်ရဲကြတော့ဘူး။

“မနေ့က ကျောင်းပြေးပြီး ထန်းရည်သောက်ကြတဲ့ ကိုယ်တော်တွေ အတန်းရှေ့ကို ထွက်ခဲ့ပါဦး”

သုံးယောက်သား ခေါင်းတွေငုံ့၊ လက်တွေပိုက်ပြီး ခပ်ကုပ်ကုပ်နဲ့ ထွက်လာကြတယ်။ စွမ်းကလည်း သူ့လက်ကလေးတစ်ဖက်ကို ရင်ဘတ်မှာကပ်ပြီး လက်ပိုက်သလို လုပ်ထားတာ အမြင်ကပ်စရာ။

“ငါ အပြစ်ပေးတာခံမလား။ ကျောင်းအုပ်ကြီး ရုံးခန်းကို ပို့ရမလား။ မင်းတို့ဘာသာ ဆုံးဖြတ်ပါ”

“ဆရာမ အပြစ်ပေးတာပဲ ခံပါ့မယ်”

သုံးယောက်လုံးဆီက အဖြေရတာနဲ့ ကိုယ်တော်ချောတွေရဲ့ တင်ပါးတွေကို ထားဝယ်ကြိမ်လုံးနဲ့ ငါးချက်စီမိတ်ဆက်ပေးလိုက်တာ တရွှမ်းရွှမ်းအသံက ဘဝင်ထိညံမလား ထင်ရပေါ့။

“ဒါနောက်ဆုံးဖြစ်ပါစေ။ နောက်တစ်ခါဆို ကျောင်းအုပ်ကြီးဆီ ပို့ရလိမ့်မယ်”

လူဆိုးကောင်တွေ ကိုယ့်နေရာကိုယ် ပြန်ထိုင်ကြတော့ ရှေ့ဆုံးတန်းက စွမ်းကို မချိတင်ကဲနဲ့ မေးမိပြန်တယ်။

“စွမ်း မင်းက ဘာလို့ ကျောင်းပြေးပြီး ထန်းရည်သောက်ရတာလဲ”

“သူများတွေလုပ်သလို လုပ်ကြည့်ချင်လို့ပါ ဆရာမ”

စွမ်းက တိုးလျစွာနဲ့ ဖြေတယ်။

“သူများလုပ်တိုင်း လိုက်လုပ်စရာလား။ လူတိုင်းလူတိုင်းမှာ အကောင်းနဲ့ အဆိုးက ဒွန်တွဲပြီး ရှိနေတတ်ကြတယ်။ ကိုယ်က ကောင်းတဲ့အရာတွေကို အတုယူပြီး မကောင်းတဲ့ အရာတွေကို ပယ်နိုင်ရမယ်။ ဒါမှလည်း ကိုယ်က ကောင်းသထက်ကောင်းတဲ့ လူကောင်း တစ်ယောက်ဖြစ်လာမှာပေါ့။ မင်းတို့အားလုံး မှတ်ထားကြပါ။ လူရယ်လို့ဖြစ်လာရင် ခြေလက်အင်္ဂါပြည့်စုံတာ မပြည့်စုံတာက အရေးမကြီးဘူး။ ကောင်းတာနဲ့ မကောင်းတာကို ခွဲခြားပြီး သိမြင်နိုင်တဲ့ ဦးနှောက်အရည်အသွေး ပြည့်စုံဖို့ကသာ အရေးကြီးတာ။ ငါ့တပည့်တွေ အကုန်လုံး လူတော်လူကောင်းလေးတွေ ဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြပါကွယ်”

စွမ်းကိုအကြောင်းပြုပြီး တစ်တန်းလုံးကို ဆုံးမစကားပြောလိုက်ရလို့ ကျွန်မရဲ့ ဒေါသတွေလည်း လွင့်ပါးပျောက်ကွယ်သွားရတော့တယ်။

“ထမင်းစားမလို့ ထမင်းချိုင့်ဖွင့်ရုံရှိသေးတယ်။ နင့် တပည့်ကျော်လေး ရောက်လာပြီး စာတွေလာမေးနေတာနဲ့ ရှင်းပြလိုက်ရတာ ငါ့မှာ ထမင်းတောင်မှ ဘယ်လိုစားလိုက်မိမှန်း မသိတော့ပါဘူးဟယ်”

ရူပဗေဒဆရာမ ဒေါ်နှင်းနွယ်က ညည်းသလို ပြောနေပေမယ့် မျက်နှာပေါ်ကအပြုံးကြောင့် သူ့ရင်ထဲကပီတိကို ကျွန်မ အတိုင်းသား မြင်နေရတယ်။ တပည့်တွေစာမေးတာကို မကြိုက်တဲ့ ဆရာ ဆရာမရယ်လို့ ဘယ်မှာရှိမှာလဲ။ စွမ်းက ခုလိုပဲ အားလပ်ချိန်တွေမှာ ဆရာ ဆရာမတွေအနားလာပြီး နားမလည်တဲ့စာတွေ လာလာမေးတတ်တယ်။ ကျောင်းပိတ်ရက်တွေမှာလည်း သူမရှင်းတဲ့စာတွေရှိရင် ကျွန်မအိမ်ကို ရောက်ရောက်လာပြီး လာလာမေးတာပါပဲ။ အဲဒီလို ကျောင်းပိတ်ရက်တွေမှာတော့ အိမ်အလုပ်တွေ မလုပ်ဖြစ်တော့ဘဲ တပည့်ကျော်လေးကို စာတွေရှင်းပြရင်းနဲ့သာ အချိန်တွေကုန်လွန်ခဲ့ရတာပေါ့။ ခုနောက်ပိုင်း စွမ်းက စာကို ပိုပိုပြီးကြိုးစားလာလိုက်တာ လပတ်စာမေးပွဲတွေရဲ့ အဖြေက သက်သေပဲလေ။ တပည့်ကျော်လေး အဆင့်တွေအများကြီး တက်လာတာကို ကြည့်ပြီး ပီတိအဝေရဆုံးသူက ကျွန်မပဲ မဟုတ်လား။

စာမေးပွဲရက်က တဖြည်းဖြည်းနီးလာတော့ ဆရာ ဆရာမတွေလည်း အလုပ်များ၊ ကျောင်းသား ကျောင်းသူတွေလည်း မနေမနား ကြိုးစားနေကြရတယ်။ ကျောင်းအုပ်ကြီး ရုံးခန်းက ပြန်လာတဲ့ကျွန်မ အတန်းရှေ့က ဖြတ်အလျှောက်မှာ အတန်းထဲက မြင်ကွင်းကြောင့် ခြေလှမ်းတို့ တုံ့သွားမိတယ်။ ကိုယ့်တပည့်ဆိုတဲ့စိတ်ရယ်၊ အားနွဲ့သူဆိုတဲ့ အသိရယ်ကြောင့် ဒီလိုတော့မဖြစ်သင့်ဘူးလို့ တွေးနေမိတယ်။ ဒေါသနဲ့အတူ မခံချင်စိတ်တို့ကလည်း စိတ်ထဲကနေ အင်နဲ့အားနဲ့ ရုန်းကြွလာတာပေါ့။ အတန်းရှေ့မှာ အကြာကြီးရပ်နေမိတော့ အတန်းထဲက တာဝန်ကျ သင်္ချာဆရာမလေးက ကျွန်မရှိရာ အပြင်ကိုထွက်လာတယ်။

“ညီမလေး ဒါက ဘယ်လိုလုပ်တာလဲ။ ဒီလိုမျိုးတော့ မလုပ်ခိုင်းသင့်ဘူးထင်တယ်”

သင်္ချာဆရာမလေးကို ပြောမိတဲ့ ကျွန်မ အသံက နည်းနည်းတော့မာနေမယ်နဲ့တူပါရဲ့။

“ညီမလုပ်ခိုင်းတာ မဟုတ်ပါဘူး။ ညီမက ဒီပုစ္ဆာကို အတန်းထဲက တစ်ယောက်ယောက် ထွက်တွက်ပါလို့ပြောတာကို ဘယ်သူမှ ထွက်တွက်မယ့်သူမရှိဘူး။ အဲဒါနဲ့ စွမ်းက သူထွက်တွက်မယ်ဆိုပြီး သူ့ဘာသာထွက်တွက်တာပါ။ ညီမက စွမ်းရဲ့နာမည်နဲ့လိုက်အောင် စွမ်းတဲ့ စိတ်ဓာတ်ကို ဂုဏ်ပြုပေးနေတာပါ အစ်မရယ်”

အဖြစ်မှန်ကို သိလိုက်ရတော့ ကျွန်မစိတ်တို့ ပြေလျော့သွားရတယ်။ တပည့်ကျော်လေး အပေါ် ဂုဏ်ယူစိတ်တွေကလည်း တဖွားဖွား ထလာတာပေါ့။ မာကာပင်(marker pen)ကို ပါးစပ်နဲ့ကိုက်ပြီး ဝှိုက်ဘုတ်ပေါ်မှာ သင်္ချာပုစ္ဆာကို အားကြိုးမာန်တက်တွက်နေတဲ့ တပည့်ကျော်လေးကိုကြည့်ပြီး ရင်ထဲမှာလည်း တလှိုက်လှိုက်နဲ့။ ပုစ္ဆာရဲ့အဖြေကို အောင်မြင်စွာ တွက်ထုတ်လိုက်နိုင်တဲ့ စွမ်းက နောက်ကိုပြန်အလှည့်မှာ ကျွန်မကို တွေ့သွားတော့ သူ့ရဲ့လက်တိုတိုကလေးကို မြှောက်ပြပြီး လှမ်းနှုတ်ဆက်တယ်။ ကျွန်မမျက်ဝန်းမှာက ပီတိမျက်ရည်တွေ ဝေ့သီနေလို့ တပည့်ကျော်လေး စွမ်းရဲ့ပုံရိပ်က ဝိုးတဝါးနဲ့သာ။ ။

## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေလက်ရာရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် “မျိုးဆက်သစ်ရင်ပြင်” အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။ ထိုသို့ရေးသားပေးပို့ရာတွင် စာမူများကို ခေတ်သစ်ရေးဟန်ဖြင့်ရေးသားနိုင်သော်လည်း ရေးသားသူ၏ ရည်ရွယ်ချက်၊ စေတနာ၊ တင်ပြပုံ၊ အကြောင်းအရာတို့ကို စကားပြေဖြင့်ဖြစ်စေ၊ စကားပြောဖြင့်ဖြစ်စေ (စကားပြေနှင့် စကားပြော မရောစေဘဲ) လိုရင်းတိုရှင်းရေးသားပေးပို့နိုင်ပါသည်။ လူငယ်လူရွယ်များ စိတ်ဝင်တစား ရေးသားပေးပို့ကြသည့်အတွက် ကြေးမုံကကျေးဇူးအထူးတင်ရှိပါသည်။

ပေးပို့သောစာမူများမှာ များပြားသဖြင့် အဆိုပါလေးချက်နှင့်ကိုက်ညီပြီး ဆီလျော်အောင်ရေးသားသောစာမူများကို ဖော်ပြပေးသွားမည်ဖြစ်ပြီး ပေးပို့သော စာမူအားလုံးအတွက် အကြောင်းပြန်ကြားမပေးနိုင်သေးခြင်း၊ မဖော်ပြပေးနိုင်သေးခြင်းတို့ကို နားလည်ခွင့်လွှတ်စေချင်ပါသည်။

စာမူပေးပို့ရာတွင် အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကျောင်း၊ မိမိ၏ နှစ်သက်ရာဓာတ်ပုံတစ်ပုံ၊ စာမူကို ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားသော သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြု ဖော်ပြပါရှိရမည်ဖြစ်သည်။

**အထူးပန်ကြားလိုသည်မှာ စာမူများကို**

**mirrormyosathit@gmail.com**

**သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။** ဖော်ပြပါရှိသည့် စာမူခများကို အမှတ် (၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **(စာတည်းအဖွဲ့)**

ဆောင်းပါး

မောင်စည်သူ(အဖျောက်)

# သတိမမူ ဂူမမြင်

"ဗျို့. . . စာရေးဆရာကြီး ဘာတွေလုပ်နေတုန်း"

အိမ်ရှေ့မှ လှမ်းပြောလိုက်သော စကားသံကြောင့် ဖတ်လက်စစာအုပ်ကို စားပွဲပေါ်တင်လိုက်သည်။ ထို့နောက် အသံလာရာသို့ လှမ်းကြည့်လိုက်သည်။ ဝါးခမောက်အပြန့်ကြီးဆောင်းပြီး ခြံထဲဝင်လာသော ဦးတင်စိုးကို တွေ့လိုက်ရသည်။

"ဘာမှမလုပ်ပါဘူး ဦးစိုးရာ။ ကျောင်းပိတ်ရက်လေး ခဏနားတုန်း တွေ့တဲ့စာတွေ ဖတ်နေတာ။"

ဦးတင်စိုးလည်း ကျွန်တော့်ဘေးနားက ထိုင်ခုံအလွတ်တွင် ဝင်ထိုင်လိုက်သည်။ စားပွဲပေါ်တင်ထားသော ကျွန်တော် ဖတ်လက်စစာအုပ်ကို ယူကြည့်သည်။ ထို့နောက် ကျွန်တော့်ကို တစ်လှည့်ကြည့်လိုက် စာအုပ်ကို တစ်လှည့်ကြည့်လိုက်နှင့် အမူအရာက တစ်ခုခုကို သိချင်၍ မေးချင်နေသော ပုံစံ။ ကျွန်တော်လည်း ဘာမေးမလဲ ဆိုသည့်သဘောဖြင့် မေးဆတ်ပြလိုက်သည်။ အမူအရာနားလည်သော ဦးတင်စိုးက "စာရေးဆရာက ဒီလိုစာအုပ်တွေ ဖတ်စရာလိုလို့လား. . ."ဟူ၍ မြန်မာစာအဖွဲ့က ထုတ်ထားသော မြန်မာစာမြန်မာစကားစာအုပ်ကို ထောင်ပြသည်။

"ဘယ်လိုပြောလိုက်တာလဲ ဦးတင်စိုးရယ်။ လိုအပ်လို့ ဖတ်တာပေါ့။ မလိုအပ်ဘူးဆိုတာတောင် မြန်မာလူမျိုး တစ်ယောက်အနေနဲ့ ကိုယ့်မိခင်ဘာသာစကားဖြစ်တဲ့ စာ၊ စကားကိုတော့ အရေးမှန် အပြောမှန်ဖို့လိုတာပေါ့။ ဘာတဲ့ "မပြောတတ်တော့ ဆဲသလို"ဆိုတဲ့ စကားပုံလည်းရှိတယ် မဟုတ်လား။"

"အေးကွ. . .။ စာရေးဆရာကြီးပြောမှပဲ တစ်လောတုန်းက သတင်းစာတစ်ခုမှာ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)ရဲ့ အသုံးမှားနေကြဆဲ "မှ" နဲ့ "အား" ဆောင်းပါးကို ဖတ်လိုက်ရသေးတယ်။ အဲဒီမှာ ဆရာကြီးက "၁၉၆၃ ခုနှစ် မတိုင်ခင်က အဲဒီ "မှ" နဲ့ "အား" အမှားတွေ မရှိသေးဘူး။ သတင်းစာတွေ၊ ဂျာနယ်တွေမှာလည်း ဘယ်သူမှ အဲဒီလို မှားမရေးကြဘူး။ ၁၉၆၃ ခုနှစ်လောက်မှာ အစိုးရနဲ့ တောတွင်းအဖွဲ့အစည်းတွေ ငြိမ်းချမ်းရေးဆွေးနွေးတယ်။ အဲဒီမှာ တောတွင်းအဖွဲ့အစည်းတစ်ခုက ကိုယ်စားလှယ်တွေနဲ့ အစိုးရကိုယ်စားလှယ်တွေ ဆွေးနွေးပွဲကို မြန်မာ့အသံက အသံလွှင့်ပေးတယ်။ အဲဒီမှာ "ဗိုလ်ဘယ်သူမှ"၊ "ရဲဘော်ဘယ်သူမှ" ဆွေးနွေးပါတယ်ဆိုတဲ့ "မှ" တွေ ရေဒီယိုမှာ ပလူပျံအောင် ကြားရတယ်။ သူတို့ထုတ်ပြန်တဲ့ စာတွေမှာလည်း "မှ" တွေ၊ "အား" တွေချည်းပဲ။ အဲ. . . သူတို့လည်းပြန်သွားရော အဲဒီ "မှ" တွေ၊ "အား" တွေ တို့ဆီမှာ ကျန်ရစ်ရရော။ တို့လူတွေက တောတွင်းကလူတွေ ထားပစ်ခဲ့တဲ့ အဲဒီအသုံးမှားတွေကို အဟုတ်မှတ်ပြီး လိုက်သုံးကြပါလေရော။ ဒီတော့ "ဆရာကြီးမှ မိန့်ကြားပါတော့မည်"၊ "ဗိုလ်ကြီးမှ ဆုချီးမြှင့်ပါတော့မယ်" ဆိုတာမျိုးတွေ တွင်ကျယ်လာပြီး ဒီအခြေအနေရောက်လာရတာပါပဲကွာ။

ဦးတင်စိုးသည် စကားပြောတာကို ခဏရပ်လိုက်ပြီး ဖန်ခွက်ထဲငှဲ့ပေးထားသော အအေးကို ဂွတ်ခနဲမြည်အောင် တစ်ကျိုက်မော့သောက်လိုက်သည်။

"ဟုတ်တယ် ဦးတင်စိုးရေ။ ကျွန်တော်လည်း တစ်လောက ညီလေးတစ်ယောက်ကို အဝေးသင်ကျောင်းသွားအပ်ပေးရင်း တွေ့လာရတဲ့ စာလုံးပိုကြောင့် စိတ်တိုမိတယ်။"

"ဘယ်လိုစာလုံးပိုလဲ စာရေးဆရာကြီးရဲ့ လင်းစမ်းပါဦး"

"ဒီလိုဗျ။ အဝေးသင်ကျောင်းသွားအပ်တော့ အသနားခံစာတစ်စောင်ရေးပြီး စုမျှုနဲ့ ခွဲမျှုဆီမှာ ဒီပညာသင်နှစ်ကို တက်ရောက်ခွင့်ပေးရန် အသနားခံစာတစ်စောင် ရေးပေးရတယ်။ အဲဒီလို ရေးနေရင်းနဲ့ နောက်ဆုံးစာတစ်ပါဒ (စကားစုတစ်စု)က "လေးစားစွာဖြင့်"ဆိုသော စာလုံးကို တွေ့လိုက်ရတယ်။ ဒီစာလုံးကို သွားတွေ့တော့ ကျွန်တော်လည်း အတော်ကလေး အံ့ဩသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ တက္ကသိုလ်ကျောင်းက မြန်မာစာဌာနကိုတင်ရမယ့် အသနားခံစာမှာ "လေးစားစွာဖြင့်" ဆိုသော စာသားလေး ထည့်ရေးပေးရတယ်။ (ဒီအသနားခံစာက တက္ကသိုလ်က နမူနာရေးပြထားသော စာရွက်ပါ။ အသနားခံစာရေးသော တက္ကသိုလ်ကျောင်းသားကျောင်းသူတိုင်း အဲဒီနမူနာစာရွက်က ကူးရေးရသည်။ (စကားချပ်)

ကျွန်တော်လည်း ဒီအရေးနဲ့ပတ်သက်ပြီး အိမ်ရောက်ရောက်ချင်း ဒီစာအုပ်ကို ဖတ်နေတာပဲ။ ဒီစာအုပ်ထဲမှာ အဲဒီလိုအရေးနဲ့ပတ်သက်ပြီး "နှင့်" ပို "ဖြင့်" ပို ဟူ၍ အခန်းတစ်ခန်းအနေနဲ့ ဖော်ပြထားတယ်။

"စွာ" ပါသော ကြိယာဝိသေသနပုဒ်များကို သုံးသော် "နှင့်၊ ဖြင့်" တို့ကို သုံးရန်မလိုပါ။ ထို့ကြောင့် "စွာ" ပါသော ကြိယာဝိသေသနများကို ရေးလျှင်-

"လေးစားစွာဖြင့် အစီရင်ခံအပ်ပါသည်"ဟု ရေးရမည့်အစား

"လေးစားစွာ အစီရင်ခံအပ်ပါသည်"ဟု ရေးမှ မှန်ပါသည်ဟု ဖော်ပြထားသေးတယ်။ ဒါ့အပြင် ကျွန်တော်တို့ဟာ မြန်မာလူမျိုးများဖြစ်၍ မိခင်ဘာသာစကားဖြစ်တဲ့ မြန်မာစာ မြန်မာစကားကို သေသေချာချာ မလေ့လာနိုင်လျှင်တောင်မှ သိသင့်သည်များကို သိထားရမယ်။ အဲလိုမဟုတ်ပါက သူတစ်ပါးရဲ့ နေရင်းထိုင်ရင်း အဆဲခံရ စိတ်တိုခံရလိမ့်မယ် ဦးတင်စိုးရေ။" "အေးကွ-ဒါကြောင့်မို့လည်း ဆရာကြီးမောင်ခင်မင်က မြန်မာစာနဲ့ပတ်သက်ပြီး သတိထားဖို့၊ မှားတတ်တဲ့ အမှားတွေကိုသိဖို့ အမျိုးမျိုး ရေးသားနေတာပေါ့"

"ဦးတင်စိုးရယ်။ ဒါတောင်မှ အချို့တွေက သတိမမူကြတော့ အခု ကျွန်တော်ကြုံတွေ့ရသလို အဖြစ်တွေ ရှိနေတာပေါ့။"

"စာရေးဆရာရယ် -စကားကလည်း ကောင်းတယ်။ အလုပ်တွေကလည်း ရှိသေးတယ်ဆိုတော့ သွားလိုက်ဦးမယ်ဟေ့-"

"ဦးတင်စိုးသည် ပြောပြောဆိုဆိုနှင့် ဝါးဖက်ခမောက်အပြန့်ကြီးဆောင်းပြီး သောက်လက်စ အအေးတစ်ဝက်ကို မတ်တတ်ရပ်လျက် မော့သောက်ပြီး အိမ်ထဲမှ လှမ်းထွက်သွားသည်။ ပါးစပ်ကလည်း "စာရေးဆရာကြီးရေတို့တွေလည်း သတိမူပြီး မြူမြင်ကြဖို့ လေ့လာရဦးမယ်" ဟု ပြောလျက် စက်ဘီးနင်းပြီး ထွက်သွားသည်။ကျွန်တော်လည်း "သတိမမူ ဂူမမြင်"ဆိုသော စကားပုံကို တိုးတိုးလေး ရေရွတ်မိသည်။ ။

## မိုးနှင့်တောင်သူ

နောက်တောင်မှတ်သုံ မှိုင်းညို့အုံ၍
သိုင်းခြုံအာကာ လျှပ်ပန်းဖြာလျက်
ဝဋ္ဋာတစ်လွှား မိုးသံကြားက
နွားနှင့်အတူ ကိုတောင်သူတို့
တေးကြူပျော်ရွှင် ထွန်ရေးပြင်သည်
နှမ်းလျင်စိုက်ဖို့ ကြိုးပမ်း၏။
သီးညှပ်အတွက် ပဲခင်းပျက်ဝယ်
ကြဲပက်ပြောင်းဝါ နှမ်းရောပါ၍
နေကြာပဲတီ စိုက်တန်းစီလျက်
ရာသီအမိ မိုးနှင့်ညီကာ
နအိမြေသား ယာမြေများတွင်
လုပ်အားတွေပြ ပျော်နေကြ။
မျိုးကျယာမြေ မိုးရွာပေမှ
ပွင့်ဝေသီးနံ ပြည့်ဖြိုးလှုံလိမ့်
မှန်ကန်ဥတု သာယာမှုသည်
တောင်သူ့အိပ်မက် မျှော်လင့်ချက်တည်း။
ဩော် . . .
လေမိုးဥတု မှန်ကန်မှုသည်
တောင်သူ့ဘဝ ပျော်ရွှင်ကြဖို့
ဖြစ်ရထပ်တူ အောင်လံထူ၏
မိုးမှုမကျ မိုးဒုက္ခနှင့်
ကြမ်းရှလေတို့ မြေခြောက်သွေ့သော်
ရောင်း၍ကျွဲနွား ဘဝများလည်း
ချောက်ချားဖြစ်တည် အကြွေးစည်၏
မိုးသည်တောင်သူ့ဘဝတည်း။

မောင်စိုးဝေ(မြို့သာ)

## ကျောင်းဖွင့်ချိန်

အာကာတစ်ခွင် တိမ်ညိုဖုံးလို့
ပဇ္ဇုန်ချန်းကာ ရွာတော့မယ် . . .။
ကမ္ဘာမြေပြင် မိုးရေဖျန်းတော့
သစ်ပင်ပန်းပင် စိမ်းလန်းတယ် . . .။
ပန်းပွင့်ပန်းငုံ ထုံထုံသင်းလို့
နေခြည်ဝင်းကာ ဆေးသခြယ် . . .။
စိန်ပန်းနီနီ အပင်မြင့်မှာ
ဖူးငုံပွင့်လို့ အလှကြွယ် . . .။
ဖြူစိမ်းဝတ်ဆင် တူလက်တွဲလို့
ကျောင်းတော်ထဲကို သွားစို့ကွယ် . . .။
မောင်မယ်စုံညီ ဘဝရေးတွက်
စာပေလေးတွေ ကျက်ကြမယ် . . .။
ကဗျာဆိုကာ ကခုန်မြူးလို့
ပုံပြင်ထူးတွေ ပြောပြကွယ် . . .။
ဆရာ့နှုတ်ချို သံသာအေးမှာ
မျက်တောင်မေးကာ အိပ်တော့မယ် . . .။
ပိုက်ဆာလာရင် မုန့်အများကို
ဝေငှစားလို့ ပျော်ကြတယ် . . .။
ဆရာ့ရိပ်မြုံ လုံခြုံနွေးတဲ့
နေရာလေးကို သွားကြမယ်
သွားကြမယ် . . . သွားကြမယ် . . .။

မင်းမြတ်သွေး(ဖောင်းပြင်)

## မိုးဦးမှာ

မှတ်သုံယှဉ်တွဲ မိုးပုလဲ
ပက်ကြဲသွန်းစို ရွက်နုပျို
ကြိုဆိုနှုတ်ဆက် ကြည်လင်လျက်
လောကဓာတ်သာတယ်လေ့ သာတယ်လေး။
ရွှေနွားထွန်ကျောင်း လယ်မြေကောင်း
သီးပေါင်းယှဉ်ဖက် စပါးကွက်
အထွက်တိုးပြီး ဝပြောနည်း
ဦးကြီး ကြိုးတယ်လေ့ ကြိုးတယ်လေး။
ကျောင်းသားအများ ကျောင်းသို့သွား
ပျော်ပါးစီရီ ဖြူစိမ်းညီ
တိုင်းပြည်တွက်တာ ကြိုးကုတ်စွာ
ပညာသင်တယ်လေ့ သင်တယ်လေး။
ဇွဲနှင့်ခွန်နှင့် ဖတ်အံကျင့်
ကျောင်းဖွင့်ချိန်ခါ မိုးဦးမှာ
ဆရာကျောင်းသား လက်တွဲထား
အကျိုးများမယ်လေ့ များမယ်လေး။ ။

ပိုင်(ဆေး-၁)

## ပညာသည်

ဖတ်ပါတဲ့ဖတ်ပါ
လိမ္မာဖို့အရေး။
ရှင်မြူးကြည်ကြည်သာနှင့်
ပေစာလွှာ ထိုတစ်ရွက်ကို
ဖတ်ကြစို့လေး။
မှတ်ပါတဲ့မှတ်ပါ
အကျင့်ပါဖို့အရေး။
ကြည်နူးပျော်ပျော်ရွှင်နှင့်
စာတစ်ထွာ ပေတစ်ထပ်ကို
မှတ်ကြစို့လေး။
တွေးပါတဲ့တွေးပါ
အသိသာဖို့အရေး။
ကွန့်မြူးဉာဏ်ရှင်စွာနှင့်
ပေတစ်လွှာ စာတစ်ရွက်ကို
ဖတ်မှတ်လို့တွေး။
ရေးပါတဲ့ရေးပါ
မြင်သာဖို့အရေး။
စိတ်ကူး စေတနာနှင့်
သုတကာ ပညာရစေဖို့
ထွေတလာစုံဘဝကိုဖြင့်
လှစ်ဟလို့ရေး။ ။

မင်းစစ်သွေး(မန္တလေးပညာရေးကောလိပ်)

## ဒေါ်မိုး

ရွှေဒိုးပတ်က မြိုင်ဆိုင်လှ
ဒေါ်မိုးကလည်း အပြိုင်က
ယဉ်ကျေးစွာဖြင့် ဖျော်ဖြေပြ
မြန်မာ့ရိုးရာ အကလှ။
တင်ကလေးကောက်လို့ ရင်မောက်ပြန်
မင်းသမီးဒေါ်မိုး အကဟန်
အကလှကောင်းတဲ့ မင်းသမီး
မြို့ရွာ သတင်းကြီး။
မြန်မာ့ရိုးရာ ပွဲတိုင်းမှာ
ဒေါ်မိုးဆိုတာ အမြဲပါ
ရွှေဒိုးပတ်နဲ့ အပြိုင်က
ဒေါ်မိုး စတိုင်ကျ။

ဇင်မင်း(မြို့သာ)

ဝတ္ထုတို

# အဆိုပျော်မဟုတ်တဲ့ အဆိုတော်

## လင်းခေတ်အိမ်

(၁)

ညနေ ၄ နာရီထိုးပြီဆိုတာနဲ့ နီလာတို့ တစ်သိုက် ဖြီးလိမ်းပြင်ဆင်ကြရသည်။ တချို့က ဘိုကင်ချိတ်ထားသူများလည်းရှိသည်။ ၇ နာရီဆို အလုပ်ဝင်ရတော့မည် မဟုတ်လား။

"ဟဲ့ ကြည်ပြာ ဒီနေ့ ငါ့ဘိုင်လာမှာသိလား။ အနည်းဆုံး နှစ်ဆက်ရှင်လောက်ဆိုကြမှာတဲ့။

နီလာတစ်ယောက် သူ့ညှိသည်လာမှာဆိုသဖြင့် များများစားစား ဖြီးလိမ်းခြယ်သထားစရာမလိုပါ။ နီလာ ဒီ KTV အလုပ်ကို လုပ်ရသည်မှာ ပျော်မြူးလို့တော့မဟုတ်။ အလုပ်အပေါ် တာဝန်ကျေပွန်သည်။ ပါးနပ်တတ်သေးသည်။ KTV စကားနဲ့ပြောရရင် ချုပ်တတ် ကြူတတ် အီစီကလီလုပ်တတ်သည်။

သူများနဲ့မတူ အခန်းထိုင်ချိန် အကြိမ်ရေပိုများသည်။ တချို့မိန်းကလေးများမှာ သောက်စားပျော်ပါးနေသော်လည်း နီလာတစ်ယောက် သီချင်းတွေကိုသာ တစ်ပုဒ်ပြီး တစ်ပုဒ် ဆိုနေ၏။

ရသမျှ ဆက်ရှင်ကြေးနဲ့ မုန့်ဖိုးလေးတွေစုကာ အိမ်ကို တစ်လတစ်ကြိမ် ပုံမှန်ပို့တတ်သည်။ သူ့အတွက် အသုံးစရိတ်မှာ ဘောက်ဆူးလေးများသာဖြစ်ပေသည်။

"နီလာ ညည်းမလဲနော် ငွေပို ငွေလျှံတာနဲ့ ညည်းအိမ်ချည်းပို့နေတော့တာပဲ။ မပို့နဲ့လို့ မပြောပါဘူးအေ။ ညည်း ဗိုက်လေးလည်း ဝအောင်စားစမ်းပါအေ့"ဟု အခင်ဆုံး သူငယ်ချင်း KTV အခန်းထိုင်ချင်းဘဝတူ ကြည်ပြာရဲ့စကားသံကြောင့် နီလာ အတွေးတွေ ခဏရပ်စဲပစ်လိုက်သည်။

နီလာ မစုလို့မဖြစ်။ မခြစ်ကုတ်လို့မဖြစ်။ နည်းနည်းပါးပါးစုမိဆောင်းမိတာနဲ့ အိမ်ဈေးဆိုင်လေးဖြစ်ဖြစ်ဖွင့်ပြီး ဒီအလုပ်ကို မလုပ်တော့ဘူးလို့ ရည်ရွယ်ထားလေသည်။

နီလာတစ်ယောက် အမေအိုကြီးနဲ့ ကိုးတန်းကျောင်းသား မောင်လေး ကျောင်းစရိတ်နဲ့မို့သာ ဒီအလုပ်ကို လုပ်နေရခြင်းဖြစ်သည်။ မပျော်ပါ။ အဖေမှာ နီလာ ငယ်ငယ်လေးကတည်းက ဆုံးသွားသည်။

(၂)

"ဟဲ့ နီလာ အခန်းထိုင်မယ်တဲ့ နင့် ဦးဦးဆိုလားပဲ"

"အေးအေး လာပြီ ကောင်မရေ"ဟု နီလာ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ကို လှမ်းအော်ပြောလိုက်သည်။

"ဦး ရောက်နေတာကြာပြီလား။ ကဲ ဘာဆိုမလဲ။ ဘာသောက်မလဲ။ ငယ်ကျွမ်းဆွေပဲ ဆိုမှာမလား။ သိပြီးသားပါနော်။ မောင်လေးရေ မြန်မာနှစ်လုံးပေးဟ ‌အစ်မကို အအေးဘူးပဲချ"ဆိုပြီး နီလာ အခန်းရှေ့က ကောင်လေးကို လှမ်းမှာလိုက်သည်။

ဝိတ်တာ ကောင်လေးများသည်လည်း နီလာထိုင်သည့် အခန်းဆိုလျှင် ငမ်းငမ်းတက်။ လုပ်ပေး၊ ကိုင်ပေးချင်ကြသည်။ သူတို့အတွက်သည်လည်း မုန့်ဖိုးများ တောင်းပေးလေ့ရှိသည် မဟုတ်လား။

"ဦး. . . နီလာ ဒီအလုပ်ကိုမလုပ်ချင်တော့ဘူး သိလား။ မလွဲသာလို့သာလုပ်နေရတာ။ မောင်လေးကျောင်းစရိတ်နဲ့ အိုကြီးအိုမ အမေနဲ့မို့သာ။ နောက်ပြီး နီလာ ဦးနဲ့လည်း မခွဲနိုင်ဘူး"

နီလာ အဲလိုပြောလိုက်သော် သူ့ရင်ထဲမှာတော့ အော်ဂလီဆန်နေသည်။ မျက်နှာကို ဟိုဘက် တစ်ချက်လှည့်ကာ ခပ်ရွဲ့ရွဲ့ရှုံ့လိုက်သေးသည်။ ဒီလိုမှ တော်ကီမညက် ရင် အဲဒီဘဲကြီးရဲ့ အိတ်ကပ်ထဲက ငွေတွေ ဟောခနဲ ဟောခနဲ သူ့ဆီကို ရောက်လာဖို့က လမ်းစမမြင်။



အမှန်မှာ ဒီအလုပ်လုပ်နေခြင်းကို မောင်လေးမသိပေ။ အမေ့ကိုသာ မဖြစ်မနေမို့ အသိပေးထားရသည်။ မောင်လေးသိလျှင် မလွယ်ပေ။

(၃)

"မနီလာ နိုင်တီတူးဖာလာနှပ်ဆေးနဲ့ ကွမ်းနှစ်ရာဖိုးပေး။ ဒီမှာ ဆေးလိပ်။ Ruby နှစ်လိပ်ယူတယ်။ အေးအေး ငါ့မောင် ၅၀၀ တန်ရော့ ၂၀၀ ပို" ဈေးဝယ်ကောင်လေးကို ပိုသည့်ပိုက်ဆံအမ်းလိုက်၏။

နီလာမှာ အရင်အလုပ် KTV ဆိုင်ထိုင်တဲ့အလုပ်ကိုမလုပ်တော့ဘဲ အေးရာအေးကြောင်း ကွမ်းယာဆိုင်လေးနဲ့ ကုန်ခြောက်ဆိုင်လေး တွဲဖွင့်ထားသည်။ မောင်လေးလုပ်သူက ကျောင်းသွား၊ အမေလုပ်သူက လူကြီးလည်း လူကြီးဖြစ်၊ ခါးကလည်း မကြာခဏနာတတ်တော့ နီလာတစ်ယောက်သာ ဆိုင်ထိုင်ရ၊ ကွမ်းရောင်းရလေသည်။

"မမ ငါကျောင်းသွားတော့မယ်။ နင်လည်း နော် ဈေးရောင်းတာသွက်သွက်ရောင်း။ ကွမ်းယာလေးဇန်းပြ၊ ကွမ်းယာလေးဝယ်သလိုနဲ့ နင့် လာရှိုးနေတဲ့ကောင်တွေ ငါကြည့်ရတာ မဟုတ်ဘူး"

"အေးပါ ငါ့မောင်ရယ်။ ဈေးရောင်းတာပဲ ဒီလောက်တော့ရှိမှာပေါ့"ဟု ပြန်ပြောလိုက်လေသည်။ ပြေးကြည့်မှ အမေရယ်၊ မောင်လေးရယ်၊ ကျွန်မရယ်သာရှိ၍ အလိုလိုက်ထားသဖြင့် မောင်လေးဇော်ဇော်မှာ ဆိုးချင်ပုံရ၏။ တစ်ခါတစ်ခါ သူငယ်ချင်းတွေစုပြီးလည်း သောက်စားတတ်သေးသည်။

(၄)

"မနီ လာဦး"

"ဟဲ့ ငဇော် ဘာဖြစ်လာတာလဲ။ အရေးကြီးသုတ်ပျာနဲ့။ မင်းအစ်မ ရှိပါတယ်"လို့ ဒေါ်မေရီ သားဖြစ်သူကိုလှမ်းပြောလိုက်ကာ

"ဟူး. . . ဒီကောင်လေး အစ်မလုပ်သူကို ဘာပြဿနာရှာဦးမလဲ"ဟု ဒေါ်မေရီ တစ်ယောက် စိတ်ထဲမှတွက်နေမိချေသည်။

နီလာ မီးဖိုချောင်လေးထဲမှထွက်လာကာ "ဘာဖြစ်ရမလဲ အမေရဲ့ အမေ့သမီးပေါ့။ ဟိုနေ့က သူ့ဆိုင်ရှေ့မှာ ရွှေငါးလား၊ ဘာငါးလဲမသိပါဘူး။ ကားအကောင်းစားကြီးစီးလာတဲ့ ဘဲကြီးတစ်ယောက်နဲ့ ရပ်စကားပြောနေတာ။ သားသူငယ်ချင်းတွေ မြင်လိုက်တယ်တဲ့။ အဲဒါ ဘယ်သူလဲ အမေ။ မနီနဲ့ ဘယ်လိုပတ်သက်တာလဲ"

"သူ့ရှာကျွေးရတယ်ဆိုပြီး ရှုပ်ရှုပ်ယှက်ယှက်တော့ မလုပ်နဲ့နော်။ သားနဲ့ ထိပ်တိုက်တွေ့ကြည့် မလွယ်ဘူးမှတ်။"

နီလာတစ်ယောက် ဘာမှမပြောလိုပါ။ အဲဒီနေ့ကပြဿနာ အမေ ဝင်ဖြေရှင်းပေးလိုက်လို့ ပြီးသွားပြီဆိုပေမယ့် မည်သို့ပင်ဆိုစေကာမူ ဒီလိုဆိုင်လေးဖွင့်နိုင်ဖို့ဆိုတာ လွယ်လှသည့်ကိစ္စမဟုတ်။ မောင်လေး ကျောင်းစရိတ်က ရှိသေးသည်။

တစ်ခုရလိုလျှင် တစ်ခုပေးဆပ်ရမည်။ ဒါကို မောင်လေးဇော်ဇော်တစ်ယောက် သိမည်မဟုတ်ပါ။ ကျွန်မလည်း ဖွင့်ပြောဖြစ်မှာမဟုတ်ပေ။ ကြောက်လို့တော့မဟုတ်။ မောင်လေးက အထက်တန်းကျောင်းသားဖြစ်နေပြီလေ။ သူရှက်သွားမှာကို မလိုလားပါ။

ကျွန်မစိတ်ထဲမှာတော့ စပွန်ဆာလို့ပဲခေါ်ရမလား။ စပွန်ဆာလိုပဲ အမည်တပ်ရမလား။ အရိပ်မည်းကြီးတစ်ခုလိုလိုက်နေတဲ့ ဟောဒီလူတချို့ရဲ့ကြားမှာ မောင်လေးနဲ့ထိပ်တိုက်မတွေ့ဖို့၊ ကင်းလွတ်ဖို့ကိုသာ ကျွန်မ အကြိမ်ကြိမ်ဆုတောင်းနေမိပါတော့သည်။ ။

ဆောင်းပါး

## မောင်မြင့်ဝင်း

# လူငယ်နှင့် အင်တာနက် အသုံးပြုမှု

ယခုခေတ်လူငယ်များ၌ ဖုန်းများကိုယ်စီရှိကြလေသည်။ အင်တာနက်ကို သုံးလိုက်ကြသည်မှာ ဆိုင်၌ ဖုန်းလာဝယ်လျှင် တခြားအရာများသာ မေ့ချင်မေ့ပေလိမ့်မည်။ အင်တာနက်အသုံးပြုခွင့်ရရန်ကျ မမေ့လျော့တတ်ကြ။ အများစုအသုံးပြုကြသည့် အင်တာနက်ဟူသည် ဖေ့စ်ဘွတ်၊ ဗိုက်ပါ စသော အပလီကေးရှင်းတွေသာ များသည်။

ထိုအရာများသည် ခေတ်နှင့်အညီ လူတိုင်းအသုံးပြုနေကြသည်ကို လက်ခံပါသည်။ သို့သော် အားလပ်ချိန်တိုင်း ထိုအရာများအသုံးပြုခြင်းအပေါ်၌ ဖြစ်နေသည်ကတော့ လုံးဝမဖြစ်သင့်ပါ။ ကိုယ့်ဘဝတိုးတက်ရန်အတွက် အကျိုးဖြစ်စေမည့်စာကောင်းများကို ဖတ်ရပေမည်။ အင်တာနက်သည် ဗဟုသုတရှာဖွေတတ်သူများအတွက် အဖိုးမဖြတ်နိုင်သော နေရာကြီးတစ်ခုဖြစ်ပါသည်။ အသုံးပြုပုံ ပြုနည်းများမှာလည်း မြန်မာလိုရေးသားထုတ်ဝေထားသည့် နည်းပညာစာအုပ်များစွာ ရှိနေပါသည်။

သို့သော် ထိုသူများ နေ့စဉ် ဖုန်းဆိုင်သို့လာရောက်ပြုပြင်နေသည့် ဖုန်းတစ်လုံး၏လိုအပ်ချက်များမှာ လွန်စွာခဲယဉ်းလှသည့်အရာများမဟုတ်ကြပါ။ အင်တာနက်မှ အလွယ်တကူရှာယူကာ အသုံးပြု၍ရသည့်အရာများ ဖြစ်ပါသည်။ ဖုန်းပြင်သမားများအတွက် အပြောတော့လွယ်သည်။ လက်တွေ့တွင် ခက်ခဲလွန်းလှသည်ဟု အတွန့်တက်စရာရှိသည်။ မဟုတ်ပါ။ စာရေးသူတို့ဖုန်းဆိုင်မှ ဖုန်းပြင်သမားများပင်လျှင် လိုအပ်သည့်အရာများကို အင်တာနက် စာမျက်နှာများထက်မှ ယူရသည်။ မသိသည်များကို အင်တာနက်မှာပင်ရှာဖွေကာ ဖတ်ရှုကြရသည်။ အင်တာနက် စာမျက်နှာများထက်၌ သိလိုသည့်အကြောင်းအရာများစွာကို မြန်မာလိုရော အင်္ဂလိပ်လိုပါ ရေးသားထားပါသည်။

ထိုသို့ရှာဖွေရာ၌ www.google.com ကို ရှေးဦးစွာနှိပ်၍ ထွက်ကျလာသည့်အကွက်၌ မိမိလိုအပ်သည့်အကြောင်းအရာကို ရိုက်နှိပ်ကာရှာဖွေနိုင်ပါသည်။ စာရေးသူသည် ဖုန်းဆိုင်ဖွင့်ထားသည့်အတွက် ထိုသို့ ဖွင့်ဟပြောနေခြင်းသည် မိမိ၏အကျိုးစီးပွားပင် ထိခိုက်နိုင်ပါသေးသည်။ သို့သော် တစ်လမှ သိန်းဂဏန်းမျှသာရသည့် စက်ရုံအလုပ်သမားများ၏ အခက်အခဲများ၊ ငွေကြေးကုန်ကျမှုများကို ချင့်ချိန်တွက်ဆကာ စိတ်မကောင်းဖြစ်မိ၍ ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။

ကိုယ်အကျိုးစီးပွားဖြစ်လျှင်ပြီးရောဟု စိတ်၌ သဘောမထားနိုင်ပါ။ လက်ရှိဖြစ်ပျက်နေသည့် လုယက်မှု၊ ခိုးမှု၊ ဓားပြမှုများသည် အဆင်မပြေမှုမှ ဖြစ်တည်လာခြင်းဖြစ်သည်။ ထိုသူများသည် လစာငွေထဲမှ ချွေတာစုဆောင်းကာ ဖုန်းတစ်လုံးဝယ်ယူခဲ့ရသည်။ အကြောင်းအမျိုးမျိုးကြောင့် ထိုဖုန်းလေးပျက်စီးခဲ့လျှင် နောက်ထပ်အသစ်တစ်လုံးမဝယ်နိုင်လျှင် လက်ရှိအသုံးပြုနေသည့်ဖုန်းကိုပင် သုံး၍ရအောင် ပြုပြင်ရပေလိမ့်မည်။ ထိုအခါ ငွေလိုအပ်လာမည်ဖြစ်သည်။ အခန်းငှားစရိတ်၊ စားစရိတ်များနှင့် ဖုန်းငွေဖြည့်ကတ်များ ဝယ်ယူခြင်း စသော လတစ်လ၏ ကုန်ကျစရိတ်များထဲမှ ရှန်းထွက်၍မရချိန် ပျက်စီးသွားသည့် ဖုန်းကို ထပ်မံပြင်ဆင်ရလျှင် ထိုသူသည် တရားသည့် နည်းရော မတရားသည့်နည်းတွေပါ ပြုလုပ်လာပေလိမ့်မည်။ တစ်ဦး၏လိုအပ်ချက်သည် အခြားတစ်ဦးအတွက် ဒုက္ခဖြစ်စေခြင်းသည် မဖြစ်သင့်။

မိမိဖုန်း၌ အင်တာနက်လည်းရှိနေပါလျက် လိုအပ်သော အပလီကေးရှင်းများကို ဆိုင်၌ ပိုက်ဆံပေးကာ သွင်းနေကြရသေးသည်။ ဥပမာ facebook, viber, zapya စသော အပလီကေးရှင်းများသည် ဆိုင်သို့သွားရောက်သွင်းရန် မလိုသည့်အရာများဖြစ်သည်။ ဆိုင်သို့သွားရောက်သွင်းလျှင် အနည်းဆုံး ငါးရာ၊ အချို့ဆိုင်များဆိုလျှင် တစ်ထောင်ခန့် တောင်းနေကြသေးသည်။ ကိုယ့်ဖုန်း၌ အင်တာနက်ချိတ်ပြီး google မှဒေါင်းလိုက်လျှင် အလွန်ဆုံးကုန်လျှင် နှစ်ရာခန့်မျှသာကုန်သည်။ ပိုလျှံသောငွေကို တစ်နေ့တာ ဟင်းစားအဖြစ် အသုံးပြုနိုင်သလို လိုအပ်နေသည့်ဖုန်းဘေအတွက် အသုံးပြုနိုင်သေးသည်။

ယနေ့ အင်တာနက်အသုံးပြုနေကြသူများသည် facebook, viber စသည်တို့၌သာ အသုံးပြုသူများနေကြသည်။ အလုပ်မှ ညအခါ ပင်ပန်းထားသမျှ လိုင်းပေါ်၌ တက်၍ မိသားစုချင်း၊ သူငယ်ချင်းအချင်းချင်း၊ အချို့ ချစ်သူများနှင့် ပြောဆိုဆက်သွယ်ခြင်းကို အပြစ်မပြောလိုပါ။ သို့သော် ဖေ့စ်ဘွတ်၌တင်ထားသည့် အသိဉာဏ်ဖြစ်စေမည့်စာများ၊ ဘဝတိုးတက်စေမည့် နည်းပညာရပ်များကိုလည်း လေ့လာသင့်လှပါသည်။ ယနေ့ခေတ်သည် မိုင်ပေါင်းများစွာဝေးကွာသည့် နိုင်ငံရပ်ခြားတိုင်းပြည်များသို့ ကိုယ်တိုင်သွားရောက်ကာ လေ့လာကြည့်ရှုစရာမလိုတော့။ လက်ထဲမှဖုန်းတစ်လုံးဖြင့် ကမ္ဘာတစ်ခုလုံးသို့လှည့်ကာ လေ့လာခွင့်ရနေသည့်ခေတ်ဖြစ်သည်။ ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ ပြောင်းလဲမှုတွေ ဆက်တိုက်ဖြစ်ပေါ်နေပါသည်။

ကမ္ဘာကြီးတိုးတက်နေသည်။ မိမိနှင့်မဆိုင်ဟု သဘောထား၍မရတော့။ မိမိနှင့်ဆိုင်သော နိုင်ငံရပ်ခြားမှ နည်းပညာရပ်များကို လေ့လာသင်ရပါမည်။

စာရေးသူ၏ အစ်ကိုဝမ်းကွဲဆိုလျှင် ကနေဒါနိုင်ငံ၌ နေထိုင်ပြီး သူသင်ယူချင်သည့် အဘိဓမ္မာတရားတော်များကို အင်တာနက်မှ လေ့လာသင်ယူပြီးမြောက်ခဲ့သည်။ ထို့ကြောင့် အင်တာနက်သည် အသုံးပြုတတ်လျှင် အဖိုးမဖြတ်နိုင်သည့် ဗဟုသုတအိုးကြီးဖြစ်ပါသည်။ ကိုယ်တိုင်က အကျိုးရှိစွာအသုံးပြုတတ်ဖို့သာလိုသည်။ လွဲမှားစွာအသုံးပြုခဲ့လျှင်တော့ ဘဝပျက်ခြင်းဖြင့်သာ ကြုံတွေ့ရမည်ဖြစ်ပါသည်။

အချို့မိဘများသည် သူတို့သားသမီးများအား ငယ်ရွယ်စဉ်ဖြစ်သည့်အတွက် အင်တာနက်သုံးခွင့် ပိတ်ပင်တတ်သေးသည်။ ဘေးမဖြစ်စေအောင် ကာကွယ်သည့် မိဘများ၏ရင်တွင်းမှပေါက်ပွားလာသည့် သားသမီးအပေါ် ချစ်စိတ်အား အပြစ်မဆိုရက်ပါ။ သို့သော် စနစ်တကျအသုံးပြုတတ်အောင် သင်ကြားလမ်းညွှန်ပေးမည်ဆိုလျှင် အင်တာနက်သည် ဘဝတက်လမ်းများစွာဖြစ်စေပါသည်။

ထို့ကြောင့် မိမိသည် အချိန်မရ၍ ဘဝတက်လမ်းအတွက် အတတ်ပညာများအား ရှာဖွေချိန်၊ သင်တန်းတက်ချိန်မရှိဟူ၍ စိတ်အားမငယ်သင့်ပါ။ အတတ်ပညာများသည် ကိုယ်နှင့်အမြဲရှိနေပါသည်။ ရှာဖွေလေ့လာတတ်ဖို့သာ လိုပါသည်။ facebook, viber အသုံးပြုသည့်အချိန်များမှ အချိန်အနည်းငယ်အား ဘဝတက်လမ်းဖြစ်စေသည့် အတတ်ပညာ၊ အသိဉာဏ်ဖြစ်စေသည့် စာပေများအား လေ့လာဖတ်ရှုသင်ယူကြရပါမည်။


အဓိကအရာသည် လေ့လာသင်ယူချင်သည့်စိတ်ဖြစ်သည်။ လေ့လာမှုအားကောင်းလေ ကျွမ်းကျင်လာလေ ဖြစ်လာပေမည်။

မလေ့လာဘဲ လက်မှိုင်ချည်းတွားကာ အခြားသူများ တိုးတက်ကြီးပွားအောင်မြင်နေသည်များကိုကြည့်ကာ အားကျစိတ်တစ်ခုတည်း၌သာ ရပ်တန့်နေမည်ဆိုလျှင် အခြားသူများ၏ ကျော်နင်းခွကျော်သွားခြင်းကို ခံရရုံသာ ဖြစ်ပေလိမ့်မည်။ မိမိသည် မိဘနှစ်ပါးမှမွေးဖွားလာကတည်းက ခြေနှစ်ဖက်၊ လက်နှစ်ဖက်နှင့် စဉ်းစားတွေးခေါ်မှုဦးနှောက် အပြည့်အစုံပါလာခဲ့သည်။ ထို့အတူ အခြားသူများ၌လည်း မိမိနှင့်အတူပါလာသည်သာ ဖြစ်သည်။ သို့ပါလျက် မိမိက အခါအခွင့်မသင့်၍၊ သူ့လို သင်တန်းမတက်နိုင်၍၊ သူ့လိုပိုက်ဆံမရှိ၍ စသောဆင်ခြေများနှင့် လက်ရှိအလုပ်အခြေအနေမှ ရုန်းမထွက်နိုင်ခြင်းဟူသည် မဖြစ်သင့်ပါ။ ဆင်းရဲနေခြင်းသည် အပြစ်မဟုတ်။ ဆင်းရဲခြင်းမှ ရုန်းမထွက်နိုင်ခြင်းသာ အပြစ်ဖြစ်၏ဟု ပညာရှင်တစ်ဦးက ဆိုခဲ့သည်။

ထို့ကြောင့် လက်ရှိအနေအထားမှ မိမိကိုယ်တိုင် ပြောင်းလဲ ပစ်ရပါမည်။ မိမိဘဝသည် မိမိစီမံသည့်အတိုင်း ဖြစ်လာမည်သာ ဖြစ်ပါသည်။ မိမိမှတစ်ဆင့် မိသားစု၊ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးတိုးတက်အောင်၊ ပြောင်းလဲအောင် အင်တာနက်ပေါ်မှ နည်းပညာရပ်များအား တန်ဖိုးရှိအောင် အသုံးချကြပါဟူ၍ တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ဆောင်းပါး

# မြန်မာ့ယဉ်ကျေးမှုအနုပညာကို မြတ်နိုးကြစေလို



ရှင်းရှင်းသန့်
အထက(၂)စမ်းချောင်း

"နွေမိန်တပေါင်း. . နေရှိန်လောင်း. . ရွက်ဟောင်းကြွေကျမြေခခဲ့ပြီလေ" ဟု ကျွန်မသီဆိုမိနေလေ၏။ နွေရာသီသို့ပင် ရောက်ခဲ့ပါပေတကား။ ကျွန်မသည် နွေရာသီအပူရှိန်ကြောင့် အိမ်အပြင်မထွက်ဘဲ ကျွန်မလုပ်စရာရှိတာလေးတွေကို လုပ်ရင်းကိုင်းရင်း ကျွန်မချစ်သော၊ မြတ်နိုးသော၊ တန်ဖိုးထားသော မြန်မာသံစဉ်သီချင်းလေးတစ်ပုဒ်ကို သီဆိုရင်းအလုပ်များကိုလုပ်ကိုင်နေပါသည်။

မြန်မာ့ဂီတအနုသုခုမကို ကျွန်မငယ်စဉ်ကတည်းကပင် မြတ်နိုးတန်ဖိုးထားကာ မြန်မာ့ဂီတနှင့်အကျွမ်းတဝင်ရှိသူတစ်ယောက်ဖြစ်ခဲ့ပါသည်။ ငယ်စဉ်ကပင် အနုပညာပိုးပါလာသည်ဟုထင်ပါသည်။ ထိုအနုပညာပိုးသည် ကျွန်မငယ်စဉ်(မူကြို)လောက်က စတင်ရှင်သန်လာခဲ့သည်။ ကျွန်မသည် မူကြိုတွင် အနုပညာနှင့်ပတ်သက်သော "အက"ကို ပထမဆုံးစတင်စိတ်ဝင်စားလာခဲ့သည်။ ကျွန်မသည် အကကို အထူးခုံမင်နှစ်သက်ခဲ့ပါသည်။ ကျွန်မသည် ကျောင်းကပွဲများတွင်လည်း ခေါင်းဆောင်ကာကရပါသည်။

ကျွန်မခြောက်တန်းရောက်သည့်အချိန်တွင် ကျွန်မတို့ကျောင်း အထက (၂)စမ်းချောင်းတွင် စောင်းပညာကိုသင်ယူရန် မျိုးဆက်သစ်စောင်းဝါသနာရှင်များ ခေါ်ယူခဲ့ပါသည်။ အစပိုင်း၌ အတီးပညာကို အကပညာလောက် စိတ်မဝင်စားပါ။ သို့သော်မည်သည့်အကြောင်းကြောင်းကြောင့်မှန်းမသိ စောင်းအတီးပညာအား သင်ယူချင်စိတ် တဖွားဖွားပေါ်လာပါသည်။ ကျွန်မသည် စောင်းအတီးပညာကို စတင်၍ စိတ်ပါလက်ပါသင်ယူခဲ့ပါသည်။ နောက်ပိုင်း၌ ကျောင်းပွဲများတွင် ပါဝင်ဖျော်ဖြေနိုင်သည်အထိ စောင်းကို အတော်အသင့် တီးခတ်တတ်သွားကာ အတီးပညာကိုလည်း အထူးခုံမင်နှစ်ခြိုက်သွားပါသည်။ စောင်းအတီးပညာသည်ကား ခက်ခဲနက်နဲသော ပညာရပ်ဖြစ်ကြောင်း၊ သို့သော် မိမိကိုယ်တိုင် ဝီရိယရှိရှိစိတ်ရောကိုယ်ပါနှစ်ကာ စနစ်တကျသင်ယူပါက စောင်းအတီးပညာသည် ထင်သလောက်မခက်ခဲကြောင်း အာမခံပါသည်။ အစပိုင်း၌ လူတို့၏ပင်ကိုသဘောအရ သူတစ်ပါးကို အဆန်းမြင်လျှင် နောက်ချင်တတ်ကြသည်မှာ သဘာဝပင်ဖြစ်သည်။ ကျွန်မစောင်းပညာကို စတင်သင်ယူစဉ်က ကျောင်းတွင် အမြဲလှောင်ကျင့်ရပါသည်။ လေ့ကျင့်ရေးခန်းသို့ စောင်းကိုပိုက်ကာသွားရပါသည်။ ထိုသို့စောင်းပိုက်ကာ လမ်းလျှောက်နေသော ကျွန်မပုံစံကိုမြင်ကာ ကျွန်မကို နာမည်ပြောင်များ ပေးထားကြပါသည်။ အချို့က "ဦးရှင်ကြီး ညီမ"၊ အချို့က "စောင်းအိုရှင်"ဟု ကျွန်မကို နာမည်ပြောင်များ ပေးထားကြပါသည်။

အနည်းစုက ကျွန်မကို နာမည်ပြောင်များပေးကာ ကျွန်မစောင်းတီးသည်ကို 'စ' စရာ 'နောက်' စရာ သဘောထားကာ အချို့က စောင်းတီးပညာကိုနှိမ်ချင်သည့် သဘောမျိုးရှိသည်။ ဒေါသထွက်သော်လည်း သူတို့အား မြန်မာတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်သော စောင်းတီးပညာကိုပင် တန်ဖိုးမထားတတ်သော သနားစရာလူများဟု မျက်ကွယ်ပြုလိုက်ပါသည်။

ကျွန်မသည် အဆိုပညာကိုလည်း ခြောက်တန်းနှစ်မှာပင် စတင်နှစ်သက်ခဲ့သည်။ ကျွန်မစာလုပ်နေသည့် အချိန်၌ မေမေသည် ကျွန်မစာလုပ်နေသည်ကိုစောင့်ပေးရင်း သီချင်းလေးညည်းကာ အလုပ်လုပ်နေတတ်ပါသည်။ မေမေသည် ကျွန်မစာလုပ်နေသည့်အချိန်တိုင်း ထိုကဲ့သို့ အမြဲသီချင်းလေးညည်းနေတတ်သည်။ အချိန်ကာလကြာကြာ ထိုသံစဉ်သီချင်းများ ကြားလာသည်နှင့်အမျှ ကျွန်မရင်ထဲသို့ မြန်မာသံစဉ်သီချင်းများ ဝင်ရောက်နေရာယူလိုက်ပြီဖြစ်သည်။ အစပိုင်းအချိန်များ ကျွန်မလိုက်ဆိုဖြစ်သည်။ လိုက်ဆိုရင်း နောက်ပိုင်း၌ သီချင်း၏ အဓိပ္ပာယ်ကို နားလည်သဘောပေါက်လာသည်။ သီချင်း၏ အဓိပ္ပာယ်ကိုလည်း နားလည်သဘောပေါက်လာသည်နှင့်အမျှ ထိုအဓိပ္ပာယ်ကို ရင်နှင့်ခံစားလာတတ်ပြီး မြန်မာသံစဉ်သီချင်းများ၏ အနှစ်အရသာကို ကောင်းကောင်းနားလည်လာပါသည်။ ထိုအချိန်မှစ၍ ကျွန်မသည် စာလုပ်သည့်အခါ၌ဖြစ်စေ၊ အိမ်အလုပ်ကူလုပ်ပေးသည့်အခါ၌ဖြစ်စေ မြန်မာသီချင်းလေးတစ်ပုဒ်ပုဒ်ကို ညည်းရင်းသော်လည်းကောင်း၊ သီဆို၍သော်လည်းကောင်း အလုပ်လုပ်တတ်လာသည်။ ထို့ကြောင့် ကျောင်း၌လည်း ကျွန်မသည် ကျွန်မသူငယ်ချင်းများကိုဆိုပြချင်လာသည်။ ထို့ကြောင့် ကျောင်းတွင် အားလပ်သည့်အချိန်၌ သူငယ်ချင်းများကို ကျွန်မအကြိုက်ဆုံးမြန်မာသီချင်းတစ်ပုဒ်ကို ဆိုပြလိုက်ပါသည်။ သီချင်းမဆုံးခင်အချိန်မှာပင် ကျွန်မဝမ်းနည်းတစ်ဝက်၊ ဒေါသဖြစ်တစ်ဝက်ခံစားမှုကို ခံစားလိုက်ရသည်။ အကြောင်းမှာ ကျွန်မသူငယ်ချင်းတစ်ယောက်က "နင်မြန်မာသီချင်းကြီးမဆိုနဲ့ဟာ၊ အလိုလိုမှ အိပ်ချင်နေပါတယ်ဆိုမှ၊ ပျင်းစရာကောင်းအောင်" ဟု ကျွန်မကို ပြောပြလာပါသည်။ ကျွန်မဒေါသသည် မီးတောင်ပေါက်ကွဲသကဲ့သို့ ထောင်းခနဲ ပေါက်ကွဲသွားပါသည်။ ထို့နောက်မှ ဝမ်းနည်းစိတ်သည် အလိုလိုကပ်ပါလာပါသည်။ ကျွန်မစိတ်ထဲတွင် တော်တော်စိတ်မကောင်းဖြစ်သွားပါသည်။ နောက်တစ်ယောက်ရှိသေးသည်။ ကျွန်မသည် အခြားသူငယ်ချင်းများကို ကျွန်မတို့ မြန်မာနိုင်ငံရှိအမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်အကြောင်း မည်မျှကောင်းကြောင်း ပြောမည်ဟု စကားစလိုက်သည်။ သို့သော် ကျွန်မပြောနေသည့်အချိန်၌ ကျွန်မ၏ အရင်းနှီးဆုံးသူငယ်ချင်းတစ်ယောက်က "အဲဒီတက္ကသိုလ်ကိုငါသိတယ်လေ၊ အမှတ်အနည်းဆုံး၊ အညံ့ဆုံးတွေ တက်တာပဲ" လို့ဝင်ပြောသည်။ ကျွန်မသည် "ဟင်" ခနဲဖြစ်သွားသည်။ကျွန်မတို့နိုင်ငံတွင် တက္ကသိုလ်ဝင်ခွင့်များကို အမှတ်ဖြင့် ဆုံးဖြတ်ပါသည်။ ဤသည်မှာ အမှတ်နိမ့်သူများသာ ထိုတက္ကသိုလ်သို့ဝင်သည်ဟု သူ့စိတ်ထဲတွင် မှတ်ယူထားသောကြောင့် ဖြစ်လိမ့်မည်ဟုကျွန်မထင်ပါသည်။ ကျွန်မအမှန်ကို ပြောပြလိုက်ပါသည်။ အမှန်ကား အမှတ်အနည်းအများနဲ့ ဝင်ခြင်းမဟုတ်၊ ငယ်စဉ်ကပင် အနုပညာ ဗီဇပါလာသူများ၊ အနုပညာကို ဝါသနာထုံသူများ၊အနုပညာအရည်အသွေးမြင့်မားသူများ၊ ထိုကဲ့သို့ လူမျိုးများသည် မိမိတို့၏ နှလုံးသားထဲမှလာသည့် အနုပညာကြောင့် ထိုကျောင်းကိုဝင်ခြင်းသာဖြစ်သည်။ ထိုသို့ ရှင်းပြသော်လည်း သူသည်နည်းနည်းလေးမှ နားမထောင်ပါ။ စိတ်မဝင်စားသောသူ့ကို ကျွန်မသည် လျစ်လျူရှုထားလိုက်ပါသည်။

ဤဆောင်းပါးကို ရေးသားရခြင်း၏ ရည်ရွယ်ချက်မှာ အထက်ပါအကြောင်းတရားများကြောင့် ဖြစ်သည်။ ခေတ်တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းလဲလာသည်နှင့်အမျှ အသစ်အသစ်များ ပေါ်ပေါက်လာသည်။ ထိုကဲ့သို့ အသစ်အသစ်များ ပေါ်ပေါက်လာသည်နှင့်အမျှ ထိုအသစ်အသစ်နောက်သို့ လိုက်ချင်ကြသည်။ နောက်သို့ လိုက်သူများလည်း များလာသည်။ ဆိုလိုသည်မှာ လူငယ်အများစုသည် ပြောင်းလဲတိုးတက်လာသော ဂီတရေစီးကြောင်းနှင့်အတူ မျောပါချင်ကြသည်။ လူငယ်များသည် ခေတ်ပေါ်တေးဂီတသီချင်းအမျိုးအစားပေါင်းစုံ၊ အနုပညာပေါင်းစုံကို မြတ်နိုးလာကြသည်။ သို့သော် မြန်မာ့ယဉ်ကျေးမှုကို မေ့လျော့နေတတ်ကြသည်။ ယဉ်ကျေးမှုတွင်လည်း ထိုနည်းတူစွာပင်ဖြစ်သည်။ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော အဝတ်အစားများကို ဝတ်ဆင်လာကြသည်။ အင်တာနက်ခေတ်ဖြစ်သောကြောင့် တိုင်းတစ်ပါးယဉ်ကျေးမှုများ ဝင်ရောက်လာသည်။ ထိုယဉ်ကျေးမှုအတိုင်း မြန်မာလူမျိုးများ ဝတ်ဆင်လာကြသည်။ မလုံ့တလုံ၊ ဗိုက်ပေါ်၊ ခါးပေါ်၊ ရင်ပေါ်၊ ဘေးခွဲ၊ နောက်ခွဲ၊ အလယ်ခွဲအင်္ကျီအဝတ်အစားများကို ဝတ်ဆင်လာကြသည်။ ထိုသည်မှာ မကောင်းပါ။ လုံလုံခြုံခြုံနှင့် ယဉ်ယဉ်ကျေးကျေး လှလှပပဝတ်တတ်လျှင် လှပါသည်။ သို့သော် ယနေ့ခေတ်လူများသည် ထိုသို့မဟုတ်ပါ။ အတွေးအခေါ်များ လွဲမှားနေကြသည်။ နိုင်ငံခြားစတိုင် ထိုသို့ဝတ်ဆင်ပါမှ လူကြားထဲတွင် ထင်ပေါ်မည်ဟု အတွေးအခေါ်များ မှားယွင်းနေကြပါသည်။ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်လျှင် မည်မျှပင် လှပပြီး ကျက်သရေရှိလိမ့်ပါမည်နည်း။ စာဖတ်ပရိသတ်များ မြန်မာ့ယဉ်ကျေးမှုနှင့်ပတ်သက်၍ နက်နက်နဲနဲ တွေးခေါ်စဉ်းစားကြည့်ပါက အမြင်မှန်ရနိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ပြောင်းလဲတိုးတက်လာသည့်ကမ္ဘာကြီးနှင့်အတူ ပြောင်းလဲတိုးတက်လာသည့် ခေတ်ရေစီးကြောင်းကို လိုက်ပါပြောင်းလဲနိုင်ပါသည်။ သို့သော် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကိုမထိခိုက်စေဘဲ၊ မတိမ်ကောစေဘဲ ပြောင်းလဲကြပါ။ မြန်မာ့အနုပညာကို တန်ဖိုးထားထိန်းသိမ်းပေးကြပါ ဟုတိုက်တွန်းချင်ပါသည်။ ထိုနည်းတူစွာ မြန်မာ့ယဉ်ကျေးမှုအနုပညာကို ထိန်းသိမ်းတန်ဖိုးထားသူများပြားလာကာ မြန်မာ့ယဉ်ကျေးမှုအနုပညာကို တန်ဖိုးမထားတတ်ကြသူများနည်းပါးလာကာ ထိုသူများ မြန်မာ့ယျဉ်ကျေးမှုအနုပညာ၏ အနှစ်အရသာကို ခံစားသိမြင်လာတတ်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ရပါသည်။ ။

## မောင့်ချစ်သူ

- ရန့်ကယ်တဲ့ မွှေးကြူကြူ
  အဆင်းအလှ တိမ်လိုဖြူ။
- ခူးဆွတ်ယူကာ ဖွဲ့သီကုံး
  လှပျိုမေတို့ ဆံမြိတ်ထုံး။
- စံပယ်ကုံးလေး ခင့်ကေသာ
  ပါးကွက်ထူနဲ့ ယဉ်လှတာ။
- ရွှေချည်ရင်ဖုံး နန်းဟန်သုံး
  မယ်ရွှေမြန်မာ အလှဆုံး။
  ယစ်မူးစိတ်ဝယ်ဖုံး။

ကျွန်းခက်
ရန်ကုန်(ဗဟန်း)

## အလှဆုံးဖြစ်စေချင်

- မောင်တို့မယ်တို့ အလှဆင်
  ယဉ်ကျေးမှုနဲ့ပြင်။
- ခန္ဓာစဉ်လေး လှစေချင်
  မေတ္တာလိမ်းပါလျှင်။
- နှုတ်ခမ်းပြင်လေး အလှပြင်
  သစ္စာဆေးဆိုးလျှင်။
- စိတ်အစဉ်လေး ရွှရွှပြင်
  ခန္တီဆေးသောက်လျှင်။
- လောကတွင် အလှဆုံး
  ပြိုင်သူလာတိုင်းရှုံး။

သာကီနွယ်(နတ်မောက်)

## ပျိုးတတ်ပါစေ

- မျိုးစေ့မှန်
  ပင်သန်စေအသိ၊
  အရိုင်းသင် ပြုပြင်ပျိုးမှ
  မျိုးစေ့မှန်၏။
- ပန်းကောင်းလို
  အပင်ကိုပျိုး။
  အကိုင်းခက်မြင်အောင်ပွဲ
  အရိုင်းတက်ကြဉ်ပါလို့
  ပေါင်းသင်ကာ ရေလောင်းရတယ်
  ပန်းလှဖြစ်တိုး။
- ဖူးတံရယ် ငုံတသင်းနဲ့
  လေညင်းက သယ်ဆောင်ယူ
  သင်းတလူလူ။
  မွှေးပျံ့လိုကြူ
  ချူလိုသူ ပေါသော်ငြား။
  ပန်းတန်ဖိုး အမှန်မြင့်လေတော့
  ကြံလင့်သူရှား။
- နေရောင်ခြည် ထိုးဖောက်လည်း
  စိုးကြောက်စရာ့ မရှိတယ်၊
  မြေဩဇာ နိုင်နိုင်ပက်လို့
  ဖျက်ပိုးကာကွယ်၊
  ရေဖျန်းသင့် ဖျန်းလို့ရယ်
  လန်းဖို့ရွယ် ပျိုးထောင်ရ၊
  ပန်းအလှလိုလျှင်
  ကြိုတင်ကာ နည်းလမ်းကောင်းနဲ့
  ပေါင်းသင်နိုင်မှ။ ။

လင်းလက်နွယ်

## ကဗျာလက်ဆောင်

- ချစ်သူအတွက်
  မက်လောက်စရာ အသပြာနှင့်
  သာယာပေ့ကွယ် ပန်းခြံကျယ်နှင့်
  ထည်ဝါခမ်းနား တိုက်တာကားနှင့်
  များလှဥစ္စာ ရတနာကို
  ငါလေမပေးနိုင်သေး၍. . .
- ချစ်သူရေ
  ရဲရဲနီစွေး နှလုံးသွေး၌
  လေးလေးနက်နက် အချစ်ထပ်ကာ
  မြတ်မြတ်နိုးနိုး အလွမ်းတိုး၍
  ကြိုးကြိုးစားစား မောင့်ခွန်အားဖြင့်
  သက်ထားအတွက် သီကုံးစပ်သည့်
  အသက်ပမာ မောင့်ကဗျာအား
  မှတ်ပါလက်ဆောင်အဖြစ်သို့. . .
- ချစ်သူအတွက်
  လက်ဆောင်ပဏ္ဏာ မောင့်ကဗျာသည်
  ကြင်နာခြင်းတွေ ရန့်ဝေ၍
  ပျော်စေပါကြောင်း မေတ္တာလောင်းကာ
  မပြောင်းသစ္စာ ကရုဏာဖြင့်
  ခါခါရစ်ပတ် အထပ်ထပ်မို့
  မပျက်စီးပါ အသချေထိ
  ရှည်ကြာမြဲ၍တည်တော့မည်. . .

စိုးမင်းနိုင်(ကျောင်းဆရာ)

## ကွက်လပ်တစ်ခုရဲ့ အဖြေ

- ဘဝကိုလည်းပြန်ကြည့်လိုက်တော့
  မွစာကြဲနေတဲ့ခေါက်ရိုးတွေက အထပ်လိုက်
  ပြင်လို့မရတဲ့ အတိတ်ကိုလည်း
  အိပ်မက်မမက်ဘူး
  မရေရာမသေချာတဲ့ အနာဂတ်ကိုလည်း
  အိပ်မက်မမက်ဘူး
  ပစ္စုပ္ပန်ကိုတည့်တည့်ရှု
  ဒီကနေ့အဆင်ပြေမှုကိုပဲ
  ဖြေရှင်းနေရတဲ့ ပုစ္ဆာမှာ
  အခြေခံလူတန်းစားတွေအတွက်
  အနတ်လက္ခဏာကပုံသေ။
- ပညာမဲ့လူတန်းစား
  ဓနမဲ့လူတန်းစားမှာ
  ဝင်ငွေကျပ်တည်းမှုကို ဝင်ငွေနဲ့ပဲချောင်လည်
  ချောင်လည်နေရင်းနဲ့လည်း ကျပ်တည်း
  ဒီကြားထဲ
  အလုပ်တွေက ရှား
  ဝင်ငွေပြားပြားအောက်မှာ
  ခေါင်ခိုက်နေတဲ့ဈေးကွက်ကိုလည်း
  အချောင်မနှိုက်ချင်ဘူး
  ဖိနပ်သားရေပဲကောက်ရောင်းရတော့မလိုလို
  ကော်ပဲကောက်ရောင်းရတော့မလိုလိုနဲ့
  နောက်တော့လည်းရောင်းလို့ရသမျှတွေ့ကရာကောက်
  ဝမ်းမခြောက်ဖို့အတွက်
  ကော်ဝယ်တဲ့ဆိုင်ဘက် ခြေဦးလှည့်ခဲ့တယ်။

နွေ(အဖျောက်)

